မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၈ ရက်၊ တနလင်္ဂါ၊ အတွဲ [၅၄]၊ အမှတ် [၂၄၆]

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

ပြည်သူ့ဆေးရုံကြီးများသို့ လူနာများ ပိုမိုအားထား ကုသမှုရှိလာသဖြင့် လူနာများကို နွေးထွေးစွာဆက်ဆံကုသ

သတင်း၊ စာ-၃

ခြေစွမ်းပြလျက်ရှိသည့် မြန်မာအသင်း သုံးပွဲဆက်တိုက် အနိုင်ရ

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်(ခေတ္တစင်ကာပူ)

စင်ကာပူ ဇွန် ၇

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယနေ့ညပိုင်းက စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်းဌာ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက ၎င်းဝိုး-တစ်ဝိုးဖြင့် ဝိုးပြတ်အနိုင်ရရှိခဲ့သည်။ ယခုဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုပွဲစဉ်တစ်လျှောက်ခြေစွမ်းပြနေသည့် မြန်မာယူ-၂၃ အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး သုံးပွဲဆက်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် အနည်းငယ်ရှုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ပုံစံကောင်းပြသကာ ဝိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း ယခုပွဲအနိုင်ရရှိခဲ့သောကြောင့် ဆီမီးအဆင့်သို့တက်ရောက်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ ဒဏ်ရာရနေသည့် နောက်ခံလူ ဝင်းဇင်ဦးမှ လွဲ၍ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်ပွဲဆက်ရှုံးထား သည့် ဖိလစ်ပိုင်အသင်းမှာလည်း အမှတ်ရရှိရေးအတွက် အားထည့်ကစားခဲ့ရာ မြန်မာအသင်းမှာ ခက်ခက်ခဲခဲကစားခဲ့ရသည်။ ပထမပိုင်းတွင် မြန်မာအသင်းကစားပုံ ထင်သလောက် မကောင်းခဲ့ဘဲ ၁၆ မိနစ်တွင် ဝိုးစပေးခဲ့ရသည်။ ဖိလစ်ပိုင်အသင်းအတွက် ဦးဆောင်ဝိုးကို အသင်းခေါင်းဆောင် ပီလောင်ဂိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်း၏ဦးဆောင်မှုမှာ ခဏသာကြာခဲ့ပြီး

စာမျက်နှာ ၈ ကော်လံ ၅ ✻

မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

မြန်မာပရိသတ်များ တစ်ခဲနက်အားပေး

မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ပွဲတွင် စင်ကာပူရောက် မြန်မာပရိသတ်များ၏ ကွင်းလုံးပြည့်မျှ တစ်ခဲနက် အားပေးမှုကလည်း မြန်မာ ဘောလုံးသမားများကို အားတက်စေခဲ့သည်။

ဓာတ်ပုံ - MFF

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မဲစာရင်းကြိုတင်ကြည့်ကြစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် တဖြည်းဖြည်းနီးကပ်၍လာလေပြီ။ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင်ကျင်းပသွားရန် သက်ဆိုင်ရာက ကြေညာထားသည်။ ရွေးကောက်ပွဲသည် တစ်မျိုးသားလုံး၏ အရေးကိစ္စ ဖြစ်သည့်အလျောက် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးရန်တာဝန်ရှိပါသည်။ သို့ရာတွင် မိမိတို့၏အမည်ပါ၊ မပါ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကော်မရှင်က သတ်မှတ်ထုတ်ပြန်ထားသည့် ရက်များအတွင်း ကြိုတင်သွားရောက်ကြည့်ရှုထားဖို့လိုပါသည်။ သို့မှသာ ရွေးကောက်ပွဲကျင်းပသည့်အခါ အဆင်သင့်မဲပေးနိုင်မည်ဖြစ်ပါသည်။

ကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးနောက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများ အလိုက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲ (ရပ်ကျေး ကော်ခွဲ) အသီးသီးက ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။ ထိုအခါ မဲဆန္ဒရှင်များအနေဖြင့် ကြေညာသည့် နေ့မှစ၍ ခုနှစ်ရက်အတွင်း ဖြည့်စွက်၊ ပြင်ဆင်၊ ကန့်ကွက်ခြင်းများကို ဆောင်ရွက်နိုင်ကြပါသည်။ ဤသို့ကြေညာသည့်အခါတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများဖြစ်စေရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ မှစ၍ အခြေခံမဲဆန္ဒရှင်စာရင်း ကွန်ပျူတာသွင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အသီးသီးတွင် အဆင့်လေးဆင့်ဖြင့်အင်တိုက်အားတိုက် ကြိုတင်ဆောင်ရွက်ခဲ့ကြရပါသည်။

ပြုစုရရှိသည့် မဲစာရင်းများကို လေးကြိမ်ခွဲ၍ ထုတ်ပြန်ကြေညာပေးရန် စီစဉ်ထားသည်နှင့်အညီ ပထမအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ မြို့နယ်တွင် (၃၀-၃-၂၀၁၅) ရက်နေ့မှ (၁၂-၄-၂၀၁၅) ရက်နေ့အထိ ၁၄ ရက်တိုင်တိုင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာပေးခဲ့ပါသည်။ ဒုတိယအကြိမ်အဖြစ် (၂၅-၅-၂၀၁၅) ရက်နေ့မှ (၇-၆-၂၀၁၅) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ၁၄ မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တို့တွင် မဲစာရင်းများကြေညာခဲ့ပါသည်။ ယခုတတိယအကြိမ်အဖြစ် ၈-၆-၂၀၁၅ ရက်နေ့မှ ၂၁-၆-၂၀၁၅ ရက်နေ့အထိ ကယား၊ ကရင်၊ ချင်း၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ စစ်ကိုင်း၊ ရွှေဘို၊ ဝုံရွာ၊ ယင်းမာပင်နှင့် တမူးခရိုင်များ၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်နှင့်မြိတ်ခရိုင်၊ ပဲခူးတိုင်းဒေသကြီးမှ ပဲခူးခရိုင်၊ မန္တလေးတိုင်းဒေသကြီးမှ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်နှင့် မြင်းခြံခရိုင်များ၊ ရှမ်းပြည်နယ်မှ တောင်ကြီး၊ လွှိုင်လင်၊ လင်းခေးခရိုင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားပါသည်။

လာမည့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးဖို့ ဆုံးဖြတ်ထားပြီဆိုလျှင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်နှင့်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကာမိမိ၏အမည်စာရင်းပါ မပါ သတ်မှတ်ရက်အတွင်း ကြိုတင်သွားရောက် ကြည့်ရှုထားရမည်ဖြစ်ပါသည်။ အကယ်၍ မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့်လည်းကောင်း၊ အချက်အလက်များမှားနေလျှင် ပုံစံ(၄-ဂ)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများဖြစ်ပါက ပုံစံ(၄)ဖြင့်လည်းကောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ပင် လျှောက်ထားကြရမည်ဖြစ်ပါသည်။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝကပုံစံ(၆၆/၆)ရှိသော မြို့နယ်မှမဲစာရင်း၌သာ ပါဝင်မည်ဖြစ်ပါသည်။ သို့ပါ၍ အသည်းကြားက မဲတစ်ပြားဆိုသည့်အတိုင်း မိမိတို့၏မဲပေးခွင့်များမဆုံးရှုံးစေရေးအတွက် အခြေခံမဲဆန္ဒရှင် စာရင်းတွင် ပါမပါကြိုတင်သွားရောက်ကာ ကြည့်ရှုကြပါရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

တတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို ၂၀၁၅ ဇွန်လ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကယား၊ ကရင်၊ ချင်း၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငါးခရိုင်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နှစ်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပဲခူးခရိုင်၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိလေးခရိုင်၊ ရှမ်းပြည်နယ်အတွင်းရှိ သုံးခရိုင်နှင့် ပအိုဝ်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ကပ်ထားကြေညာလျက်ရှိသည်။

မဲစာရင်းတွင် မိမိတို့၏အမည် ပါ/မပါကို သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။

ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

မန္တလေး ဇွန် ၇

အိန္ဒိယ-မြန်မာနှစ်နိုင်ငံ စီးပွားရေးကုန်သည်များ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ဧပြီ ၅ရက် မွန်းလွဲ ၁ နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် ၂၆ လမ်း ၆၆ လမ်းထောင့်ရှိဆီဒိုးနားဟိုတယ်Amarapura ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး MRCCI အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက MRCCI အသင်းမှ ထုတ်ကုန်ပစ္စည်းများ ပြုလုပ်ပုံအဆင့်ဆင့်အားရှင်းလင်းပြောကြားသည်။

ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူက မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ အခြေအနေကို နှစ်အလိုက် ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အိန္ဒိယသို့ ထုတ်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား ကုန်သည်ကြီးများ ကရှင်းလင်းတင်ပြပြီး အိန္ဒိယ ကောင်စစ်ဝန်ချုပ်နှင့် အိန္ဒိယကုန်သည်ကြီးများက ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မူဆယ် ဇွန် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း (ကွတ်ခိုင်) ကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က အမှာစကားပြောကြားသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက စိုက်ကွက်များ၌ ယူကလစ် ၁၅၀၊ ထင်းရှူး ၁၅၀ ၊ ထောပတ် ၃၅၊ ခါတော်မီ ၁၀ ပင်၊ ဆူးထင်းရှူး ၁၅၀ စုစုပေါင်း ၄၉၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး (iprd)**

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၇-၆-၂၀၁၅

ရွှေစျေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၃၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၇၅၀၀

စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၉၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၄၀

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၀၉၀
ဥရောပ	တစ်ယူရို	၁၁၉၄.၇
စင်ကာပူ	တစ်ဒေါ်လာ	၈၀၉.၀၆
ထိုင်း	တစ်ဘတ်	၃၂.၂၈၇
အိန္ဒိယ	တစ်ရူပီး	၁၇.၀၆၄
တရုတ်	တစ်ယွမ်	၁၇၅.၇၇
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၂၉

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှေ့ခံဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ပြီးမီးသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

ပြည်သူ့ဆေးရုံကြီးများသို့ လူနာများ ပိုမို အားထားကုသမှုရှိလာသဖြင့် လူနာများကို နွေးထွေးစွာဆက်ဆံကုသ

ရန်ကုန် ဇွန် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင် ၂၀၀ ဆံ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ညွန့်ညွန့်ဝေက ဆေးရုံကြီး၏ လက်ရှိဝန်ထမ်းအင်အားစာရင်း၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၄ ခုနှစ်အတွင်း အခမဲ့ဆေးကုသပေးမှုများနှင့် ဆေးရုံ၏ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင် ၂၀၀ ဆံ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ယခု ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသို့ မိမိလာရောက်ရသည့် ရည်ရွယ်ချက်မှာ ဆေးရုံကြီး၏လိုအပ်ချက်အဝဝ ကိုသိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဆေးရုံကြီး၏ပင်မအဆောက်အအုံမှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ အဆောက်အအုံကြွေခိုင်မှုအပိုင်းမှာ လျော့နည်းလာပြီး ဆေးရုံကြီး၏မြေနေရာ အကျယ်အဝန်းမှာလည်း ကျပ်တည်းမှုများရှိလာနေသည်ကို တွေ့ရကြောင်း၊ မိမိတို့ ယခုအစိုးရသစ်လက်ထက်တွင် ကျန်းမာရေးကဏ္ဍ၏ ဘတ်ဂျက်ရန်ပုံငွေများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြင့် သုံးစွဲလာသည်ဖြစ်ရာ ယခုဆေးရုံကြီးကိုလည်း အထပ်မြင့် ဆေးရုံကြီးအဖြစ် ဘဏ္ဍာရေးအခြေအနေအရ ပြုပြင်မွမ်းမံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍ ပိုမိုမြင့်မား တိုးတက်ရေးနှင့် လိုအပ်သော တည်ဆောက်ရေးကဏ္ဍများအတွက် နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိက အလှူရှင်များအပိုင်းနှင့်ပါ ပေါင်းစပ်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအလေးထား ဆောင်ရွက်ခဲ့၍ ပြည်သူ့ဆေးရုံကြီးများသို့ လူနာများ ပိုမို အားထားကုသမှုများ ရှိလာခဲ့ရာ တာဝန်ရှိသူများအနေဖြင့် လူနာများကို နွေးထွေးစွာဆက်ဆံ၍ ကုသမှုများကို ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူလူထု၏ အားကိုးအားထားရာ ပြည်သူ့ဆေးရုံကြီး အဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ခုတင် ၂၀၀ ဆံ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးရှိ ပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ သားဖွား မီးယပ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ကုသဆောင်နှင့် ဆေးကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခုတင် ၂၀၀ ဆံ့ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးကို (၁၉၆၅-၆၆) ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် တိုးချဲ့လေးထပ်ဆောင်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၂၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးဖြစ်ပြီး ဌာန ၁၇ ခုနှင့် ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ မျက်နှာ၊ မေးရိုးနှင့် ခံတွင်း+မျက်စိ+ENTနှင့် အရိုး၊ သားဖွားမီးယပ်ကုသဆောင်နှင့် ကလေးကုသဆောင်တို့ ပါဝင်သည်။ ၂၀၁၄ ခုနှစ် တစ်နှစ်တာကာလအတွင်း လူနာ ၁၄၇၄၆ ဦးကို အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ကကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲသို့ရောက်ရှိကာ တိုင်းဒေသကြီးဝန်ကြီးများ၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး၊ တိုင်းဒေသကြီးမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့်အတူ ပြိုင်ပွဲဝင် ကလေးငယ်များ၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းဒေသကြီးအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ထိုပြိုင်ပွဲကို အနာဂတ် မျိုးဆက်သစ်ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးကို သိရှိနားလည်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ဇွန် ၆ ရက်က ဆွီဒင်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Johan Hallenborg ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

(မိုး/၈လ)

စာပေမြင့်မှ လူမျိုးတင့်မည်

ဖြည့်စွက်ဖတ်ရှုပေးပါရန်

၇-၆-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးတွင် ဖော်ပြပါရှိသည့် ခင်ရတနာ၏ **အမှန်ကြိုးစား အားထုတ်သူတိုင်း ရယူဆွတ်ခူးနိုင်သည့် အောင်မြင်ခြင်းရလဒ်** ခေါင်းစဉ်ပါ သတင်းဆောင်းပါးနှင့်အတူ ဖော်ပြထားသည့် ဓာတ်ပုံမှာ နစ်ကီ (7 day) ရိုက်ကူးထားသည့် ဓာတ်ပုံဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

လွိုင်ကော် ဇွန် ၇

ကယားပြည်နယ် လွိုင်ကော်မြို့မှ ၁၃ မိုင် ကျော်ကွာဝေးသည့် ထီးစဲခါးကျေးရွာအုပ်စု ထီးစဲခါးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၆ ရက် နံနက် ၁၀နာရီကကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက မူးယစ်ဆေးဝါး အန္တရာယ် တို့တစ်တွေ အတူတကွ ဝိုင်းဝန်းကာကွယ်စို့ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများ အား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လက်ကမ်းစာစောင်များ၊ ဖြန့်ဝေပေးပြီး နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာနှင့် ဆောင်ပုဒ်များ ခင်းကျင်းပြသထားရှိမှုကို စိတ်ဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **ခရိုင်(ပြန်/ဆက်)**

တရုတ်အပျော်စီးသင်္ဘောတိမ်းမှောက်မှုသေဆုံးသူ ၄၀၀ ကျော်ရှိလာ

ပေကျင်း ၆နှစ် ၇

တရုတ်တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များက ယန်စီမြစ်အတွင်း မုန်တိုင်းမိစဉ် တိမ်းမှောက်ခဲ့သော အပျော်စီးခရီးသင်္ဘောမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်တိုက်ဆောင်ရွက်လျက်ရှိရာ ၆နှစ် ၇ ရက် နံနက်က ပျောက်ဆုံးသူ ၁၁ဦးနှင့်အတူ သေဆုံးသူ ၄၃၁ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ခရီးသည် ၄၅၆ ဦးတင်ဆောင်လာသော အဆိုပါသင်္ဘောသည် တနလ်ာနေ့ညပိုင်းက ဟူဘေးပြည်နယ် ကျန်လီမြို့အနီး၌ လေဆင်နှာမောင်းကြောင့် တိမ်းမှောက်ခဲ့ရခြင်းဖြစ်ပြီး ယင်းတို့အနက်မှ ကပွတိန်အပါအဝင် ၁၄ ဦးသာ အသက်ရှင် လွတ်မြောက်ခဲ့သည်။ သေဆုံးသူအများစုမှာ သက်ကြီးပိုင်းနိုင်ငံခြားသား ခရီးသွားများဖြစ်သည်ဟု ဆိုသည်။

အဆိုပါ လေးထပ်သင်္ဘောကြီးကို သောကြာနေ့က ရေပေါ်သို့ ကရိန်းဖြင့် မတင်ဆယ်ယူခဲ့ရာ ကယ်ဆယ်ရေး အဖွဲ့ဝင်များအားလုံး သင်္ဘောပြတင်းပေါက်များကို ရိုက်ခွဲဝင်ရောက်ခဲ့ရကြောင်း၊ ပျောက်ဆုံးသူများ ရှိနေဆဲဖြစ်ပြီး မြစ်ရေနှင့် အတူ မျောပါသွားသူများအား ရှာနိုင်ဟိုင်းအထိ လိုက်လံရှာဖွေနေကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို ဒီအင်နှင့်အေ စတင်စစ်ဆေးနေကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ် ဟူကိုင်ဟောင်က သတင်းထောက်များအား ပြောသည်။

(ရိုက်တာ)

ဟန်ဂေရီသည် တရုတ်ပိုးလမ်းမကြီး အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်မည့် ပထမဆုံး ဥရောပနိုင်ငံဖြစ်

ပေကျင်း ၆နှစ် ၇

ဟန်ဂေရီနိုင်ငံသည် အာရှတိုက်ကိုဖြတ်၍ ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးအခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် အစပြုထားသော တရုတ်ခေတ်သစ် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့် ပထမဦးဆုံး ဥရောပနိုင်ငံဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက စနေနေ့ နှောင်းပိုင်းက ပြောခဲ့သည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ဘူဒါပတ်စ်တွင် ပြုလုပ်ခဲ့သည့် " One Belt, One Road " အစီအစဉ်ကို နှစ်ဦးနှစ်ဖက်နားလည်မှုရယူပြီး အရှိန်အဟုန် မြင့်တင်ဆောင်ရွက်မည့်အရေး လက်မှတ်ရေးထိုးခဲ့ကြသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၌ ဖော်ပြချက်များအရ သိရသည်။

ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်သီးခြားဖော်ပြချက်များအရ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် အဆိုပါစီမံကိန်းတွင် ဥရောပနိုင်ငံများကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ထားသည်။ တရုတ်နိုင်ငံအပါအဝင် အခြားအာဆီယံနိုင်ငံများနှင့်လည်း လုပ်ကိုင်ဆောင်ရွက်ရန် တွန်းအားပေးပြောကြားထားသည်။

ဆယ်စုနှစ်တစ်ခုအတွင်း ပိုးလမ်းမအစီအစဉ်နှင့်ပတ်သက်ပြီး အခြားနိုင်ငံများ၏ နှစ်စဉ်ကုန်သွယ်ရေးတွင် ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံကျော် ရရှိရန် မျှော်လင့်ထားကြောင်း သမ္မတရှိက ယခုနှစ်အစပိုင်း၌ ပြောကြားထားသည်။

ဟန်ဂေရီနိုင်ငံသည် တရုတ်နိုင်ငံနှင့် ရင်းနှီးမှုရယူပြီး ဟန်ဂေရီ-ဆားဘီးယား ရထားလမ်းအစီအစဉ်နှင့် အခြားဆောက်လုပ်ရေးကဏ္ဍများတွင်လည်း တွန်းအားပေးလုပ်ဆောင်ရန် မျှော်လင့်လျက်ရှိကြောင်း ဟန်ဂေရီသမ္မတ ဂျာနို(စ)အဒါက ပြောသည်။

ဟန်ဂေရီ-ဆားဘီးယား ရထားလမ်း ဆက်သွယ်တည်ဆောက်မှုကို တရုတ်မှ ငွေကြေးထောက်ပံ့မှုများ ပေးလျက်ရှိသည်။

တရုတ်နိုင်ငံနှင့်ဥရောပ၊ အာဖရိကနိုင်ငံများ ဆက်သွယ်ရေးတိုးမြှင့်လုပ်ဆောင်နေပြီး အလယ်ပိုင်း၊ အနောက်နှင့် တောင်အာရှမှ ဂရိ၊ ရုရှားနှင့် အိုမန်အထိ အဆက်အသွယ်များ ပြုလုပ်ရာတွင် မီးရထားလမ်းကွန်ရက်၊ အမြန်လမ်းမများဖောက်လုပ်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ အင်တာနက် ကွန်ရက်ဆက်သွယ်မှုများ၊ ရေကြောင်းဆိုင်ရာနှင့် အခြားအခြေခံအဆောက်အအုံတည်ဆောက်ခြင်း အစီအစဉ်များလည်း ပါဝင်သည်။

(ရိုက်တာ)

အစ္စရေးကဂါဇာကမ်းမြောင်ဒေသကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်

ဂျေရုဆလင် ၆နှစ် ၇

အစ္စရေးတောင်ပိုင်းကို တိုက်ခိုက်နေသည့် ဟားမတ်စ်ထိန်းချုပ်ဒေသမှ ဒုံးကျည်လက်နက်ဖြင့် တိုက်ခိုက်မှုကို လက်တုံ့ပြန်သောအားဖြင့် အစ္စရေး လေယာဉ်များသည် ၆နှစ် ၇ ရက်ကဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းကို တိုက်ခိုက်ခဲ့ကြကြောင်းအစ္စရေး စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဒုံးကျည်ကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဂါဇာကမ်းမြောင်ဒေသတွင် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

လေကြောင်း တိုက်ခိုက်မှုသည် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ အကြမ်းဖက်သမားများ၏ အခြေခံအဆောက်အအုံများကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တိုက်ခိုက်မှုများမှာ အမှန်တကယ်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ဟားမတ်စ်တို့ကို ဆန့်ကျင်တိုက်ခိုက်သော အစ္စရေး ရက် ၅၀ စစ်ပွဲသည် လွန်ခဲ့သော ဩဂုတ်လက အီဂျစ်ကုန်သည်များကြောင့် ယာယီစစ်ပြေငြိမ်းမှုဖြင့် အဆုံးသတ်ခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်အနည်းငယ်က ဂါဇာကမ်းမြောင်ဒေသမှ ဒုံးလက်နက်ဖြင့် တိုက်ခိုက်ခြင်းသည် ငြိမ်သက်နေသော နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုကို ရိုက်ချိုးလိုက်သည်။

လေကြောင်း စီးနင်းတိုက်ခိုက်မှုများသည် ဂါဇာမြောက်ပိုင်း ၁၀ ကီလိုမီတာဝေးသော လူဦးရေ ၁၂၀၀၀၀ မှီတင်းနေထိုင်သော မြို့လေး တစ်မြို့ဖြစ်သည့် အက်ရ်ဂီလွန်ကိုလည်း ပြုလုပ်ခဲ့သည်။

ထိုသို့ တိုက်ခိုက်ခြင်းများသည် အစ္စရေးအကျဉ်းစခန်းများတွင် ချုပ်နှောင်ထားသော ပါလက်စတိုင်းအကျဉ်းသားများ၏ စည်းလုံးညီညွတ်မှုနှင့်ဆိုင်ကြောင်း ဂျီဟတ်အုပ်စုက ပြောခဲ့သည်။

ဂျူးလူမျိုးများသည် ၄င်းတို့ရှိနေသမျှ ကာလပတ်လုံး အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံစိတ်ချမှုကိုမရစေရဟု ဂျီဟတ်အုပ်စုက ပြောခဲ့သည်။

(ရိုက်တာ)

တောင်ကိုရီးယား၌ မားစ်ရောဂါ ၁၄ ဦး ထပ်မံဖြစ်ပွား

ဆိုးလ် ၆နှစ် ၇

တောင်ကိုရီးယား နိုင်ငံ၌ တနင်္ဂနေနေ့က အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ(မားစ်)ဖြစ်ပွားမှုမှာ ၁၄ ဦးရှိရာ စုစုပေါင်း ၆၄ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသစ်ဖြစ်ပွားသူ ၁၄ ဦးတွင် သောကြာနေ့က သေဆုံးသွားသော အသက် (၇၅ နှစ်)အရွယ် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း၊ ယင်းမှာ အဆိုပါရောဂါဖြင့် သေဆုံးသည်ဟု အတည်ပြုနိုင်ကြောင်း၊ ယင်းရောဂါဖြင့် သေဆုံးသူ ငါးဦးအထိရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ လူ ၁၀ ဦးသည် မေ ၂၇ ရက်က ၁၄ ဦးမြောက်လူနာနှင့် ထိတွေ့မှုရှိ၍ ဆိုးလ်မြို့အရေးပေါ်ကုသရေးဆေးရုံ၌ စောင့်ကြည့်ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဆိုးလ်မြို့ ဆမ်ဆောင်းဆေးရုံ၌ ဆရာဝန်တစ်ဦးအပါအဝင် ကူးစက်ခံရသူ ၁၇ ဦးအထိရှိလာကြောင်း သိရသည်။ ၁၄ ဦးမြောက် ရောဂါကူးစက်ခံရသူသည် မေ ၂၇ ရက်က ဆိုးလ်မြို့သို့ ဘတ်စ်ကားဖြင့် ခရီးသွားခဲ့ပြီး ဆမ်ဆောင်းဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

(ဆင်ဟွာ)

ဂရိကြွေးမြီပြဿနာနှင့် ယူကရိန်းအရေး စက်မှုထိပ်သီးခေါင်းဆောင်များ ဆွေးနွေး

မြူးနစ် ၆နှစ် ၇

ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံမှ ခေါင်းဆောင်များသည် တနင်္ဂနေနေ့က Bavarian Alps ၌ ဂရိနိုင်ငံ၏ ကြွေးမြီပြဿနာနှင့် ယူကရိန်းတွင် ဖြစ်ပွားနေသော ပရိပက္ခဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပခဲ့သည်။

အိမ်ရှင်ခေါင်းဆောင် ဖြစ်သည့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်က ဒီဇင်ဘာလတွင် ပဲရစ်၌ ကျင်းပမည့် ကုလသမဂ္ဂနိုင်ငံများ ရာသီဥတုဆိုင်ရာထိပ်သီး ဆွေးနွေးပွဲအတွက် ပြင်ဆင်ဆဲကာလတွင် ကမ္ဘာကြီးပူနွေးလာမှုကို ကိုင်တွယ်ဖြေရှင်းသွားရန် G7 ခေါင်းဆောင်များထံမှ ယုံကြည်စိတ်ချလောက်သည့် ကတိကဝတ်များ ပေးအပ်နိုင်ရန် မျှော်လင့်ထားသည်။ ဂျာမန်အစည်းအဝေးအစီအစဉ်သည် အီဘုလာရောဂါ၊ ပဋိဇီဝဆေးများနှင့် အပူပိုင်းဒေသတွင် ဖြစ်ပွားလေ့ရှိသည့် ရောဂါများနှင့်ပတ်သက်သည့် အချက်အလက်များကို ကြိုတင်သိမြင်စေခဲ့သည်။

ခေါင်းဆောင်များအား ဂျာမနီဝန်ကြီးချုပ်က နှုတ်ဆက်ခြင်းမပြုမီ မွန်းလွဲပိုင်းတွင် ၄င်းနှင့် ပြင်သစ် သမ္မတဖရန်ဆွာဟော်လန်တို့မှာ ဂရိဝန်ကြီးချုပ် အလက်ဆစ်ဆီပရက်စ်ထံမှ အေသင်နှင့် ၄င်း၏နိုင်ငံတကာကြွေးမြီရှင်များအကြား ဖြစ်ပွားနေသည့် အကျပ်အတည်းကိုဖြေရှင်းရန် ၁၀ ရက်အတွင်း လေးကြိမ်မြောက် အရေးပေါ်ဖုန်းခေါ်ဆိုမှု လက်ခံရရှိခဲ့သည်။

ဂရိနိုင်ငံ၏ တည်ဆောက်ရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှု သဘောတူစာချုပ်အပေါ် နှစ်ဦးနှစ်ဖက်အငြင်းပွားခဲ့သည်မှာလမျှားစွာကြာပြီဖြစ်သည်။ ဂရိနိုင်ငံအနေဖြင့် ဥရောပဇုန်မှ မိတ်ဖက်များနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ အကူအညီမရဘဲ ၄င်း၏ချေးငွေများကို ရက်သတ္တ တစ်ပတ်အတွင်း ပေးချေနိုင်မည့်အခြေအနေ မရှိကြောင်း သိရသည်။။

(ရိုက်တာ)



၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
အသိပေးကြေညာချက်

၂၀၁၅ ခုနှစ်၊ ဇွန်လ ၆ ရက်

၁။ တတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင်များတွင် ၂၀၁၅ ခုနှစ်၊ ဇွန် ၈ ရက်မှ ဇွန် ၂၁ ရက်ထိ ၁၄ ရက် တိုင်တိုင် ကပ်ထားကြေညာပါမည် -

(က) ကယားပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ခ) ကရင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဂ) ချင်းပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဃ) မွန်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(င) မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး
(စ) စစ်ကိုင်းတိုင်းဒေသကြီး
(၁) **စစ်ကိုင်းခရိုင်**
(၂) **ရွှေဘိုခရိုင်**
(၃) **မုံရွာခရိုင်**
(၄) **ယင်းမာပင်ခရိုင်**
(၅) **တမူးခရိုင်**
(ဆ) တနင်္သာရီတိုင်းဒေသကြီး
(၁) **ထားဝယ်ခရိုင်**
(၂) **မြိတ်ခရိုင်**
(ဇ) ပဲခူးတိုင်းဒေသကြီး
(၁) **ပဲခူးခရိုင်**
(စျ) မန္တလေးတိုင်းဒေသကြီး
(၁) **မန္တလေးခရိုင်**
(၂) **မြင်ဦးလွင်ခရိုင်**
(၃) **ကျောက်ဆည်ခရိုင်**
(၄) **မြင်းခြံခရိုင်**
(ည) ရှမ်းပြည်နယ်
(၁) **တောင်ကြီးခရိုင်**
(၂) **လွိုင်လင်ခရိုင်**
(၃) **လင်းခေးခရိုင်**
(၄) **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
(၅) **ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

၂။ မဲစာရင်းတွင် မိမိတို့၏အမည်ပါ/ မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏ အမည်မပါလျှင် ပုံစံ (၃)ဖြင့် လျှောက်ထားပါ။ အချက်အလက်များ မှားနေလျှင် ပုံစံ (၄-ဂ)ဖြင့် လျှောက်ထားပါ။

၃။ မဲစာရင်းတွင်မပါဝင်သင့်သူများ (ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ)ပါဝင်နေပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။

၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့ အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝကပုံစံ (၆၆/၆)ရှိသော မြို့နယ်မှ မဲစာရင်း၌ သာ ပါဝင်မည်ဖြစ်သည်။

၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း **ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေး**နှင့် မိမိ၏မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟို (ယင်းမာ)အထူးစီမံချက် (ပထမပတ်)ဆောင်ရွက်ပြီးစီးမှုအခြေအနေ

နေပြည်တော် ဇွန် ၇

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက်(ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့သည်။ အဆိုပါ ယင်းမာစီမံချက်ကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်ခွဲ၍ မူးယစ်ဗဟိုအဖွဲ့အောက်ရှိလုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပထမရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း၊ (၆)မြို့နယ် အသိပညာပေး ဟောပြောပွဲ(၄၉)ကြိမ်၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း(၁၀)မြို့နယ်၊ တစ်ခန်းရပ်ပြဇာတ်တင်ဆက်ခြင်း(၁)မြို့နယ် ဆောင်ရွက်ခဲ့သည်။ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နှစ်ခြင်းသီးသီးနှံမျိုးစေ့ဖြန့်ဝေခြင်း(၂၄)မြို့နယ်၊ နှစ်ရှည်ပျိုးပင် ဖြန့်ဖြူးခြင်း(၁၀)ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၈)မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ မွေးမြူရေးအဖွဲ့မှ တိရစ္ဆာန်ရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်း(၉)မြို့နယ်၊ ဒေသတွင်းမွေးမြူထားရှိသော တိရစ္ဆာန်များအထူးကုအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း (၅)မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ ဆေးကုသရေးအဖွဲ့မှ One Stop Service ဆေးကုသဆောင်ရွက်ခြင်းကို လူနာသစ် ၁၅ ဦးတက်ရောက်ခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ(၂)မြို့နယ်၊ မူးယစ်ဆေးဝါးလူနာများ၊ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ၃၀၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် HIV ပိုးကူးစက်မှုအန္တရာယ် ကာကွယ်ကုသရေးလုပ်ငန်းများ၊ လူထုလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးအဖွဲ့မှ စခန်းအခြေပြု ပြန်လည်ထူထောင်ခြင်း သင်တန်းဖွင့်ခြင်း(၂)မြို့နယ်၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲအခမ်းအနားပြုလုပ်ခြင်း(၇)နေရာ၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့မှ ပန်းခရီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ(၉)မြို့နယ်၊ မူးယစ်ဆေးဝါးအသိပညာပေးရေး(၂)နေရာ၊ ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့မှ နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုပြုခြင်း(၁၀၆) မြို့နယ်၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း(၁၀၆) မြို့နယ်၊ လက်ကမ်း စာစောင်ပြသမှုကျင်းပခြင်း(၁၀၆)မြို့နယ်၊ ဟောပြောပွဲပြုလုပ်ခြင်း(၁၀၆)မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းကွင်းဆင်းစစ်ဆေးခြင်း (၃)မြို့နယ်၊ အသိပညာပေးခြင်း(၈)မြို့နယ်၊ တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့မှ ဘိန်း ၂ ဒသမ ၃ ကီလို ဘိန်းဖြူ ၁၀၄ ဒသမ ၉၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂၆၄၇ ပြား၊ ဆေးခြောက် ၀ ဒသမ ၁ ကီလို၊ အိုက်စ် ၀ ဒသမ ၀၅၂ ကီလို၊ ဘိန်းဆီခဲ ၁ ဒသမ ၄၄၈ ကီလို၊ အမှုပေါင်း ၁၂၂ မှု၊ တရားခံ ၁၇၅ ဦးတို့ကို တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့မှ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဟောပြော

မိုးမောက် ဇွန် ၇

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ငယ်၊ ခရိုင်ပြန်/ဆက်မှူး ဦးအောင်ကျော်ထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မူးယစ်ဆေးဝါးဆိုင်ရာကိစ္စများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြုလူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တာလေ၌ စိတ်ကြွရူးသွပ်ဆေးပြား အိုက်စ်နှင့် ဘိန်းစိမ်းများကွင်းဆက်ဖြင့် ဖမ်းဆီးရမိ

တာလေ ဇွန် ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်(မဲခေါင်စစ်ဆင်ရေး-၂)အား အရှိန်အဟုန်မြှင့်တင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်မွန်းတည့် ၁၂နာရီက မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်မှ ဒုရဲမှူး ဆိုင်းနမ် ဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာလေမြို့အင်ငှိုးဂိတ်အနီး တာချီလိတ်-ကျိုင်းတုံပြည်ထောင်စုလမ်းမပေါ်တွင် ပိတ်ဆို့စစ်ဆေးရာဖွေနေစဉ် ကျိုင်းတုံဘက်မှ တာလေဘက်သို့ တင်ထွေးမောင်းနှင်လာသော ၅ ဗ/.... နံပါတ်ပါ မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် မက်အက်ဖီတမင်း(အိုက်စ်) အဖြူရောင်ပုံဆောင်ခဲအလေးချိန် ၀ ဒသမ ၄၇ ဂရမ်အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည်တင်ထွေး(ခ)အာလူး၏ ထွက်ဆိုချက်အရ မွန်းလွဲ ၁၂နာရီခွဲတွင် တာလေမြို့နယ် နားယောင်းအုပ်စု ပါဟုတ်ကျေးရွာရှိ ကွင်းဆက်ပြစ်မှုကျူးလွန်သူ အားဒေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသော ယောဟန်အား အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၇၈၅ ပြား၊အလေးချိန် ၇၈ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၉၆၂၅၀၀ နှင့် ဘိန်းစိမ်းအညိုရောင်အစေးအလေးချိန် ၂၀၀ ဂရမ်ခန့် ပါတစ်ထုပ်၊ ကာလတန်ဖိုးငွေကျပ် နှစ်သိန်းတို့အား ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှ စိတ်ကြွဆေးပြား၊ အိုက်စ်နှင့် ဘိန်စိမ်းများနှင့် ဖမ်းဆီးရမိသူ တင်ထွေး (ခ)အာလူး (၄၃ နှစ်) နှင့် အားဒေ (၄၀နှစ်)နှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသော ယောဟန် (၃၁ နှစ်) တို့အား တာလေနယ်မြေ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကျောက်ဆည်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ကျောက်ဆည် ဇွန် ၇

ကျောက်ဆည်ခရိုင် မှုခင်းအကူအဖွဲ့မှ ရဲအုပ် ရွှေမိုး ဦးဆောင်သောအဖွဲ့သည် ဇွန် ၄ ရက် နံနက်၁၁ နာရီက တောင်နံ့သာလမ်း၌ ဆိုင်ကယ်တစ်စီးအား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မြို့ ဖောင်ရွာအုပ်စု ဝေဘူချောင် ဆွမ်းခံကားလမ်းအတက်မှ ဆိုင်ကယ်တစ်စီးဖြင့် ဆင်းလာသည့် ကိုဇော် (ခ) ချိုးဇော် (၄၄နှစ်) တောင်နံ့သာကွက်သစ်နေသူကို စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၉၀ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ခင်မောင်လွင်

အများပြည်သူဆိုင်ရာ ပန်းဥယျာဉ်နှင့် အားကစားကွင်းများအစဉ်ထာဝရ ထိန်းသိမ်းထား

သတင်းဆောင်းပါး - ခင်မောင်ထွေး
ဓာတ်ပုံ - ဇော်မင်းလတ်

ရပ်ကွက်လူနေအိမ်အများစု၏ မျက်နှာစာတိုးချဲ့နေရာယူမှုတို့ကြောင့် ပျောက်ဆုံးသွားခဲ့ရသည့် ငယ်စဉ်က အရွှေးအမူး ဘောလုံးကစားခဲ့ရာ ရပ်ကွက်ကစားကွင်းဟောင်းနေရာလေးကို မောင်ဝင်းနိုင်တစ်ယောက် အတန်ကြာအောင် လွမ်းမောတသ ငေးကြည့်နေမိသည်။

ဤကစားကွင်းငယ်လေးမှတစ်ဆင့် ရပ်ကွက်လက်ရွေးစင်ကစားသမားအဆင့်အထိသာ သူတက်လှမ်းနိုင်ခဲ့ပေမယ့် ဘောလုံးအားကစားက ပေးအပ်ခဲ့သည့် Fair Play ဟူသည့် အားကစား စိတ်ဓာတ်နှင့် အနိုင်မခံ အရှုံးမပေးသော တိုက်ပွဲဝင်စိတ်ဓာတ် (Fighting Spirit)တို့ကို ယခုတိုင် အမွေဆက်ခံနိုင်ခဲ့၍ ကျေနပ်မိသည်။

တစ်ဆက်တည်းမှာပင် ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်အရ ကလေးတွေ မကစားကြတော့၍ ရပ်ကွက်အားကစားကွင်းအချို့ ပျောက်ကွယ်သွားရလေသလား သို့တည်းမဟုတ် ရပ်ကွက် အားကစားကွင်းများပျောက်ဆုံးကုန်၍ ကလေးငယ်များ မြူးတူးပျော်ပါး အားကစားများကို မပြုလုပ်နိုင်ကြခြင်းလေလားဆိုသည်ကိုမူ မောင်ဝင်းနိုင် အဖြေထုတ်၍မရဖြစ်နေဆဲ။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့်အတူ သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ် လက်ထက်တွင် မြို့ပြလူဦးရေ ခုနစ်သန်းကျော် နေထိုင်သော စီးပွားရေးမြို့ တော်ရန်ကုန်ကို ကဏ္ဍအလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာတွင် အများပြည်သူနှင့်သက်ဆိုင်သည့် ဥယျာဉ် ပန်းခြံများနှင့် အားကစားကွင်းများကို အဆင့်မြှင့် မွမ်းမံမှုများ ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိ ပန်းခြံပေါင်း ၆၃ ခုရှိပြီး ဆက်လက်၍ ဗိုလ်တထောင်မြို့နယ်ကားကြီးဝင်းနှင့် ကမ်းနားလမ်းကြားရှိ မြေအကျယ်နေရာတွင်လည်း ဆိပ်ကမ်းပန်းခြံအသစ်ကို တည်ဆောက်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

ရန်ကင်း (၂)ရပ်ကွက်ရှိ ကလေးကစားကွင်းနေရာတွင် အဆောက်အအုံများ ဆောက်လုပ်ထားမှုကိုတွေ့ရစဉ်။

တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံ မြို့နယ်များ၌ အားကစားကွင်း ၁၆ ကွင်းကို ဆက်လက်ဆောက်လုပ်သွားရန်စီစဉ်လျက်ရှိပြီး လက်ရှိတွင် မြေပိုင်ဆိုင်မှုစိစစ်နေသော အားကစားကွင်းအချို့နှင့် ပုံမှန်ထိန်းသိမ်းနေသော အားကစားကွင်း ၁၀ ကွင်းစသည်ဖြင့် စုစုပေါင်း အားကစားကွင်း ၁၀၀ ရှိကြောင်း သိရှိခဲ့ကြပြီး ယခုမြို့ပြလူဦးရေ ခုနစ်သန်းကျော် တိုးပွားအခြေခြ နေထိုင်လာမှုနှင့်အတူ အများပြည်သူတို့၏ အပန်းဖြေနားခိုရာ ဥယျာဉ်ပန်းခြံ အချို့သည်လည်း ရန်ကုန်မြို့ပြသမိုင်းအတွင်း ပြန်လည်တိုးဝင် ပျောက်ကွယ်သွားခဲ့ရ၏။

ယခုမြို့ပြလူဦးရေ ခုနစ်သန်းကျော် တိုးပွားအခြေခြ နေထိုင်လာမှုနှင့် အတူ အများပြည်သူတို့၏ အပန်းဖြေနားခိုရာ ဥယျာဉ်ပန်းခြံအချို့သည်လည်း ရန်ကုန်မြို့ပြသမိုင်းအတွင်း ပြန်လည်တိုးဝင် ပျောက်ကွယ်သွားခဲ့ရ

ပြည်သူ့ရင်ပြင်အပါအဝင် ပန်းခြံများကိုဖျက်၍ အရက်ဘီယာဆိုင်၊ ရှော့ပင်း စင်တာအပါအဝင် စီးပွားဖြစ်လုပ်ငန်း လုပ်ခွင့်ပေးခြင်းမှာ ယခင်မြို့တော်ဝန် လက်ထက်ကဖြစ်ပြီး ထပ်မပေးတော့ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်းကို ပုဂ္ဂလိက မီဒီယာတစ်ခုတွင် ယခင်က ဖော်ပြထားသည်ကိုလည်း ဖတ်ရှုလိုက်မိသည်။

ယင်းအပြင် ၂၀၀၀ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ကန်တော်မင်၊ မြိုင်ဟေဝန်၊ ကန်တော်ကြီး စသည်ဖြင့် ရန်ကုန်မြို့၏ အချက်အချာနေရာများရှိ ပန်းခြံနှင့်ဥယျာဉ်များမှ ဧရိယာများစွာကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုထားပြီး အရက်ဘီယာဆိုင်များကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပန်းခြံများအပြင် အားကစားဝင်းအချို့ကိုလည်း ပုဂ္ဂလိကသို့ လွှဲပြောင်း၍ အိမ်ရာဆောက်လုပ်မှုများရှိကြောင်း၊ ပြည်သူပိုင်မြေ ဈေးနေရာများကိုပါ ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်းကိုလည်း တစ်ဆက်တည်း ဖော်ပြထားသည်ကို တွေ့ရသည်။

အချို့ဥယျာဉ်ပန်းခြံများက စီးပွားရေးသမားအချို့၏ စီးပွားရေးနယ်မြေသစ် ကစားကွင်းတစ်ခုအဖြစ်သို့ အချို့ကား အများပြည်သူတို့အတွက် အဖြစ်သဘောအပန်းဖြေ ဧရိယာတစ်ပုံနှင့် ကုမ္ပဏီများအတွက် အကျိုးအမြတ်ကြီးမားမည့် စီးပွားရေးဆိုင်ရာ ဧရိယာနှစ်ပုံပါဝင်သည့် ဖက်စပ်ဧရိယာတစ်ခုအဖြစ်သို့ ရွှေ့လျောသွားခဲ့ရ၏။

"အခု ကျွန်တော်တို့ သုဝဏ္ဏမြို့က ပန်းခြံကိုအဆင့်မြှင့်ဖို့ လုပ်ငန်းတွေစတင်နေတာ တွေ့ရလို့ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ရတယ်။ ဝမ်းသာတာက ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက ဆော့ကစားရာ ဒီသုဝဏ္ဏပန်းခြံကို အများ ပြည်သူတွေအတွက် အဆင့်မြှင့်တင်ပေးလို့ပါ။ ဝမ်းနည်းတာက ကျွန်တော်တို့ငယ်စဉ်က မြင်ရသလို ဧရိယာအကျယ် ကြီးမဟုတ်တော့လို့ဘဲ။ ကားလမ်းမျက်နှာစာအပိုင်းမှာ ပုဂ္ဂလိက ဓာတ်ဆီဆိုင်ကြီးတစ်ဆိုင် နောက်ပိုင်းမှာ ပေါ်လာတယ်။ ဒီမြေက ပန်းခြံပိုင်မြေလား၊ ဘယ်သူ့မြေလဲတော့ ကျွန်တော်မသိဘူး။ အမှတ်မမှားဘူး ဆိုရင်တော့ သုဝဏ္ဏကျောင်းလမ်းမှတ်တိုင်ဘက် ပန်းခြံစည်းရိုးက ကျွန်တော်တို့ငယ်စဉ်က တစ်ဖြောင့်တည်းပဲ၊ အခုလို ပုဂ္ဂလိကဓာတ်ဆီဆိုင်နောက်က ဝိုက်ပြီးဆင်းသွားတာမျိုးတော့ မဟုတ်ဘူး"ဟု သုဝဏ္ဏမြို့ခံ လူလတ်ပိုင်းတစ်ဦးက ဆိုသည်။

စီးပွားရေးဆိုင်ရာ အဆောက်အအုံများနှင့် တွဲဖက်ထားသည့် ဥယျာဉ်ပန်းခြံများနည်းတူ ဖက်စပ်အားကစားကွင်းများ၊ လုံးလုံးကွယ်ပျောက်သွားသည့် ကလေးကစားကွင်းများလည်း ရှိနေသည်။

တောင်ဥက္ကလာပမြို့နယ်ရှိ ကလေးကစားကွင်းမြေနေရာတွင် ကွန်ဒိုတည်ဆောက်နေမှုနှင့် ပတ်သက်၍ ကစားကွင်းမြေနေရာ ပြန်ပေးရန် မြို့ခံပြည်သူအချို့က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက အဆိုပါကစားကွင်းမြေနေရာမှ အရှေ့ပိုင်းခရိုင် စည်ပင်ရုံးရှေ့အထိ လမ်းလျှောက် ဆန္ဒပြခဲ့ကြောင်းသိရသည်။

အလားတူ မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံကိုလည်း ပြုပြင်မွမ်းမံမှု များနှင့်အတူ အဆောက်အအုံအချို့ပါ တည်ဆောက်နေမှုများကို မြင်တွေ့နေရ၍ မြို့ခံအချို့က စိုးရိမ်ပူပန်မှုများရှိနေသည်။

မြောက်ဥက္ကလာပမြို့နေ ဒေါ်ကြည်အုန်းက "ပန်းခြံကို ပြုပြင်မွမ်းမံနေတာကို တွေ့ရတယ်။ ဒါပေမယ့် အချို့နေရာကို ဝင်းခြံခတ်ပြီး အဆောက်အအုံတချို့ပါ တည်ဆောက်နေတာကို တွေ့ရတယ်။ ဘာအဆောက်အအုံလည်းတော့ မသိဘူး"ဟုဆိုသည်။

ရန်ကင်းမြို့နယ် ရန်အောင်လမ်းသွယ်(၁)လမ်းထိပ် (၂)ရပ်ကွက်အတွင်းရှိ ကလေးကစားကွင်းကိုဖျက်၍ အဆောက်အအုံများ ဆောက်လုပ်ထားမှုများနှင့် စပ်လျဉ်း၍ ရန်ကင်းမြို့ ၁၂ လုံး လမ်းတန်းနေ ကိုညီညီကမူ "ရန်ကင်းမှာဆိုရင် ကျွန်တော်တို့ ငယ်ငယ်ကတည်းက ရပ်ကွက်ပေါင်းစုံက ကလေးတွေလာကစားတဲ့ အမှတ် (၂)ရပ်ကွက်က ပန်းခြံကို အိမ်ရာတွေ ဆောက်လိုက်ကြတယ်။ ပြည်သူတွေကိုလည်း ဘာမှ အသိမပေးဘူး။ အဲဒီအခုထိ ဘာမှမလုပ်ဘူး။ ဘောက်ထော်ဘောလုံးကွင်းဆိုတာ ရန်ကင်းမှာ သမိုင်းရှိခဲ့တဲ့ကွင်းပါ။ နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးသမားတွေ အများဆုံးထွက်ပေါ်ခဲ့တဲ့ ကွင်းပေါ့။ ဥပမာ-သန်းတိုးအောင်တို့က အစပေါ့။ (၂) ရပ်ကွက်က ပန်းခြံကို အိမ်ရာဆောက်ပစ်တာ ကျွန်တော်တို့ ပြည်သူတွေ တော်တော်စိတ်ပျက်မိပါတယ်။ ပြည်သူ့အကျိုးကို ကြည့်ဖို့လိုပါတယ်။ အခုက ရန်ကင်းမှာ မြေအလွန်ရှားနေပြီ။ ပြည်သူတွေ အပန်းဖြေ အနားယူဖို့အတွက် ပြန်စီစဉ်ပေးတာ ဘာမှမရှိတော့ဘူး။ အခုက ရန်ကင်းမြေ တစ်စလောင်း တစ်သောင်းတန်တဲ့ခေတ် ရောက်နေပြီ။ ဒါကြောင့် ရန်ကင်းသား ရန်ကင်းသူတွေ မျက်ခုံးလှုပ်နေကြရတယ်"ဟု ပြောသည်။

သို့ဆိုလျှင် အများပြည်သူတို့ အပန်းဖြေနားခိုရာ ဥယျာဉ်ပန်းခြံများ၊ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် အားကစားသမားတို့ မွေးထုတ်ရာနှင့် ကျန်းမာသန်စွမ်းသော အနာဂတ်မြန်မာလူငယ် မောင်မယ်များကို မွေးထုတ်ရာကလေးကစားကွင်းများ ပျောက်ကွယ်မသွားဖို့ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအပါအဝင် အားလုံးတွင်တာဝန်ရှိသည်။ ခေတ်ပြောင်း စနစ်ပြောင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရပေမည်။ စီမံခန့်ခွဲသူတို့အပိုင်းကလည်း သန့်ရှင်းသော အဖွဲ့အစည်း၊ ကောင်းမွန်သော စီမံခန့်ခွဲမှုဖြစ်၊ မဖြစ်မှတ်ကျောက်တင်မှုကို ခံယူကြရပါတော့မည်။

မကြာမီကမှ အငြိမ်းစားယူသွားခဲ့သော ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဆိုးလ်မြို့တော်ဝန်အဖြစ် တာဝန်ယူခဲ့စဉ်က မြို့တော်ခန်းမရှေ့ မြေကွက်လပ်တွင် ဆိုးလ်ရင်ပြင်နှင့် ဆောင်းရာသီ စက်တိကွင်းကို အကောင်အထည်ဖော်ပေးခဲ့ရုံမက သံစုံတီးဝိုင်းကိုပါ တွဲဖက်တင်ဆက်ပေးခဲ့သည်။ အများပြည်သူအားလပ်ရက်များတွင် ဆိုးလ်ရင်ပြင်၌ မြို့တော်သူ မြို့တော်သားများ လာရောက်အပန်းဖြေကြသည့် မြင်ကွင်းကို မြို့တော်ဝန် ရုံးခန်းမထက်မှကြည့်ပြီး လွန်စွာပီတိဖြစ်ခဲ့ရကြောင်း သူ၏ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ရေးသားဖော်ပြခဲ့ပေသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နှလုံးသားထက်ဝယ် ထာဝရကမ္ဘည်းတင်ထားခဲ့သည့် "မာယလုလင်"ဇာတ်ဝတ္ထုတွင်လည်း မာယလုလင် ဦးဆောင်သည့် မစလရွာသားတို့က အများပြည်သူများအတွက် လမ်းဖောက်၊ တံတားဆောက်၊ ပန်းဥယျာဉ်နှင့် ရေတွင်းရေကန်များ၊ ကျောင်းကန်ဇရပ်များကို တည်ဆောက်ပေးခဲ့၍ သိကြားမင်းစည်းစိမ်ကို ယခုတိုင်ခံစားနေဆဲဖြစ်ကြောင်း ကျမ်းဂန်များအရ မှတ်သားရပေသည်။

ထို့ကြောင့် အများပြည်သူနှင့်သက်ဆိုင်သည့် ဥယျာဉ်ပန်းခြံများ၊ အားကစားကွင်းများနှင့် ကစားကွင်းများကို ရန်ကုန်မြို့ပြသမိုင်း၏ သမိုင်းပေးတာဝန်အရ အစဉ်ထာဝရ ထိန်းသိမ်းနိုင်ရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

နှစ်နိုင်ငံ သံတမန်ထူထောင်သည့် (၆၅)နှစ်ပြည့်မြောက်သည့်နေ့ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ အပြန်အလှန် သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၈

၂၀၁၅ ခုနှစ် ဇွန် ၈ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ် ပြည့်မြောက်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ယိတို့သည် ဝမ်မြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့ကြသည်။

(သတင်းစဉ်)

ပျူကျောက်စာချပ်နှင့် ကျောက်ခေတ်နံရံပန်းချီများ ပညာရှင်များ၏ ဆန်းစစ်တွေ့ရှိချက် သတင်းထုတ်ပြန်မည်

ရန်ကုန် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စု ဆင်ရွာကျေးရွာ၌ တွေ့ရှိခဲ့သော ပျူကျောက်စာချပ်နှင့် ရှမ်းပြည်နယ် ရွာင်မြို့နယ် ကမ်းပါးနီကျေးရွာ၏ မြောက်ဘက်တွင်တွေ့ရှိခဲ့သော ကျောက်တုံးကြီးသုံးတုံး၏ နံရံပေါ်ရှိ ကျောက်ခေတ်နံရံပန်းချီများနှင့် ပတ်သက်၍ ပညာရှင်များ၏ ဆန်းစစ်တွေ့ရှိချက် သတင်းထုတ်ပြန်မှုကို ဇွန် ၈ ရက် (တနလင်္ဂနေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားပြတိုက် ရန်ကုန်၌ ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်းသတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပုဂံဒေသမီးပုံးပျံများ ပျံသန်းမှုဆိုင်ရာညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၇

ပုဂံဒေသမီးပုံးပျံ(Balloons)များ ပျံသန်းခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားရာ ပုဂံဒေသ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း မီးပုံးပျံ (Balloons) ပျံသန်း၍ ကောင်းကင်ယံမှ ပုဂံ၏ မြင်ကွင်းအလှခံစားကြည့်ရှုခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ခရီးသွားကုမ္ပဏီသုံးခု အစီအစဉ်ဖြင့် ပွင့်လင်းရာသီတွင် တစ်ကြိမ်မပျံသန်းလျှင် ၂၁ လုံးထိ ပျံသန်းလျက်ရှိပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စနစ်တကျ စစ်ဆေးစမ်းသပ်ပြီးမှ လေယာဉ်မျူးများကဲ့သို့ ပျံသန်းသူအား ပျံသန်းခွင့်လက်မှတ်ထုတ်ပေးပါကြောင်း၊ ယင်းလုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် လုပ်ငန်းလိုင်စင်ထုတ်ပေးပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ရှေးဟောင်းအမွေအနှစ် နယ်မြေရှုခင်းရှုကွက်ကောင်းမွန်သည့် နယ်မြေများတွင် မီးပုံးပျံ ပျံသန်းမှုအစီအစဉ်များ ရှိပါကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ပျံသန်းရာတွင် ရှေးဟောင်းအဆောက်အအုံများ မထိခိုက်မပျက်စီးရအောင် ထိန်းသိမ်းလုပ်ကိုင်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဒေါက်တာ စိုင်းကျော်အုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အစည်းအဝေးမှ ပုဂံဒေသမီးပုံးပျံများ ပျံသန်းမှုဆိုင်ရာအခြေအနေများကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် (Myanmar ICOMOS) တို့ပါဝင်သော ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဖြင့် လက်တွေ့စမ်းသပ် စီးနင်းကြည့်ပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ ဒုတိယအကြိမ် ပြန်လည်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဇွန် ၆ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကပ်ထားမှုကို ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ တိုးတွေ့ကြည့်ရှုနေကြသည်ကို တွေ့ရစဉ်။

(တပ်ကုန်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူပေါင်း ၃၁၅၀ ရှိပြီး အောင်မြင်သူ ၈၇၀ ရှိရာ အောင်ချက်ရာခိုင်နှုန်းမှာ ၂၇ ဒသမ ၆၂ ဖြစ်ပြီး လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၈ ဦး အောင် မြင်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။)

တင်စိုးလွင်

တက္ကသိုလ်ဝင်စာမေးပွဲ မုဒုံအထက(၁)နှင့် အထက(၂) အောင်ချက်မြင့်များ

မုဒုံ ဇွန် ၇

ဇွန် ၆ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းတွင် မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့တွင် အောင်ချက်မြင့်မားကြောင်း သိရသည်။

မုဒုံမြို့ အထက(၁)မှ ဖြေဆိုသူ ၅၄၈ ဦးအနက် ၄၁၅ ဦး အောင်မြင်ရာ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၄၀ ၊ သုံးဘာသာဂုဏ်ထူးရှင် ၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၁ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၇၄ ဦးအပါအဝင် ဂုဏ်ထူးဖြင့် ၁၈၈ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၇၅ ဒသမ ၇၃ ဖြစ်သည်။

မုဒုံအထက(၂)မှ ဖြေဆိုသူ ၁၈၀ အနက် ၁၁၆ ဦး အောင်မြင်ရာ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦးအပါအဝင် ဂုဏ်ထူး ဖြင့် ၅၅ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၆၄ ဒသမ ၀၉ ဖြစ်ကြောင်းနှင့် မုဒုံမြို့နယ် တစ်မြို့နယ်လုံး၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ၆၃ ဒသမ ၀၈ ဖြစ်ကြောင်း သိရသည်။

ကိုချစ်(မုဒုံ)

ကံမြို့နယ်မှတောင်သူများအား မိုးသီးနှံဘဏ်ချေးငွေများထုတ်ပေး

ကံမ ဇွန် ၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးသီးနှံထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေများကို မေ ၂၇ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စုသုံးအုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၉၆ ဦးတို့အား စပါးစိုက်ဧက ၄၉၆ ဧကအတွက် ချေးငွေကျပ် ၄၉၆ သိန်း ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု စုစုပေါင်း ၅၁ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် သိန်း၁၈၆၀၀ လျာထားခဲ့ရာ ထုတ်ချေးရန်ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင်တောင်သူများလက်ဝယ်သို့ သတ်မှတ်ကာလအတွင်း အချိန်မီထုတ်ချေးပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကျော်ဇေယျဝင်း(iprd)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှိုးဆော်ချက်

၁။ မိုးဦးကျကာလတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းကြိုးများလျှော့ကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပွားတတ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါအချက်များ တွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ရုံး၊ လျှပ်စစ်ဝန်ထမ်းများထံ ဆက်သွယ်အကြောင်းကြားပေးပါရန်-

(က) အိမ်သို့သွယ်တန်းထားသော ဆားဗစ်ဝိုင်ယာကြိုးများ လျှော့ကျခြင်း၊ ပြတ်ကျခြင်း။

(ခ) အိမ်ခြံဝင်းအတွင်း၌ သွယ်တန်းထားသော ဝိုင်ယာကြိုးများ လျှော့ကျခြင်း၊ ပြတ်ကျခြင်း။

(ဂ) လမ်းများပေါ်ရှိ ဓာတ်အားလိုင်းများလျှော့ကျခြင်း၊ ပြတ်ကျခြင်း။

(ဃ) လယ်ကွင်းများအတွင်းရှိ ဓာတ်အားလိုင်းများ လျှော့ကျခြင်း၊ ပြတ်ကျခြင်း။

(င) ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်း။

၂။ အထက်ပါအချက်များတွေ့ရှိပါက အများပြည်သူများ လျှပ်စစ်အန္တရာယ်မဖြစ်စေရေးအတွက် စောင့်ကြည့်သတိပေးမှုများ၊ အတားအဆီးများ ပြုလုပ်ခြင်းတို့ကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဆန္ဒင်းကုန်းကျေးရွာ ရွာလည်ချောင်းတံတားပျက်စီး ပြန်လည်ပြုပြင်ရန်ဒေသခံများလိုလား

မိုးညင်း ဇွန် ၇

ကချင်ပြည်နယ် မိုးညင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာအုပ်စု ဆန္ဒင်းကုန်းကျေးရွာ ရွာလည်ချောင်းတံတား ပျက်စီးလျက်ရှိသဖြင့် ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ဆန္ဒင်းကုန်းကျေးရွာသည် အင်းတော်ကြီး အင်းအရှေ့ကမ်း ကန်ပတ်လမ်းမကြီးပေါ်တွင်ရှိသော ကျေးရွာဖြစ်သည့်အတွက် နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းဒေသန္တရခရီးသွားလာသူများ၊ ဒေသတွင်းစီးပွားရေးအရ ကူးသန်းသွားလာသူများ၏ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ လယ်ယာလုပ်ကိုင်ကြမည့် တောင်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် နေ့စဉ်အခက်အခဲနှင့် ကြုံတွေ့နေကြရကြောင်း ဆန္ဒင်းကုန်းကျေးရွာ ရာအိမ်မှူး ဦးဘဝင်းက ပြောသည်။

အဆိုပါတံတားမှာ အလျား ၁၂၀၊ အကျယ် ၁၅ ပေရှိကြောင်း၊ တံတားမှာ ပျက်စီးနေသဖြင့် ယာယီသွားလာနိုင်ရန်အတွက် အုန်းပင်များ ခင်းကျင်းကာ သွားလာနေရသော်လည်း ကျင်းအပေါက်များကြောင့် သတိဖြင့် ဖြတ်ကူးနေရပြီး မော်တော်ယာဉ်များမှာ ကျေးရွာအတွင်းကွင်းလမ်းမှ ဖြတ်သန်းသွားလာနေရသည်။

ထို့အတူ နန့်မွန်းကျေးရွာအုပ်စု ဆန္ဒင်းကုန်းကျေးရွာနှင့် အင်းသာကျေးရွာတစ်လျှောက် အလျား ၁၂၀၊ အကျယ် ၁၅ ပေရှိ သစ်သားတံတားငါးစင်းမှာ ယိုင်နဲ့ပျက်စီးနေသဖြင့် အချိန်မီပြုပြင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက် ပြောပြသည်။

(၁၄၉)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကျောက်ခေတ်နံရံပန်းချီ အသစ်တွေ့ရှိရာနေရာသို့ ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇွန် ၇

ရှမ်းပြည်နယ် ရွာင်မြို့အတွင်းရှိ ကင်းတားဆည်၏ အနောက်တောင်ဘက် ကျောက်ခေတ်လူသားများ ရေးဆွဲခဲ့သည့် ကျောက်နံရံပန်းချီများကို ကနဦးတွေ့ရှိသူ မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စု တောတွင်းရွာနေ ဦးဝင်းဗိုလ်၏ သတင်းပေးပို့ချက်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့်အဖွဲ့သည် သတင်းဓါတ်ပုံသမားများ၊ ပြင်ပပညာရှင်များ၊ လမ်းပြရွာသားများနှင့်အတူ မေ ၂၇ ရက်က ကနဦး ရှေ့ပြေးကွင်းဆင်းလေ့လာခဲ့ကြသည်။

ယင်းနေရာသို့ ဇွန် ၆ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် အသစ်တွေ့ရှိရသော ကျောက်ခေတ်နံရံပန်းချီများ တွေ့ရှိရာနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကျောက်နံရံများအပေါ် ပန်းချီများရေးဆွဲထားသည့် နေရာသည် ကင်းတားဆည်၏ အနောက်တောင်ဘက် ပြဒါးလင်းဂူတည်ရှိသည့် တောင်ကြော အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိကာ ကင်းတားဆည်ကို စက်လှေဖြင့် တစ်နာရီခန့် ဖြတ်ကျော်သွားရောက်ပါက ရွာဆိုးပြင်ရွာသို့ ရောက်ရှိပြီး တောတွင်း သုံးနာရီ လမ်းလျှောက်သွားရောက်ရသည့် နေရာတွင် တည်ရှိသည်။ အဆိုပါ နေရာတွင် သဘာဝကျောက်တုံးကြီး ခုနစ်တုံး တစ်စုတစ်စည်းတည်း တည်ရှိသည့် အနက် အလျား ပေစဝ၊ အနံ ပေ ၄၀ ခန့် အမိုးသဖွယ်ဖြစ်နေသည့် အကြီးဆုံး ကျောက်တုံးကြီး၏ မျက်နှာကြက်ကဲ့သို့ နေရာတွင် တိရစ္ဆာန်ပုံများ၊ လက်ဝါးပုံများ စသည့် ပန်းချီပုံများကို သဘာဝကျောက်ခဲ၊ မြေခဲတုံးများဖြင့် ပြုလုပ်သည်ဟု ယူဆရသည့် ဆေးရောင်များဖြင့် ရေးခြယ်ထားကြောင်း၊ ထိုအမိုးပုံ ကျောက်တုံးကြီးရှေ့ ပေ ၅၀ ခန့် အကွာ အမြင့် ၂၂ ပေအရွယ်ခန့်ရှိ ကျောက်တုံးကြီး၏ နံရံတွင် အလျား ၁၄ ပေ၊ အမြင့်ကိုးပေအရွယ် ဆင်ရုပ်ပုံကြီးနှင့် အခြားရုပ်ပုံများ လည်း မေးမှိန်စွာတွေ့ရှိရကြောင်း၊ အလားတူ အမိုးပုံကျောက်တုံးကြီး တောင်ဘက်ရှိ ကျောက်တုံးတစ်တုံး၏ အောက်ခြေတွင်လည်း ပုံအချို့တွေ့ရှိရပြီး ပုံများအားလုံးသည် ရေစီးကြောင်းများ၊ ဖုန်မှုန့်များ၊ ကျပ်ခိုးများကြောင့် ပေါ်လွင်ထင်ရှားမှု အားနည်းသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အတူ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကျောက်ခေတ်သုတေသီများ၊ နံရံပန်းချီသန့်စင်ထိန်းသိမ်းသည့် ကျွမ်းကျင်သူများက ဖုန်မှုန့်များ၊ ရေစီးကြောင်းများ၊ ကျပ်ခိုးများဖုံးလွှမ်းနေသည့် နံရံပန်းချီများကို သန့်စင်ခြင်း၊ ပေါ်ထွက်လာသည့် နံရံပုံများကို ပြဒါးလင်းဂူ အပါအဝင် ပြည်ပနိုင်ငံများတွင် ရှိသည့် ကျောက်နံရံပန်းချီများကို နှိုင်းယှဉ်လေ့လာ ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဤနေရာတွင် တွေ့ရှိသည့် ကျောက်နံရံပန်းချီများကို ကာကွယ်စောင့်ရှောက်ခြင်း၊ သုတေသနပြုဖော်ထုတ်ခြင်း၊ နောက်ပိုင်းလူများ ရေးသားထားသည့် မှတ်တမ်းစာများ သန့်စင်ဖယ်ရှားခြင်းကို ဆောင်ရွက်သွားရန်၊ အလားတူ ကျောက်နံရံပန်းချီများ တည်ရှိသော ဤနေရာ ရေးထွင်းထားသည့် စာများကို ဓာတုဗေဒနည်းဖြင့် သန့်စင်ခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်း၊ ကျောက်ခေတ် နံရံဆေးရေးပန်းချီများ လေ့လာသည့် ပညာရှင်များက

အလားတူ ဤနေရာပတ်ဝန်းကျင် အနီးဌ ရှေးဦးလူသားများနေထိုင်ခဲ့သည့် နေရာဖြစ်နိုင်ကြောင်း၊ ကျောက်နံရံပန်းချီ လေ့လာသည့်ဌာန အရာထမ်း၊ ဝန်ထမ်းများ၏ နှိုင်းယှဉ်လေ့လာတင်ပြချက်အရ ရှေးခေတ်လူသား ၁၀၀ ခန့် နေထိုင်နိုင်သည့် ပထဝီအနေအထား၊ ရေရရှိမှုအနေအထား၊ စားဝတ်နေရေးဖန်တီးမှု အနေအထားများ ပြည့်စုံနေသည့် အဆိုပါနေရာအား ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အသိပညာပေးခြင်းများ စီမံဆောင်ရွက်သွားရန်နှင့် မသက်ဆိုင်သည့် အခြားယုံကြည်ကိုးကွယ်မှုဆိုင်ရာများလည်း အခြားပြင်ပကင်းလွတ်ရာ နေရာတွင်သာ ဆောင်ရွက်သင့်သည်ကို အသိပညာပေးမှုများ ဆောင်ရွက်ရန် လိုကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အတူ နံရံပန်းချီ သန့်စင်ထိန်းသိမ်းရေး ဓာတုဗေဒ ပညာရှင်များကလည်း နောက်ပိုင်းလူသားများ (၁၉၇၉ ခုနှစ် ပတ်ဝန်းကျင်မှစ၍) မိမိတို့ရောက်ရှိကြောင်းကို ထုံး၊ မြေဖြူ၊ ဆေး၊ မီးသွေးတို့ဖြင့် ကျောက်နံရံပေါ်တွင် ရေးထွင်းထား ခြင်းကြောင့် မူလရုပ်ပုံများ မေးမှိန်ကွယ်ပျောက်လျက်ရှိသည့်အတွက် နောက်ပိုင်းလည်း ကျောက်နံရံပန်းချီများ လေ့လာခြင်း၊ ရှာဖွေခြင်းနှင့် နှိုင်းယှဉ်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျောက်ခေတ်နံရံပန်းချီများကို အထူးပြုလေ့လာသည့် ပြည်တွင်း/ပြည်ပ ပညာရှင်များ ဖိတ်ခေါ်ပြီး သုတေသနပြုခြင်း၊ ပြုပြင်ထိန်းသိမ်းရန် ဆွေးနွေးခြင်း၊ ခေတ်ကာလ သက်တမ်းဆွေးနွေးခြင်းများကို မကြာမီကာလအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွတ်တော် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီအဖွဲ့ဝင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် အာဆီယံပါလီမန်များညီလာခံ မူးယစ်ဆေးဝါး တိုက်ဖျက်မှုဆိုင်ရာ အချက်အလက်ရှာဖွေရေး ကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေး တက်ရောက်ရန် ဇွန် ၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ်။

(သတင်းစဉ်)

Photo - MFF

ဘောလုံးသမားများအား စင်ကာပူရောက်မြန်မာများ အားပေးမှုကိုတွေ့ရစဉ်။

ဘာစီလိုနာအသင်းချန်ပီယံလိုက်ဖလား ငါးကြိမ်မြောက်ဆွတ်ခူး

ယူအီးအက်ဖ်အေချန်ပီယံလိုက်ဗိုလ်လုပွဲကို ဂျာမနီနိုင်ငံ ဘာလင်မြို့ အိုလံပီယာကွင်း၌ ဘာစီလိုနာနှင့် ဂျူဗင်တပ်စ်တို့ ဇွန် ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက သုံးဂိုး-တစ်ဂိုး ဖြင့်အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။

ပွဲစပြီးလေးမိနစ်တွင် ရာကီတစ်က ဘာစီလိုနာအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မိုရာတာက ဂျူဗင်တပ်စ်အတွက် ၅၅ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ ၆၈ မိနစ်တွင် ဆွာရက်ဇ်၊ မိနစ် ၉၀ တွင် တိုက်စစ်မျှူးနေမာကသွင်းယူခဲ့၍ ဘာစီလိုနာတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိုက်ဖလားကို ငါးကြိမ်မြောက် ဆွတ်ခူးခြင်းလည်း ဖြစ်သည်။

သီဟ-ရေးသည်

*ရှေ့ဖုံးမှ

မိနစ် ၂၀တွင် နေလင်းထွန်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုး ပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းကစားပုံ ပြန်ကောင်းလာပြီး ၄၆ မိနစ်တွင် တိုက်စစ်မျှူး ရှိုင်းသူရက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယဂိုး ရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံ ပိုကောင်းလာပြီး ၆၂ မိနစ်တွင် စည်သူအောင်၊ ၆၇ မိနစ်တွင် ရဲဝင်းအောင်နှင့် ပွဲပြီးခါနီးတွင် ကျော်ဇင်လွင်တို့က သွင်းယူခဲ့သည်။

ယနေ့ပွဲအပြီးတွင် အုပ်စု (က)၌ မြန်မာက သုံးပွဲကစား ကိုးမှတ်ရရှိထားပြီး နှစ်ပွဲကစား သုံးမှတ်စီရရှိထားသည့် အင်ဒိုနီးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယား အသင်းတို့မှာ အုပ်စုတက်ရန် အခွင့်အရေးရှိနေဆဲဖြစ်သည်။ ထိပ်တိုက်တွေ့ဆုံမှု စည်းမျဉ်းအရ ဇွန် ၈ ရက် **(ယနေ့)**တွင် ကစားမည့် ကမ္ဘောဒီးယားနှင့် စင်ကာပူပွဲတွင် ကမ္ဘောဒီးယားနိုင်ပွဲမရရှိခဲ့ပါက မြန်မာအသင်းမှာ အကြိုဗိုလ်လုပွဲသို့ ပွဲစဉ်မကုန်မီ တက်ရောက်နိုင်မည်ဖြစ်သည်။

အုပ်စု (ခ) ဗီယက်နမ်နှင့် တီမောပွဲတွင် ဗီယက်နမ်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသဖြင့် ထိုင်းအသင်းနှင့်အတူ အကြိုဗိုလ်လုပွဲတက်ရောက်သွားပြီ ဖြစ်သည်။ မြန်မာအသင်းမှာ ဇွန် ၁၀ ရက်တွင် ကမ္ဘောဒီးယားနှင့် အုပ်စုနောက်ဆုံး ပွဲစဉ်ကစားရမည်ဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံ ရိုးရာလက်ဝှေ့ ဆီမီးဖိုင်နယ်ပွဲ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်

သတင်းမြင်ကွင်း
မင်းဝေတ်(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး (H & S Group) မှ တာဝန်ယူကျင်းပသော ရွှေခါးပတ်ချန်ပီယံဖိုလ်လုပွဲကြီး ၂၀၁၅ ၏ တတိယနေ့ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူအားကစားလက်ဝှေ့ရုံ၌ အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသည်။

ယနေ့ ကီလိုတန်းအလိုက်ယှဉ်ပြိုင်ထိုးသတ်သည့် ဆီမီးဖိုင်နယ်ပွဲစဉ်များမှာ ၅၁ ကီလိုတန်း၌ ရဲသွေးနီ(တောင်ကလေး)နှင့် သိန်းစိုး(T & T)ပွဲတွင် ဒုတိယအချီ ၂၅ စက္ကန့်တွင် ရဲသွေးနီ(တောင်ကလေး)က အလဲထိုးဖြင့် လည်းကောင်း၊ တိမ်တိုက်(မုဒုံသား)နှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်) တို့ပွဲတွင် တိမ်တိုက် (မုဒုံသား)က ဒုတိယအချီ ၁ မိနစ် ၀၈ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သသည်။

ဗိုလ်လုပွဲတွင် ရဲသွေးနီ(တောင်ကလေး) နှင့် တိမ်တိုက်(မုဒုံသား)တို့ တွေ့မည်ဖြစ်သည်။

၇၁ ကီလိုတန်းမှ ဖျံသွေး(၀ါဆို)၏ ဘယ်ထောက်လက်သီး ရဲရင့်အောင်(နဂါးမာန်)ကို ထိမိစဉ်။ ဓာတ်ပုံ-မိုးမခ

၅၄ ကီလိုတန်းတွင်လည်း စောရာဇာ(ငြိမ်းချမ်းရေး)နှင့် ရွှေချစ်သွေး(တိုက်ဂါး)တို့ပွဲတွင် ငါးချီပြည့်သည်အထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း အသာစီးယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည့် ရွှေချစ်သွေး(တိုက်ဂါး)က အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ခွန်လင်းလက်(ဘိလပ်မြေစက်ရုံ)တို့ပွဲတွင် ဝိတ်တန်းကိုယ်အလေးချိန်ပိုသွားသည့် ခွန်လင်းလက်က စောဖြိုးဝေကို အနှုန်းပေးခဲ့ရသဖြင့် နောက်ဆုံးရွှေခါးပတ်လုပွဲတွင် ရွှေချစ်သွေး(တိုက်ဂါး)နှင့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

၆၀ ကီလိုတန်းတွင် ကြယ်စင်ဖြိုး(အဖြူရောင် သွေးသစ်)နှင့် ကြယ်စင်(ဘိလပ်မြေစက်ရုံ)တို့ပွဲ၌ အရပ်မြင့်ခြေကန်ချက်ကောင်းသည့် ကြယ်စင်ဖြိုး ကတတိယအချီ ၂ မိနစ် ၀၉ စက္ကန့်တွင် ဘယ်ဒူးတိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့ပြီး၊ စောထူးဇော် (ဒွိရိုးရာ)နှင့် စောဒါ၀ိတ် (တောင်ကလေး) တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၁၇ စက္ကန့်မှာပင် စောဒါ၀ိတ် ဘယ်ဘက်မျက်ခုံးကွဲ၍ ဆေးနှုန်းဒိုင်ပွဲရပ်ဖြင့် အနှုန်းပေးခဲ့ရသဖြင့် နောက်ဆုံးရွှေခါးပတ်လုပွဲတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်) နှင့် စောထူးဇော်(ဒွိရိုးရာ)တို့ တွေ့ဆုံမည်ဖြစ်သည်။

၆၃ ဒသမ ၅ ကီလိုတန်းတွင် လက်ဝှေ့သမ္ဘာရင့် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် စောဝီလျှံ(ရွှေကုက္ကို)တို့ပွဲ၌ ပထမအချီတွင် သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း တတိယအချီ ၀၉ စက္ကန့် အရောက်တွင် သပြေညိုက ညာခြေကန်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။

စလူကာ(တိုက်ဂါး)နှင့် အားမာန်(အဖြူရောင်သွေးသစ်)တို့ ပွဲတွင် တတိယအချီ ၂ မိနစ် ၃၆ စက္ကန့်မှာပဲ အားမာန် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ဗိုလ်လုပွဲတွင် သပြေညိုနှင့် အားမာန်တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ၆၇ ကီလိုတန်းတွင် ထက်အောင်ဦး(တောင်ကလေး)နှင့် စောလဒိုး(ဘိလပ်မြေစက်ရုံ)တို့ ပွဲတွင် နှစ်ဦးစလုံး အပြိုင်ဒဏ်ရာများရရှိသဖြင့် ဆေးဆရာ၀န်၏ ဆုံးဖြတ်ချက်ဖြင့် ဆက်လက်ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်သော်လည်း အသားစီးယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သည့် ထက်အောင်ဦးကို အနိုင်ပေးခဲ့သည်။

သွေးသစ်အောင်(ရွှေကုက္ကိုလ်)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၃၆ စက္ကန့် တွင် ဘယ်ညာ ထောက်လက်သီးများ သုံး၍ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော သွေးသစ်အောင်၏ ညာထောက်လက်သီး ချက်ကြောင့် ရဲတံခွန် ပြိုလဲခဲ့ရ၍ ဗိုလ်လုပွဲတွင် ထက်အောင်ဦးနှင့် သွေးသစ်အောင်တို့ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် ဆီမီးဖိုင်နယ် ၇၁ ကီလိုတန်းပြိုင်ပွဲတွင် စိုးထက်ဦး (အဖြူရောင်သွေးသစ်)နှင့် စောအယ်လေး(ထော့မဲပါ)တို့ ပွဲတွင် ဒုတိယအချီ စက္ကန့် ၂၀မှာပင် စိုးထက်ဦး ပြင်းထန်သည့် ဘယ်ဝိုက်လက်သီးဖြင့် အနိုင်ယူအလဲထိုးခဲ့သည်။

ရဲရင့်အောင် (နဂါးမာန်)နှင့် ဖျံသွေး(၀ါဆို)တို့ပွဲတွင် အရပ်အမောင်းမြင့်သည့် ရဲရင့်အောင်နိုင်မည်ဟု လက်ဝှေ့ပါသနာရှင်များ ယူဆထားသော်လည်း အရပ်အမောင်းနိမ့်သော်လည်း မာဂုဏ်မြင့်ပြီး ထောက်လက်သီး၊ ပင့်လက်သီးတို့ကို အရှိန်ပြင်းပြင်းဖြင့် ပြိုင်ဘက်ကို အလဲထိုးယှဉ်ပြိုင်ခဲ့သည့် ဖျံသွေး၏ ဘယ်ထောက်လက်သီးမိ၍ ဒုတိယအချီ ၂၈ စက္ကန့်မှာပင် ရဲရင့်အောင် အနှုန်းပေးခဲ့ရသည်။

ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲတွင် စိုးထက်ဦး (အဖြူရောင်သွေးသစ်)နှင့် ဖျံသွေး (၀ါဆို)တို့ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

"ကျွန်တော် အင်္ဂလန်ကို ခရာပြန်သွားတာကြောင့် မြန်မာ့ရိုးရာလက်ဝှေ့ကို မကြည့်ဖြစ်တာကြာပါပြီ။ အရင်ကွာတားဖိုင်နယ်ပွဲစဉ်တွေတုန်းကလည်း မကြည့်ဖြစ်လိုက်ရဘူး။ အရင် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲတွေကိုတော့ ပွဲစဉ်တိုင်းနီးပါး ကြည့်ဖြစ်ပါတယ်။ ဒီနေ့ပွဲစဉ်တွေထဲမှာ နောက်ဆုံးပွဲ ထိုးသွားတဲ့ ဖျံသွေးကို ကြိုက်ပါတယ်။ အရပ်နိမ့်ပေမယ့် သူရဲ့ သတ္တိကို ကျွန်တော် အထူးလေးစားပါတယ်"ဟု မြန်မာ့ရိုးရာလက်ဝှေ့ကို အမြဲမပြတ် အားပေးကြည့်ရှုသည့် အင်္ဂလန်နိုင်ငံသား Mr. LamPark က သုံးသပ်ပြောကြားသည်။

ယနေ့ယှဉ်ပြိုင်သည့် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံ ၂၀၁၅၏ ဆီမီးဗိုလ်လုပွဲတွင် ပြည်တွင်းလက်ဝှေ့ဝါသနာရှင်များသာမက ပြည်ပနိုင်ငံအချို့မှ လက်ဝှေ့ဝါသနာရှင်များလည်း လာရောက်ကြည့်ရှု အားပေးခဲ့သည်ကို တွေ့ရသည်။

၇၁ ကီလိုတန်းတွင် စိုးထက်ဦး(အဖြူရောင်သွေးသစ်) ဘယ်ခြေကန်ချက် စောအယ်လေး(ထော့မဲပါ) ကိုထိမိစဉ်။ ဓာတ်ပုံ-မိုးမခ

၂၀၁၅ ခုနှစ် တတိယပွဲစဉ်(ရန်ကုန်) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကြီးမှူး၍ IBTC(International Beverages Trading Co.,Ltd.)မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် တတိယပွဲစဉ်(ရန်ကုန်)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ ၁၈ ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က IBTC ကုမ္ပဏီသို့ ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ချီးမြှင့်ရာ IBTC မှ အမှုဆောင် မန်နေဂျာ ဦးစောဖုန်းနိုင်က လက်ခံယူသည်။

ထို့နောက်အပျော်တမ်း အမျိုးသမီး၊ အမျိုးသား၊ ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဌာနကြီးမှူး ဦးသန်းထွန်းက အပျော်တမ်းအဆင့်အမျိုးသမီးပြိုင်ပွဲ၌ တတိယဆုရ သင်းဝေခိုင်၊ ဒုတိယ ဝင့်ဖူးနဒီအောင်၊ ပထမခင်မာနွယ်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ တတိယဆုရကျော်သက်ဦး၊ ဒုတိယ ဇော်ဇော်ထွန်း၊ ပထမဆုရ ဇင်မင်းသူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က Professional အဆင့်ပြိုင်ပွဲတွင် တတိယဆုရအောင်ဝင်း(HAN Golf Academy)၊ ဒုတိယဆုရဘိုဘို(HAN Golf Academy)နှင့် ပထမဆုရဇော်ဇော်လတ် (HAN Golf Academy)တို့အား ဆုများကို ပေးအပ်ချီးမြှင့်၍ International Beverages Trading Co., Ltd.(IBTC) မှ အမှုဆောင်မန်နေဂျာ ဦးစောဖုန်းနိုင်က ပထမဆုရရှိသွားသော ဇော်ဇော်လတ် (HAN Golf Academy) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ဖိုးသော်ဇင်

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဂျာမနီနှင့် ဥဇဘတ်ကစ္စတန် အနိုင်ရ

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဇွန် ၇ ရက် အုပ်စု (စ)ပွဲစဉ်အဖြစ် ဂျာမနီနှင့် ဟွန်ဒူးရပ်စ်တို့ပွဲတွင် ဂျာမနီက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဖီဂျီနှင့် ဥဇဘတ်ကစ္စတန်တို့ပွဲတွင် ဥဇဘတ်ကစ္စတန်က သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရသည်။

အုပ်စု(င)ပွဲစဉ်အဖြစ် ဟန်ဂေရီနှင့် နိုင်ဂျီးရီးယားတို့ပွဲတွင် နိုင်ဂျီးရီးယားက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရသည်။ ဘရာဇီးနှင့် မြောက်ကိုရီးယားတို့ပွဲတွင် ဘရာဇီးက သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရသည်။

အုပ်စုပွဲများအပြီးတွင် အုပ်စု(က)၌ ယူကရိန်းနှင့်အမေရိကန်၊ အုပ်စု(ခ)၌ ဂါနာနှင့်ဩစတြီးယား၊ အုပ်စု(ဂ)၌ ပေါ်တူဂီနှင့် ကိုလံဘီယာ၊ အုပ်စု (ဃ)၌ ဆားဘီးယားနှင့် ဥရုဂွေး၊ အုပ်စု(င)၌ ဘရာဇီးနှင့် နိုင်ဂျီးရီးယား၊ အုပ်စု(စ)၌ ဂျာမနီနှင့် ဥဇဘတ်ကစ္စတန်တို့ အုပ်စုပထမ၊ ဒုတိယနေရာတို့ဖြင့် နောက်တစ်ဆင့်တက်သွားပြီး အကောင်းဆုံး အုပ်စုတတိယအသင်းများအနေဖြင့် နယူးဇီလန်၊ ဆီနီဂေါ၊ မာလီ၊ ဟန်ဂေရီတို့ နောက်တစ်ဆင့် တက်ရောက်သွားသည်။

သီဟ-ရေးသည်

အပြောစကားပြေ အစဉ်အလာ(၇)

မောင်ခင်မင်(ဓနုဖြူ)

"တစ်ခုမေးရဦးမယ်။ ညောင်ရမ်းခေတ်မှာ အပြောနဲ့အရေး သိသိသာသာကွဲနေပြီဆိုတော့ အပြောစကားမှာဒီနေ့သုံးနေတဲ့ 'တယ်'တို့၊ 'မယ်' တို့ရောသုံးနေပြီလားကွ"

"ဩော်. . . သုံးနေပါပြီ။ ခုနပြောတဲ့ တောင်တွင်းရှင်ငြိမ်းမယ်ရဲ့ အိုင်ချင်းတွေမှာ တွေ့နေပါပြီ။ အိုင်ချင်းတစ်ပုဒ်မှာ မိန်းကလေးက သူ့ရက်ကန်းရက်ဖို့ ပိုင်းဝင်နေရင် သူ့ချစ်သူကောင်လေးက လာလာစကားပြောတယ်။ အဲ့ဒါကို မိန်းကလေးရဲ့ မိကြီး၊ မိထွေးတွေက မကြိုက်လို့ မိန်းကလေးကို ပိုင်းမင်ဝင်ခိုင်းတော့ဘူး။ ဒါကြောင့် ပိုင်းဝင်တဲ့ ရစ်ကို မသုံးဘဲ ထောင်ထားရပါတော့တယ်ဆိုတဲ့အကြောင်းကို ဖွဲ့ရာမှာ 'ရှင်လူထွက် သစ်၊ ဆယ့်သုံးနှစ်က၊ ချစ်တဲ့သူကို အယူတခြား၊ မိထွေးများက ဆီးတားဆို၊ ရစ်ကို ထောင်ကာထားရတယ်' လို့ ဖွဲ့ထားတယ်ဗျ။ 'တယ်' ဆိုတဲ့စကားကို သုံးနေပါပြီ"

"ဟုတ်ပါပြီကွာ"

"ပြီးတော့ နောက်အိုင်ချင်းတစ်ပုဒ်မှာ မိန်းကလေးက သူ့ချစ်သူမောင်များ တိတ်တိတ်ကလေး အိမ်ပေါ်တက်လာရင် ဘယ်လိုတက်ပါ့မလဲလို့ စိုးရိမ်ပုံကို 'မောင်လည်းဘယ်ကတက်ပါ့မယ်။ မယ်လည်းဘယ်က ဆင်းပါ့မယ်' လို့ ဖွဲ့တယ်ဗျ။ 'မယ်'လည်း သုံးနေပါပြီ"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

"စိတ်ဝင်စားစရာကောင်းတာက ကျွန်တော်ပြောခဲ့သလို ရှေးအစဉ်အလာကိုထိန်းတဲ့ အရေးအသားတွေမှာတော့ စာသုံးအတိုင်း 'သည်' တို့၊ '၏' တို့သုံးနေတုန်းပဲဗျ။ ဥပမာဗျာ၊ ညောင်ရမ်းခေတ်မှာပဲရေးတဲ့ ဦးကုလားရဲ့ မဟာရာဇဝင်ကြီးမှာတော့ အပြောစကားတွေ မတွေ့ရဘူး။ စာသုံးအတိုင်း ခုံခုံညားညားရေးတယ်။ အလောင်းစည်သူမင်းကြီးကြီးဝါးတဲ့ စကားပဲ ကြည့်ဗျာ။ 'ဟယ်အမတ်တို့ နင်တို့ငါ့ကိုအိုပြီဟူ၍ မှတ်ကြသည်။ ငါမအိုသေးဟု မိန့်တော်မူ၏' တဲ့ဗျ။ ဝါကျအဆုံးမှာ 'သည်' တို့ '၏' တို့သုံးနေတုန်းပဲ"

"ဒီလိုဆိုရင် တစ်ခေတ်တည်းမှာပေါ်တဲ့ စာချင်းအတူတူ ရာဇဝင်မှာတော့'သည်' တွေ '၏'တွေသုံးနေတုန်းပဲ။ အိုင်ချင်းမှာတော့ 'တယ်၊ မယ်' တွေသုံးနေပြီလို့ ဆိုရမှာပေါ့နော်"

"မှန်တာပေါ့ဗျာ။ ရေးတဲ့စာကိုလိုက်ပြီး အရေးဟန်နဲ့သုံးတာမျိုးရော၊ အပြောဟန်နဲ့သုံးတာမျိုးပါ အပြိုင်ပေါ်နေပြီလို့ဆိုရမှာပေါ့"

"ဒီလိုဆို ခုခေတ်ရေးသလိုနေမှာပေါ့နော်"

"ဒါပေါ့ဗျာ။ ဒါကြောင့် ဒီအစဉ်အလာဟာ ရှေ့ကတည်းကရှိခဲ့တာလို့ ပြောတာပါ။ ဩော်. . . တစ်ခုမေ့နေလို့ပြောရဦးမယ်။ ဝန်ကြီး ပဒေသရာဇာက ပြဇာတ်လည်းရေးတယ်ဗျ။ မဏိကက်ပြဇာတ်လေ။ အစောဆုံးပြဇာတ်လို့ဆိုရမှာပေါ့။ အဲ. . . ပြဇာတ်ဆိုတာ ဇာတ်ဆောင်တွေရဲ့ အပြောစကားနဲ့ဖော်ရတာ မဟုတ်လား။ မဏိကက်ပြဇာတ်ထဲက ဇာတ်ဆောင်ပြောတဲ့ စကားတွေကိုကြည့်ရင် 'သို့ဖြစ်လျှင် ခမည်းတော် မယ်တော်တို့ကို လျှောက်ထားပါမည်ဘုရား' ဆိုတာမျိုး ၊ စာသုံးတွေ ပါနေတဲ့ စကားတွေ တွေ့ရသလို ကောင်းလှပါပြီ 'ခမည်းတော် မယ်တော်တို့ဆီသို့ သွားရောက်လျှောက်ထားပါတော့ မိမိငဲ့' ဆိုတာမျိုး အပြောစကားပြေနဲ့ ရေးတဲ့စကားလည်း တွေ့နေရပါပြီဗျာ"

" ဟုတ်တယ်နော်။ 'ကောင်းလှပါပြီ'တို့ ' လျှောက်ထားပါတော့' တို့ ဆိုတာ ခုခေတ်ပြောပုံဆိုပုံနဲ့ အတူတူဖြစ်နေပြီပဲ။

"ဒါပေါ့ဗျာ။ အဲ. . . တစ်ခုက အပြောနဲ့ အရေးသိသိသာသာ ကွဲပြားသလို တစ်ဖက်ကလည်း အရေးကိုစည်းကမ်းတကျ ထိန်းသိမ်းတဲ့ အစဉ်အလာက တော်တော်ခိုင်မာနေပြီဗျ။ အထူးသဖြင့် အသံတူပြီး အရေးမတူတဲ့ တသတ်နဲ့ ပသတ်၊ နသတ်နဲ့၊ မသတ်သေးသေးတင် -ပေါ့ဗျာ။ အဲဒီ စာလုံးပေါင်းတွေဟာ ပုဂံခေတ် ကျောက်စာတွေမှာကတည်းက မှားလေ့မရှိဘူးဗျ၊ အင်းဝခေတ်ကျတော့လည်း စာဆိုတွေက ပျို့ကဗျာလင်္ကာတွေမှာ အသတ်တူ ကာရန်ယူပြီး အသတ်တွေကို ထိန်းသိမ်းခဲ့တယ်"

" သာခကကလေး ပြောပါဦး"

" ရှင်မဟာရဋ္ဌသာရရဲ့ ' ဤ စာကိုးခန်း၊ ပုလဲပန်းဖြစ်၊ စိတ်ကျန်းမာန်လျှော့၊ ငါလာတော့၏' ဆိုတဲ့အဖွဲ့မှာ 'ခန်း၊ ပန်း၊ ကျန်း' အသတ်တူ ကာရန်ယူတာမျိုးပေါ့ဗျာ ' အခန်းရယ်၊ ပန်းပွင့်ရယ်၊ ကျန်းမာရယ်' အဲဒီ စာလုံးတွေကို နသတ်နဲ့ ရေးရမယ်ဆိုတဲ့ စည်းကမ်းပါ တစ်ပါတည်း ပါသွားတာပေါ့ဗျာ"

" ဩော်. . . ဒီလိုကိုး"

"အဲဒီလိုပဲ၊ ယပင့်နဲ့ ရရစ်အသံတူတဲ့ စာလုံးတွေကိုလည်း ကာရန်ယူပြီး ခွဲပြလေ့ရှိတယ်။ 'ခွဲထား'လို့ခေါ်တာပေါ့။ ဥပမာဗျာ ၊စည်းစိမ်ချမ်းသာဆိုတာ ကြာပန်းပေါ်ကို နေရောင်ကလေး ပြက်ခနဲလက်လိုက်သလို ပျောက်ပျက်လွယ်တယ်ဆိုတာကို 'ကြာနေပြက်သို့၊ ပျောက်ပျက်လွယ်စွာ' လို့ 'ပြက်' နဲ့ 'ပျက်' ကာရန်ယူပြီး ဖွဲ့တာမျိုးပေါ့ဗျာ"

"အင်း. . . သဘောပေါက်ပါပြီ"

" စာဆိုတွေက စာလုံးပေါင်း သတ်ပုံတွေကို ခုလိုထိန်းသိမ်းစောင့်ရှောက်ကြတော့ အရေးအသားက ပိုပြီးခိုင်မာလာတာပေါ့။ စာလုံးပေါင်း သတ်ပုံကျမ်းတွေလည်းပေါ်လာတယ်ဗျ။ ပုဂံခေတ်ကတည်းက 'အက္ခရာဗေဒ' ဆိုတဲ့ သတ်ပုံကျမ်းကြီးပေါ်ခဲ့ပြီး အစဉ်အဆက် သတ်ပုံကျမ်းတွေပေါ်ပေါက်ခဲ့တယ်။ စာရေးရင် အဲဒီသတ်ပုံအတိုင်း လိုက်နာရေးသားရတယ်။ သတ်ပုံထဲ မပါတဲ့ အရေးအသားမျိုးဆိုရင် ပညာရှိတွေက အဆုံးအဖြတ်ပေးရတယ်။ အဆုံးအဖြတ်ပေးရတဲ့ ပညာရှိတွေထဲမှာ ပဒေသရာဇာလည်းပါတယ်ဗျ။ အဲဒီလို လိုက်နာရေးသားဖို့ မင်းအဆက်ဆက် အမိန့်တော်တွေ ထုတ်ပြန်ခဲ့တာပေါ့ဗျာ။အဲဒီလို ထိန်းသိမ်းမှုတွေကြောင့်၊ အရေးအသားကပိုပြီး ခိုင်မာလာတယ်။ အပြောကတော့ ပြောင်းနေတယ်။ အဲဒီလိုနဲ့ အပြောနဲ့အရေးဟာ ကွာဟမှုတွေ ပိုပိုများလာတာပေါ့ဗျာ"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ"

"စစချင်း ကျွန်တော်ဆွေးနွေးခဲ့တာတစ်ခုရှိတယ်။ အပြောစကားပြေနဲ့ ရေးတာဟာ အသံထွက်အတိုင်း လိုက်ရေးတာမဟုတ်ဘူး။ စာလုံးပေါင်း သတ်ပုံစည်းကမ်းအတိုင်းရေးတာမို့ သတ်ပုံပျက်စရာအကြောင်းမရှိဘူး ဆိုတာလေ"

"အေး. . . . တို့မှတ်မိပါတယ်"

"စာလုံးပေါင်းသတ်ပုံစည်းကမ်းတွေအခိုင်အမာ မသတ်မှတ်ခင်တုန်းကတော့ အသံထွက်တဲ့အတိုင်း လိုက်ရေးတာမျိုးတွေရှိနိုင်တာပေါ့။ ဥပမာ-ဗျာ၊ ရာဇကုမာရ်ကျောက်စာရေးထိုးတဲ့အချိန်မှာတောင် အသံပြောင်းတာတွေရှိနေပြီလို့ ယူဆနိုင်တဲ့သာဓကတွေ တွေ့ရတယ်ဗျ။ 'မင်းကြီး'ကို ရေးတာ 'မင်းဗြီ' တဲ့ဗျ။ 'သင်ကြီး' ကိုလည်း 'သင်ဗြီ' တဲ့ဗျ။ ခုခေတ်အသံထွက်သလိုပဲ 'ကြီး' ကနေ 'ဗြီး' ကို ပြောင်းနေပြီဆိုတဲ့ သက်သေပဲ။ ဒါပေမယ့် ဒီလိုအသံပြောင်းတာဟာ အသံနှစ်သံကို တစ်ဆက်တည်းပြောတဲ့အခါ ရှေ့အသံရဲ့ လွှမ်းမိုးမှုကြောင့် နောက်အသံ လိုက်ပြောင်းတာပါ။ အဲဒီလို အသံပြောင်းတဲ့စနစ်ကို ဘာသာ စကားပညာရှင်တွေက တစ်ခန်းတစ်ကဏ္ဍ လေ့လာကြပါတယ်။ ဒါပေမယ့် အရင်းခံစကားလုံးက 'ဗြီး' မှ မဟုတ်ဘဲ၊ 'ကြီး'ပဲလေ။ 'မင်းကြီး'က 'မင်းဗြီး'လို့ အသံပြောင်းပေမယ့် 'အမတ်ကြီး' ကျတော့ 'ကြီး' က အသံမှမပြောင်းတာ။ စာလုံးပေါင်း သတ်ပုံကလည်း အဲဒီမူရင်းအသံအတိုင်း'ကြီး'လို့ပဲ ရေးတာပေါ့ဗျာ"

"ဒီလိုဆိုရင် ကျောက်စာတွေမှာ အဲဒီလိုအသံထွက်အတိုင်း ရေးတာဟာ စာလုံးပေါင်းသတ်ပုံစည်းကမ်းတွေ အခိုင်အမာမသတ်မှတ်ရသေးခင် ရေးတာဖြစ်နိုင်တာပေါ့နော်"

"ဟုတ်ပါတယ်။ နောက်ပိုင်းမှာတော့ အဲဒီလိုအသံထွက်အတိုင်း လိုက်ရေးတာမျိုး မရှိသလောက်ပါပဲ။ စာလုံးပေါင်းသတ်ပုံ အမှန်အတိုင်း ရေးပြီးအသံထွက်တော့သာ ပြောင်းနေတဲ့ အသံအတိုင်းထွက်ကြတာပါ"

"ဟုတ်လား"

"ဟုတ်ပါတယ်။ ဒါကြောင့် ပြောရိုးဆိုရိုးစကားတစ်ခုပေါ်လာတယ်လေ။ ခင်ဗျားတို့ သိပါတယ်။ 'ရေးတော့အမှန် ဖတ်တော့အသံ' ဆိုတာလေ"

"အဓိပ္ပာယ်က ဘယ်လိုလဲကွ"

"ဩော်. . ရေးရင်စာလုံးပေါင်းအမှန်အတိုင်းရေးပါ၊ မဟုတ်ရင်တော့ လက်ရှိထွက်နေတဲ့အသံထွက်အတိုင်း ထွက်ပါလို့ဆိုလိုတာပါ"

"ဒီပြဿနာက တော်တော်ကြီးတယ်ထင်ပါရဲ့"

"ဟုတ်ပါတယ်။ 'ကျွန်တော်တို့ မြန်မာစကားမှာ အပြောနဲ့အရေး ကွာဟချက်က တော်တော်ကြီးတယ်လေ' ဒီတော့ရေးတဲ့အတိုင်း အသံမထွက်ရတာတွေများသလို အသံထွက်တဲ့အတိုင်း မရေးရတာတွေလည်း အများကြီးပေါ့၊ ဥပမာဗျာ 'ရန်ကုန်နဲ့ မန္တလေး' လို့ရေးပေမယ့် အသံထွက်တော့/ယန်ဂုန်နဲ့ မန်းတလေး/လို့မထွက်ရဘူး မဟုတ်လား/ ယန်ဂုန်နဲ့ မန်းဒလေး လို့ ထွက်ရတယ်။ ရေးရင်လည်း အသံထွက်သလို ယန်ဂုန်နဲ့ မန်းဒလေး/လို့ မရေးရပြန်ဘူး။ သတ်ပုံစည်းကမ်းအတိုင်း 'ရန်ကုန်နဲ့ မန္တလေး' လို့ပဲရေးရတယ် မဟုတ်လား။ အဲ့ဒီ စည်းကမ်းရှိနေတော့ အပြောစကားပြေနဲ့ရေးရင်လည်း အသံထွက်သလိုအထိ ပြောင်းမရေးရဘူး၊ စာလုံးပေါင်း သတ်ပုံအတိုင်းရေးရမယ်လို့ နားလည်နိုင်တာပေါ့ဗျာ"

"ဟုတ်ပါပြီ"

"နည်းနည်းဆက်ရရင် ညောင်ရမ်းခေတ်မှာ အပြောနဲ့အရေး ကွဲပြားလာပေမယ့် အပြောအသုံးတွေကို ပြည်သူများအကြောင်းရေးတဲ့ ကဗျာတွေ၊ သီချင်းတွေမှာ ပိုပြီးအသုံးများတာတွေ့ရတယ်။ စကားပြေကတော့ ပြဇာတ်ထဲက ဇာတ်ဆောင်ပြောစကားတွေမှာလောက်ပဲ တွေ့ရတယ်"

"ဘာဖြစ်လို့ပါလိမ့်"

"ဒါကတော့ ရှင်းပါတယ်ဗျာ။ ရှေးခေတ် မြန်မာစာပေမှာ ကဗျာပဲ ထွန်းကားတာ။ စကားပြေက ကဗျာနဲ့ယှဉ်ရင် အဆပေါင်းများစွာ နည်းနေတယ်။ စကားပြေ မထွန်းကားဘူး။ ပေါ်ပေါက်တဲ့ စကားပြေတွေကလည်း ဗုဒ္ဓစာပေထဲကအကြောင်းအရာတွေနဲ့ ထီးထဲနန်းထဲက အကြောင်းအရာတွေ၊ ဗေဒင်နက္ခတ်ဆေးကျမ်း၊ ဇာတ်ကျမ်းစတဲ့ပညာရပ် အကြောင်းအရာတွေဆိုတော့ ရေးတဲ့နေရာမှာလည်း ရှေးအစဉ်အလာအတိုင်း အရေးစကားပြေနဲ့ ခုံခုံညားညားရေးတာ သဘာဝပဲပေါ့ဗျာ။ အဲဒီစကားပြေထဲကို အပြောစကားတွေ ဝင်လေ့မရှိပါဘူး။ ကဗျာမှာကျတော့ ကဗျာအကြောင်းရေးတဲ့ ကျေးလက်ကဗျာတွေ၊ သီချင်းတွေမှာ အပြောစကားတွေ များများဝင်တာ သဘာဝပဲပေါ့။ ပြဇာတ်ထဲက ပြောစကားကတော့ ဇာတ်ဆောင်တွေရဲ့ ပါးစပ်ကတိုက်ရိုက်ပြောရတဲ့စကားတွေမို့ ရေးရင် အပြောသုံးစကားတွေပါလာတာလည်း သဘာဝပဲပေါ့ဗျာ။ က. . . တော်တော်မောသွားပြီဗျာ။ နားကြဦးစို့"

> "ကျွန်တော်တို့ မြန်မာစကားမှာ အပြောနဲ့အရေး ကွာဟချက်က တော်တော်ကြီးတယ်လေ" ဒီတော့ရေးတဲ့အတိုင်း အသံမထွက်ရတာတွေများသလို အသံထွက်တဲ့အတိုင်း မရေးရတာတွေလည်း အများကြီးပေါ့၊

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ

ပျဉ်းမနား ဇွန် ၇

နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာခရိုင် ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ဇွန် ၃ ရက် နံနက် ၉ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၈) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းသိရသည်။ **ဇော်မျိုးနိုင်**

ရေရှားပါးသောကျေးရွာများသို့ ရေလှူဒါန်း

နွားထိုးကြီး ဇွန် ၇

နွားထိုးကြီးမြို့နယ်ရှိရေဝန်ပြီး ရေချိုလိုအပ်နေသော ရွှေကြာအင်းရွာ ၂၁အိမ်နှင့် နဘဲသာရွာ ၇၅ အိမ်ကို ရေချို ၁၅ခေါက်ဖြင့်အုတ်ရှစ်ကျင်းရွာမှ မြေအောက်စက်ရေတွင်းရေကို လူမှုအဖွဲ့အစည်းများက ထော်လာဂျီနှင့် ကူညီ လှူဒါန်းကြကြောင်း သိရသည်။

လက်ဝဲရွာ၊ သူစိုးရွာ၊ လက်လူးရွာတို့မှ လူမှုကူညီရေးအဖွဲ့များက ရေစုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး မြင်းခြံနတ်ကြီးပင် အဖွဲ့ကလည်း မာန်လည်ရွာကို ရေသန့်ဘူးများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ သောက်သုံးရေလိုသောရွာများ ဆက်သွယ်နိုင်ကြောင်း သိရသည်။

နွားထိုးကြီးနယ်တွင် မိုးမရွာဘဲ မိုးကွင်းနေ၍ သောက်သုံးရေ ခက်ခဲနေကြောင်း သိရသည်။ **ရွှေမြင့်မောင်**

အခြေခံမီးသတ်သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၇

ဥတ္တရသီရိခရိုင် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အရန်မီးသတ်တပ်ဖွဲ့က အခြေခံမီးသတ် သင်တန်းအမှတ်စဉ် (၁/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များက သင်တန်းဆင်းလက်မှတ်၊ မီးသတ်ဝတ်စုံနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ ထို့နောက် တက္ကသိုလ်ဘောလုံးပြိုင်ပွဲကွင်းအတွင်း၌ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

(၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လှုပ်ရှားမှုပုံရိပ်များ

ဘိလိယက်ပြိုင်ပွဲတွင် မြန်မာမှ ကျော်ဦး ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဒုတိယမြောက် ရွှေရရှိသည့် ခြင်းလုံးပြိုင်ပွဲဝင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-စိုးညွန့်

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၇-၆-၂၀၁၅

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	စင်ကာပူ	၂၆	၂၀	၃၃	၈၃
၂	ဗီယက်နမ်	၂၁	၈	၂၀	၄၉
၃	ထိုင်း	၂၀	၂၄	၁၉	၆၃
၄	အင်ဒိုနီးရှား	၁၂	၁၁	၁၆	၃၉
၅	မလေးရှား	၈	၁၆	၁၅	၃၉
၆	မြန်မာ	၇	၁၀	၈	၂၅
၇	ဖိလစ်ပိုင်	၆	၈	၁၅	၂၉
၈	ကမ္ဘောဒီးယား	၁	၁	၂	၄
၉	လာအို	၀	၃	၄	၇
၁၀	ဘရူနိုင်း	၀	၀	၅	၅
၁၁	တီမောလက်စ်တေ	-	-	-	-

ဝူရှူးအားကစားသမား အေးသစ္စာမြင့်ကို ဆုတံဆိပ်နှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

ဘတ်စကက်ဘောအမျိုးသားအသင်းနှင့် Squash အသင်းတို့ ဆီးဂိမ်းဝင်ရောက်ယှဉ်ပြိုင်ရန် စင်ကာပူသို့ သွားရောက်

ရန်ကုန် ဇွန် ၇

ဇွန် ၅ ရက် မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင် ဘတ်စကက်ဘောအမျိုးသားအသင်းနှင့် မြန်မာလက်ရွေးစင် Squash အားကစားအသင်းတို့သည် ယနေ့ နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရေကူးပြိုင်ပွဲ ဒုတိယနေ့တွင် တာအိုလီနှင့် ဂျီးဇက်စကူးလင်းတို့ ရွှေဆုတံဆိပ်ရရှိ

စင်ကာပူ ဇွန် ၇

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရေကူးပွဲစဉ် ဒုတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်ရာ စင်ကာပူမှ တာအိုလီနှင့် ဂျီးဇက်စကူးလင်းတို့က ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ပြီး ဆီးဂိမ်းမှတ်တမ်းတင်နိုင်ခဲ့သည်။

အမျိုးသမီး မီတာ ၅၀ လိပ်ပြာရေကူးပြိုင်ပွဲတွင် တာအိုလီက ၂၆ ဒသမ ၅၈ စက္ကန့်ဖြင့် ဆီးဂိမ်းစံချိန်သစ် ချိုးနိုင်ခဲ့သည်။ ယခင်စံချိန်ဟောင်းမှာ ၁၆ ဒသမ ၅၉ စက္ကန့်ဖြစ်သည်။ စင်ကာပူမှ ကွက်တင်ဝမ်သည် ၂၇ ဒသမ ၂ စက္ကန့်ဖြင့် ငွေတံဆိပ်ဆုရရှိခဲ့ပြီး ဖိလစ်ပိုင်မှ ဂျက်စ်မိုင်းအယ်လ်ခါဒီက ၂၇ ဒသမ ၄၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသားမီတာ ၁၀၀ အလွတ်တန်းရေကူးပြိုင်ပွဲတွင် ဂျီးဇက်စကူးလင်းက ၄၈ ဒသမ ၅၈ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့ပြီး ဆီးဂိမ်းမှတ်တမ်းတွင် စံချိန်သစ်တင်နိုင်ခဲ့သည်။ **သက်မွန်ဦး**

ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မြန်မာရိုးရာလှေအဖွဲ့ ပြိုင်ပွဲဝင်နေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

ဆီးဂိမ်း ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသူ သန်းသန်းစိုးအား မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ် ကြိုဆို

ရန်ကုန် ဇွန် ၇

စင်ကာပူနိုင်ငံ၌ ဇွန် ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သော သန်းသန်းစိုးသည် ဒုတိယငွေတံဆိပ်ဆုဆွတ်ခူးရရှိပြီး လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်လာရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ပြေးခုန်ပစ်အားကစားနည်း နာယက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ချော၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်နန်းအေးခိုင်နှင့် အဖွဲ့ဝင်များက ပန်းစည်းများဖြင့် ကြိုဆိုခဲ့ကြသည်။

၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် ခုနစ်ဦးဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုနှင့်တတိယဆုကို ဗီယက်နမ်နိုင်ငံက ရရှိပြီး ဒုတိယဆုကို မြန်မာနိုင်ငံမှ သန်းသန်းစိုးက ရရှိခဲ့သည်။ **(သတင်းစဉ်)**

ယခုနှစ်မိုးရာသီတွင် ညောင်ဦးမြို့နယ်အတွင်း သစ်မျိုးစုံ ၈၀၀ စိုက်ပျိုးမည်

နေပြည်တော် ဇွန် ၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် ဇွန် ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာယာစုကျေးရွာ၌လည်းကောင်း၊ ဇွန် ၃ ရက်က မကွေးတိုင်းဒေသကြီး မြင်မြို့နယ် ထန်းငယ်တောကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာတို့၌လည်းကောင်း ထူးချွန်စံပြကျေးရွာဆုများနှင့် စွမ်းအားမြင့်မီးဖိုများပေးအပ်ကာ ဒေသနေပြည်သူများ တင်ပြသည့်လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(KOICA) စီမံကိန်းနေရာသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းခွင်၌ စီမံကိန်းမန်နေဂျာ Mr.Yoom Hamchulနှင့် ကိုရီးယားကျွမ်းကျင်သူ ပညာရှင်အဖွဲ့အားတွေ့ဆုံကာ စိုက်ခင်းတည်ထောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ စိုက်ခင်းများရေရှည်တည်တံ့စေရေး၊ ထိန်းသိမ်းဆောင်ရွက်မှု၊ တိုးချဲ့ပညာပေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံကိန်းစိုက်ခင်းဟောင်းများ ထိန်းသိမ်းဆောင်ရွက်မှု၊ စိုက်ခင်းများ ရှင်သန်ကြီးထွားဖြစ်ထွန်းမှု၊ ဒေသဖွံ့ဖြိုးရေး တာဝန်ယူဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

KOICAအဖွဲ့သည် ယခုနှစ်မိုးရာသီအတွင်း ညောင်ဦးမြို့နယ်၊ နတ်ပလွင်ကျေးရွာအနီးနှင့် ကျောက်ပြင်ကန်ကျေးရွာအနီး၌ ဒေသခံသစ်မျိုးအပါအဝင် သစ်မျိုးစုံ ၈၀၀ စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်သည်။ အဆိုပါ အဖွဲ့သည် ပုဂံညောင်ဦးဒေသ၌ ၁၉၉၈ ခုနှစ်မှ စတင်၍ ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၂၀၀၉ ခုနှစ်တွင် တတိယအကြိမ်စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခုနှစ်စိုက်ပျိုးမည့် စတုတ္ထအကြိမ် အထိ စိုက်ခင်းဧရိယာ ၈၀၂၀၀ ကျော် တည်ထောင်နိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် မြန်မာကုန်သည်/စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိသျှကုန်သည်ကြီးများအသင်းတို့ လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၇

နှစ်နိုင်ငံကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်စီးပွားရေးလုပ်ငန်းရှင်များ ချစ်ခင်ရင်းနှီးမှုတိုးမြှင့်ရေးအတွက် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ဗြိတိသျှကုန်သည်ကြီးများအသင်းတို့သည် ဇွန် ၅ ရက်က နားလည်မှုစာချွန်လွှာတစ်ရပ် ရေးထိုးခဲ့ကြသည်။

နားလည်မှုစာချွန်လွှာရေးထိုးလိုက်ခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ဆက်ဆံရေးတိုးမြှင့်ရေး၊ သတင်းအချက်အလက်များ မျှဝေရေးနှင့် ကုန်စည်ပြပွဲများကျင်းပရေးတို့ကို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောကြားသည်။ ထို့ပြင် ဒေါက်တာ မောင်မောင်လေးက ယူကေနှင့် မြန်မာတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု များစွာကိုအောင်မြင်စွာလုပ်ဆောင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယခုစာချုပ်တွင် စီးပွားရေးလုပ်ကိုင်ရာ၌ လိုအပ်သည့်ကျင့်ဝတ်ပိုင်းလိုက်နာစောင့်ထိန်းမှု အလေ့အထများကိုပါ မြင့်တင်မည်ဆိုသည့်အချက်ပါ ပါဝင်ကြောင်း ထပ်လောင်းပြောကြားသည်။

ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်ဗြိတိသျှကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ မစ္စတာ တိုနီပီကွန်တို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်အရ ထိုအသင်းအဖွဲ့နှစ်ခုလုံးအနေဖြင့် နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပူးတွဲနက်ဝပ်ကင်း၊ အခွင့်အလမ်းများ ဖော်ဆောင်ရေးနှင့်စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တာဝန်ယူမှုရှိသော ကုမ္ပဏီများပေါ်ထွက်လာရေးအတွက် ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း၊ သဘောတူညီချက်မှသည် မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် ဗြိတိသျှကုမ္ပဏီများ ကုန်သွယ်မှုကို ပိုမိုသွက်လက်လာမည်ဖြစ်ကြောင်း ဗြိတိသျှကုန်သည်ကြီးများအသင်းမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဂျွန်လောင်ဝပ်သ်က ဆိုသည်။ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်အထိ မြန်မာနိုင်ငံတွင် ယူကေကကုမ္ပဏီ ၄၈ ခုမှ အမေရိကန်ဒေါ်လာ ၃ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံလျက်ရှိသဖြင့် ယူကေသည် မြန်မာနိုင်ငံအတွင်း စတုတ္ထမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ **ကျော်သဲအိမ်**

တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်း

စစ်တွေမြို့

ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုသူ ၂၉၄၈၀ ရှိရာ ၆၈၁၉ ဦးအောင်မြင်ခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုလုံး အောင်ချက် ၂၃ ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပြည်နယ်တစ်ခုလုံးတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူး ရှင် ၄၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၅၉၉ ဦးရှိပြီး စုစုပေါင်းဂုဏ်ထူးရှင် ၉၄၇ ဦးရှိသည်။

ရခိုင်ပြည်နယ်တွင် မင်းပြားမြို့နယ်သည် အောင်ချက်ရာခိုင်နှုန်း ၃၂ ဒသမ ၂၂ ဖြင့် ပထမ၊ သံတွဲမြို့နယ်သည် ၃၀ ဒသမ ၁၁ ဖြင့် ဒုတိယ၊ စစ်တွေမြို့နယ်သည် ၂၈ ဒသမ ၄၁ ဖြင့် တတိယအဆင့်တို့တွင်ရှိပြီး အောင်ချက်အကောင်းဆုံးကျောင်းမှာ သံတွဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ပထမ၊ စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယ၊ စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ တတိယအဆင့်တို့တွင်ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။ **လေးဝတီထွန်းစောခိုင်**

မကွေးမြို့

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၅၆၈၇၂ ဦးရှိခဲ့ပြီး အောင်မြင်သူ ၂၃,၂၃၉ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၉၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၈၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈၄၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၅၈၅ ဦးရှိခဲ့ပြီး တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် အောင်ချက် ၄၀ ဒသမ ၈၆ ရာခိုင်နှုန်း ရကြောင်း သိရသည်။

ညီညီမောင်(မကွေး)

မန်စီမြို့

ကချင်ပြည်နယ် မန်စီမြို့နယ်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ ၃၄၂ ဦး ဖြေဆိုခဲ့ရာ စုစုပေါင်း ၈၉ ဦး အောင်မြင်၍ ၂၆ ဒသမ ၀၂ ရာခိုင်နှုန်း အောင်မြင်ပြီး တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး ရှိကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

တောင်သာမြို့

တောင်သာမြို့နယ်တွင် ဇွန် ၆ ရက် နံနက်ပိုင်းက တက္ကသိုလ်ဝင်အောင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ရာ တစ်မြို့လုံး အောင်ချက် ၂၈ ဒသမ ၅၈ ရာခိုင်နှုန်းရှိပြီး ငါးဘာသာတစ်ဦး၊ လေးဘာသာရှစ်ဦး၊ သုံးဘာသာ ၁၆ ဦး၊ နှစ်ဘာသာ ၃၃ ဦး၊ တစ်ဘာသာ ၁၀၅ ဦး ဂုဏ်ထူးဖြင့် အောင်မြင်ကြောင်း သိရသည်။ **လင်းလက်ကြယ်**

မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း

- ဝက်ခြံကုသမှု အစီအစဉ်များ ...
- ဝက်ခြံအမာရွတ် ကုသမှု ...
- တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
- မျက်နှာအရေးအကြောင်း ကုသမှု ...
- အသားဖြူဝင်းခြင်းအတွက် ကုသမှု ...

နေ့စဉ်ဆေးခန်းဖွင့်ပါသည်။

အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗီဒီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၄၇၊ ၂၅၆၀၄၅

အထူးလိုက်လဲစွာကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်မှူးကြီးရဲရင့်သွေး(ငြိမ်း)- ဒေါ်ခင်မိုးမိုးသန်းတို့၏ သားကြီး မောင်အောင်ဘုန်းပြည့် မလ -၅၅၆အား ၂၀၁၄-၂၀၁၅ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြီးတွင် (၅)ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်ထက်မြက်အောင်မြင်အောင် စေတနာကြီးမားစွာဖြင့် သင်ကြားလမ်းညွှန်ပေးခဲ့ကြသော မိသားစုကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း (မလှိုင်မြို့)မှ ဦးကိုကို-ဒေါက်တာ ဒေါ်ဖြူဖြူစိန်၊ သား ဒေါက်တာကိုကြီး၊ ဒေါက်တာကိုလေး၊ အတန်းပိုင်ဆရာမ ဒေါ်ခိုင်ခိုင်စန်းနှင့်တကွ ဆရာ၊ ဆရာမ အပေါင်းတို့အား အထူးလိုက်လဲစွာကျေးဇူးတင်ရှိပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးရဲရင့်သွေး(ငြိမ်း)-ဒေါ်ခင်မိုးမိုးသန်း
BIKER ဆိုင်ကယ်ရောင်းဝယ်ရေး၊ မျိုးမျိုးကျော်ပိုးထည်
သားကြီး မောင်အောင်ဘုန်းပြည့်
ပြည်မြို့

စက်ရုံ ငှားရမ်းလိုသည်

သီလဝါစက်မှုဇုန်အနီး
စက်ရုံငှားရမ်းလိုသည်။
ဂိုဒေါင်၊ လျှပ်စစ်မီးအဆင်သင့်ရှိရမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၀၁၈၀

Myanmar International Co-operation Agency (MICA)
အကျိုးတူ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရန်
အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းကြီး၊ ယခင်ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်းမြေနေရာရှိ မြေဧရိယာဇုန် F(၁၀၃.၁၆)ဧကပေါ်တွင် Myanmar International Co-operation Agency (MICA)နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသောတိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတင်သွင်းရန်ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ဇုန် F(၁၀၃.၁၆)ဧကပေါ်တွင် ပေ၃၀×ပေ၄၀နှစ်ထပ် (Shophouse) (၂၃)လုံးနှင့် တစ်ခန်းလျှင် 400 Sqft မှ 1200 Sqft အထိ ကျယ်ဝန်းသော အခန်းများပါရှိသည့် ခြောက်ခန်းတွဲ ငါးထပ်အဆောက်အအုံပေါင်း (၃၇၆)လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆိုပြုလွှာ တင်သွင်းသောလုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု (၁၀၀%)ကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၂၄-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ်တွက်ချက်မှုများ (အတွင်း ရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေဈေးနှုန်းနှင့် အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေဈေးနှုန်း)ဖြင့် ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

Myanmar International Co-operation Agency (MICA)
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ရုံးအမှတ်(၃၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၅၂ ၊ ၀၆၇-၄၀၉၂၁၅

မျက်မမြင်ကျောင်းသားလေးဦး တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးများဖြင့် အောင်မြင်

နေပြည်တော် ဇွန် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား လေးဦးသည် ဂုဏ်ထူးများဖြင့် စာမေးပွဲ အောင်မြင်ကြကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုမာ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်မတို့ ကြည့်မြင်တိုင် မျက်မမြင် ကျောင်းသား ကျောင်းသူ ခြောက်ဦး ၂၀၁၅ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုပါတယ်။ နှစ်ဦးကျရှုံးပြီး လေးဦး အောင်မြင်ပါတယ်။ လေးဦးထဲမှာ မောင်ကောင်းစံက ဘောဂ၊ သမိုင်း၊ ပထဝီ သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်ပါတယ်။ မောင်စည်သူထွန်းက သမိုင်း၊ ဘောဂ နှစ်ဘာသာ ဂုဏ်ထူး၊ မောင်အောင်ထွန်းလင်းက သမိုင်း၊ ဘောဂ နှစ်ဘာသာဂုဏ်ထူး၊ မောင်သန်းထွန်းဦးက သမိုင်း တစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ကြပါတယ်။"

"မျက်မမြင်ကျောင်းသားဖြစ်တဲ့အတွက် တစ်ဆင့်နိမ့်တဲ့ နဝမတန်းအဆင့်ရှိ ကျောင်းသားအကူအညီနဲ့ ဖြေဆိုကြရတယ်။ စာမေးပွဲမှာ ပုံတွေကို မရေးဆွဲနိုင်ဘူး။ ဒါ့ကြောင့်မို့ စာမေးပွဲမှာ အမှတ် ၁၀၀ ဖိုး ဖြေရတဲ့အတွက် ပုံဆွဲ အမှတ် ၃၀ ဖိုးခန့်ကို လုံးဝဆုံးရှုံးပါတယ်။ သူတို့အတွက် ၇၀ မှတ်ဖိုးပဲရပါတယ်။ အမှတ် ၇၀ မှာ အောင်မှတ် ၄၀ ရအောင် ကြိုးစားပြီး ဖြေဆိုရပါတယ်။ ဒါ့အပြင် သင်္ချာဘာသာရပ်မှာ အောင်မှတ်ရဖို့မနည်း ကြိုးစားဖြေဆိုရပါတယ်" ဟု ၄င်းက ဆက်လက်ပြောသည်။

ယခု အောင်မြင်သည့် ကျောင်းသားများကို လူမှုဝန်ထမ်းဦးစီးဌာနက ဂုဏ်ပြုပြီး တက္ကသိုလ်ပညာရပ်ကို ဆက်လက်ဆည်းပူးစေကာ ဘွဲ့ရသည်အထိ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း၊ ထောက်ပံ့ပေးမည့်အလျှူရှင်များ ပေါ်လာမည်ဖြစ်၍ ၄င်းတို့အတွက် အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မျက်မမြင်ကျောင်းမှာ မူလတန်းမှ တက္ကသိုလ်ဘွဲ့ရသည်အထိ လူမှုဝန်ထမ်းဦးစီးဌာန၏အစီအစဉ်ဖြင့် ကျောင်းအိပ် ကျောင်းစား အခမဲ့ပညာသင်ကြားပေးကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာ သင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် ရှိကြောင်း ဒေါ်စုစုမာက ပြောကြားသည်။

ကြည့်မြင်တိုင် မျက်မမြင်ကျောင်းကို ၁၉၁၄ ခုနှစ် သြဂုတ် ၄ ရက်တွင် စတင်တည်ထောင် ခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနက ၁۹۶၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် လွှဲပြောင်းတာဝန်ယူခဲ့သည်။ မျက်မမြင်ကျောင်း၏ သက်တမ်းမှာ ယခုအခါ နှစ် ၁၀၀ပြည့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အောင်သူရ

ရထားလမ်းများ အဆင့်မြှင့်တင်

ရေတာရှည် ဇွန် ၇

နေ့စဉ်ရထားစီး၍ ခရီးသွားကြသူများ သက်သောင့်သက်သာ စီးနင်းနိုင်ရေးအတွက် ဇွန် ၆ ရက်က အုတ်တွင်းမြို့နယ် သောင်းတိုင်ကုန်း ရထားလမ်း မိုင်တိုင် ၁၆၂/၀ မှ ရေတာရှည် မြို့နယ်အတွင်း မိုင်တိုင် ၂၀၆/၂၀ အတွင်း ပါကင်ရိုက်ခြင်း၊ ကျောက်သားဖြည့်တင်းခြင်း၊ အနိမ့်ပိုင်းနေရာများ ချိန်ညှိခြင်းလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ရထားမတော်တဆမှုတွေ မဖြစ်စေရေး၊ ရထားခုန်ဆောင့် လူးနိုင်မယ့်နေရာ၊ ရေဝပ်နိုင်တဲ့နေရာ၊ တံတားအဝင်အထွက်နေရာ၊ ကားလမ်း ကူးဝင်ထွက်နေရာတွေနဲ့ သံလမ်းကူးတွေကို အဓိကပြုပြင်ပေးနေပါတယ်"ဟု အငယ်တန်းအင်ဂျင်နီယာ ဦးကျော်ကျော်ဦးက ပြောသည်။

ယခုနောက်ပိုင်း လမ်းပိုင်းဆိုင်ရာ ပြုပြင်မှုများကြောင့် ရထားစီးနင်းရာ၌ သက်သောင့်သက်သာရှိကြောင်း ခရီးသည်တစ်ဦးကပြောသည်။

ကိုလွင်(ဆွာ)

ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး မိဘပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပေး

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၅-၂၀၁۶ ပညာသင်နှစ်တွင်ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကို ၂၀၁၅ ခုနှစ် မေ (၂၅) ရက်မှ (၃၁) ရက်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်လျက်ရှိနေသော ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးအတွက် သန်းခေါင်စာရင်းနှင့်တိုက်ဆိုင်စိစစ်ပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန်လ (၁) ရက်မှ (၁၄) ရက်အထိ ကျောင်းနေရေးလုပ်ငန်းကိုအောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်-

- ❒ ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၅ခုနှစ် မေလ(၂၉)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းသန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အုပ်ငယ်အခြားဦးရေစာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက်ကောက်နုတ်ပြုစုပြီးကျောင်းအပ်နှံရန်ကျန်ရှိနေသောကလေးများတစ်ယောက်တလေမကျန်စေရဘဲ ကျောင်းအပ်နှံရေး၊
- ❒ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များသည်ရပ်ကွက်၊ ကျေးရွာအလိုက်မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဖွဲ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့်ပူးပေါင်းပြီး ထပ်ဆင့်တွေ့ဆုံ၍ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံး ဆောင်ရွက်ရေး၊
- ❒ ကျောင်းအပ်နှံရေးရက်သတ္တပတ်နှင့် ဇွန်လ (၁) ရက်မှ (၁၄) ရက်အထိကျောင်းနေရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့်အသက်အုပ်ငယ်အခြားဦးရေနှင့် အမှန်တကယ်ကျောင်းအပ်နှံသည့် ဦးရေတို့ကို နှိုင်းယှဉ်ပြီးကျောင်းအပ်နှံမှု ရာခိုင်နှုန်းတွက်ချက်ရေး၊
- ❒ အစိုးရကျောင်းများတွင်အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်ရေး၊
- ❒ ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍အခက်အခဲနှင့် အချက်အလက်များကောက်ယူပြီး (Non Formal Education)ကျောင်းပြင်ပပညာရေးအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တို့ပေါင်းစပ်လျက်လူတိုင်းစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်ရေး၊
- ❒ အတန်းအလိုက် အတန်းပြီးမြောက်မှုနှုန်းနှင့် အတန်းအလိုက်အတန်းကူးပြောင်းမှုနှုန်း ခြားနားမှုများကို တွက်ချက်ပြီးကျောင်းမနေနိုင်သည့် အခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လေ့လာသုံးသပ်၍ ကျောင်းပြင်ပပညာရေး (Non Formal Education)နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocatoional Education)တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်သင်ကြားလေ့ကျင့်နိုင်ရန် စီမံဆောင်ရွက်ရေး၊
- ❒ အခြေခံပညာအဆင့်အလိုက်ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရန်အတွက် တစ်နိုင်ငံလုံးအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းများကိုဖွင့်လှစ်ထားရှိရာ မိမိတို့၏ ပညာအရည်အချင်းအရရွေးချယ်တက်ရောက်နိုင်ပါသဖြင့် သက်ဆိုင်ရာပညာရေးမှူးရုံးများနှင့် ဆက်သွယ်သင်ယူနိုင်ရေးတို့အတွက်-

မိဘပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့် စ ဇွန် (၁) ရက်မှ (၁၄) ရက်အထိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းတို့ကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် ပိုင်းဝန်းပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ပေးကြပါရန်နှင့်လိုအပ်လျှင်မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ် ကျောင်း) Ph: 202046,392048,256954

အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း

Basic English Speaking		
10-11:30	(Mon ~ Thurs)	17 Jun
9 - 12:00	(Sat + Sun)	20 Jun
1 - 2:30	(Mon ~ Thurs)	22 Jun
1 - 2:30	(Mon ~ Thurs)	29 Jun
Basic Four Skills English		
3:30 - 5	(Mon ~ Thurs)	8,10 Jun
1 - 2:30	(Mon ~ Thurs)	10,23 Jun
6 - 7:30	(Mon ~ Thurs)	15 Jun
1 - 4:00	(Sat + Sun)	20 Jun
10-11:30	(Mon ~ Thurs)	22 Jun
1 - 4:00	(Sat + Sun)	27 Jun
Basic Writing		
10-11:30	(Mon ~ Thurs)	6 Jul
Pre-Intermediate (4-Skill English)		
7:30 - 9	(Mon ~ Thurs)	3 Jun
10-11:30	(Mon ~ Thurs)	17 Jun
9 - 12:00	(Sat + Sun)	20 Jun
10-11:30	(Mon ~ Thurs)	13 Jul
Intermediate (Academic English)		
1 - 2:30	(Mon ~ Thurs)	1 Jun
9 - 12:00	(Sat + Sun)	27 Jun
7:30 - 9	(Mon ~ Thurs)	22 Jul
Vocab Enrichment		
10-11:30	(Mon ~ Thurs)	22 Jun
1 - 4:00	(Sat + Sun)	12 Jul
Basic Grammar		
10-11:30	(Mon ~ Thurs)	6 Jul

လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

Basic English Speaking		
7:30 - 9	(Mon ~ Thurs)	10 Jun
10-11:30	(Mon ~ Thurs)	22 Jun
1 - 2:30	(Mon ~ Thurs)	22 Jun
Basic Four Skills English		
3:30 - 5	(Mon ~ Thurs)	15 Jun
12 - 3:00	(Sat + Sun)	21 Jun
1 - 2:30	(Mon ~ Thurs)	22 Jun
6 - 7:30	(Mon ~ Thurs)	29 Jun
IELTS (Preparation)		
1 - 3:30	(Mon ~ Thurs)	1 Jun
1 - 4:30	(Sat + Sun)	25 Jul
IELTS Exam Practice		
3:30 - 5	(Mon ~ Thurs)	25 May
Pre-Intermediate (4-Skill English)		
7:30-10:30	(Sat + Sun)	27 Jun
6 - 7:30	(Mon ~ Thurs)	13 Jul
Intermediate (Academic English)		
12 - 3:00	(Sat + Sun)	12 Jul
IELTS (Preparation)		
12:30 - 3:30	(Sat + Sun)	20 Jun
IELTS (Speaking)		
1 - 2:30	(Mon ~ Thurs)	8 Jun
IELTS (Reading)		
7:30-9:30	(Mon ~ Thurs)	15 Jun
IELTS (Writing)		
7:30-9:00	(Mon ~ Thurs)	29 Jun

စက်မှုဝန်ကြီးဌာန
မြန်မာ့ဆေးဝါးလုပ်ငန်း
ဆပ်ပြာစက်ရုံခွဲ (ရမည်းသင်း)မှ
ပစ္စည်းအဟောင်း(၈)မျိုးတို့အား ရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆပ်ပြာစက်ရုံ(ရမည်းသင်း) ကြီးကြပ်မှုအောက်ရှိ ဝင်းသူဇာ အရောင်းဆိုင်နှစ်ဆိုင်မှ ပစ္စည်းအဟောင်း(၈)မျိုးတို့အား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါသည်-

(က)	အလူမီနီယံကောင်တာ	၂၀ လုံး	(c) ပွတ်လုံးတိုင် ၄ တိုင်
(ခ)	ဆိုင်းဘုတ်အကြီး	၂ ချပ်	(စ) ပစ္စည်းတင်စင် ၁၀ ခု
(ဂ)	ဆိုင်းဘုတ်အသေး	၁၂ ချပ်	(ဆ) ဗွီနိုင်း ၁ ခု
(ဃ)	နံရံကပ်ဆိုင်းဘုတ်	၁၄ ချပ်	(ဇ) အခြားဆက်စပ်ပစ္စည်းများ

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**	- ၁၁-၆-၂၀၁၅ ရက်(ကြာသပတေးနေ့)
(ခ)	**တင်ဒါပြိတ်မည့်ရက်/အချိန်**	- ၁၆-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ
(ဂ)	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၁၈-၆-၂၀၁၅ ရက် ၁၀:၀၀ နာရီ (ကြာသပတေးနေ့)
(ဃ)	**တင်ဒါတင်သွင်းမည့်နေရာ**	- စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းများဖြင့် စုံစမ်းနိုင်ပါသည်-

မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန
ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၄၀၈၀၆၇

ပြင်ဆင်ဖြည့်စွက်ခေါ်ဆိုပါရန်

အဖ ဦးအောင်မြတ်ကျော်(၁၂/သကတ(နိုင်)၀၉၁၁၈၀၆)၏ သမီး သိရိမြတ်စံ(ခ)သဇွာမြတ်သွယ်အား သိရိမြတ်စံ(ခ)သိရိမြတ်ဘင်(ခ)ကျလာစံဟုဝင်း ချယ်ရီအား ချယ်ရီ(ခ) ချယ်ရီ အောင်ဟုဇင်း ပြင်ဆင်ဖြည့်စွက်ခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

ဦးတုန်းကျားရှိန် ၁၃/ကခန(နိုင်)၀၄၅ ၁၂၀ပိုင်ဆိုင်သော Grand Guardian Insurance Public Co.,Ltd. ၏ Share Certificate အမှတ် ၁၈၉ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၁၈၁၆၅**

ဖခင် အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ရန်အောင် အထက နဝမတန်းမှ မောင်အောင်သူဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့် ၉/ရမသ(နိုင်)၁၆၉၆၃၆ဖြစ်ပါကြောင်း။ **ဦးသန်းမြင့်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3835, Toyota Kluger ACU 20, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၂/ရကန(နိုင်)၀၆၃၆၇၆ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၉၀၃၇၊ Toyota Townace km 701 P/U (4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးဝေဇင်မြင့်ဟန် ၉/ဧရတ(နိုင်)၁၁၃၅၃၀၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/5089 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ပိုင်ရိုက်ဆောက်လုပ်ရေးလုပ်ငန်းများ လိုင်စင်ရှိမှ လုပ်ခွင့်ရတော့မည်

ရန်ကုန် ဇွန် ၇

အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာ၌ ပိုင်ရိုက်တည်ဆောက်သည့်ကုမ္ပဏီများအား လိုင်စင်များထုတ်ပေးသွားမည်ဖြစ်ရာ လိုင်စင်မရှိသူများအနေဖြင့် လုပ်ခွင့်ရတော့မည်မဟုတ်ကြောင်း သိရသည်။

"အထပ်မြင့်အဆောက်အအုံတွေကို ပိုင်ရိုက်တည်ဆောက်မှုများကြောင့် ပတ်ဝန်းကျင်နေအိမ်တွေကို ထိခိုက်မှုရှိလာနိုင်တဲ့အတွက် ပိုင်ရိုက်ဆောက်လုပ်တဲ့ ကုမ္ပဏီတွေကို လုပ်ငန်းလိုင်စင်ထုတ်ပေးဖို့ စီစဉ်နေပါတယ်။ ပိုင်ရိုက်လုပ်ငန်းလုပ်ကိုင်တဲ့ကုမ္ပဏီတွေအနေနဲ့ ပြည့်စုံတဲ့ ပိုင်ရိုက်စက်ကိရိယာတွေ၊ ကျွမ်းကျင်လုပ်သားတွေ ရှိရမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(အဆောက်အအုံဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပိုင်ရိုက်လုပ်ငန်းများ လုပ်ကိုင်ရာတွင် အောက်ခံမြေသားပျော့သည့် မြို့နယ်များ၌ ပိုင်ကိုအလွယ်တကူရိုက်နိုင်သော်လည်း မြေသားမာကျောသည့် မြို့နယ်များ၌မူ ခက်ခဲစွာရိုက်ရပြီး ဘေးပတ်ဝန်းကျင်ရှိ အဆောက်အအုံများပါ တုန်ခါမှုကြောင့် အက်ကွဲမှုများဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

ပေ ၂၀၊ ပေ ၆၀ ရှိ မြေတစ်ကွက်တွင် ပိုင်ရိုက်တည်ဆောက်ပါက အဆောက်အအုံအမြင့်နှင့် ပိုင်အနက်အပေါ်မူတည်၍ ဖောင်ဒေးရှင်းအဆင့်မှာပင် အနည်းဆုံးကျပ်သိန်း ၂၀၀ ခန့်ကုန်ကျကြောင်း သိရသည်။ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် ပိုင်ရိုက်တည်ဆောက်ခြင်းသည် ရိုးရိုးဖောင်ဒေးရှင်းတူးပြီးတည်ဆောက်ခြင်းထက် ကုန်ကျစရိတ်ပိုများသော်လည်း အဆောက်အအုံ ပိုမိုခိုင်ခံ့သဖြင့် ပိုင်ရိုက်တည်ဆောက်မှုများ များလာခြင်းဖြစ်သည်။

ရန်ကုန်မြို့၌ မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များတွင်ပါ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်မှုများလာသဖြင့် ပိုင်ရိုက်သော ဆောက်လုပ်ရေးကုမ္ပဏီများမှာ လုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နေရလျက်ရှိသည်။ အထပ်မြင့်အဆောက်အအုံများကို ပိုင်ရိုက်တည်ဆောက်ရာတွင် ဘေးပတ်ဝန်းကျင်နေအိမ်များ ထိခိုက်မှုမရှိစေရေးအတွက် ပိုင်ရိုက်ကုမ္ပဏီများကို လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် လုပ်ငန်းလိုင်စင်ရှိသူများသာ ပိုင်ရိုက်လုပ်ငန်းကို လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြေသားစမ်းသပ်သော (Soil Test) လုပ်ငန်းများကိုလည်း လုပ်ငန်းလိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြေသားစမ်းသပ်မှုလုပ်ကိုင်သည့် လုပ်ငန်းများသည်လည်း အဆောက်အအုံတည်ဆောက်ရန် မြေသားစမ်းသပ်ရာတွင် အလွယ်တကူ စမ်းသပ်တိုင်းတာမှုများ လုပ်နေသဖြင့် တွက်ချက်မှုမှားမှားယွင်းကာ အဆောက်အအုံများ ရွှဲခြင်း၊ တိမ်းစောင်းခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် လိုင်စင်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပိုင်ရိုက်လုပ်ငန်းနှင့် မြေသားစမ်းသပ်မှုလုပ်ငန်းနှစ်မျိုးလုံးအတွက် လိုင်စင်များထုတ်ပေးပြီးနောက် မှားယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက လုပ်ငန်းဆောင်ရွက်ပေးသောကုမ္ပဏီအား သတိပေးခြင်းနှင့် အရေးယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ကြီတိုင်းအောင်**
ဓာတ်ပုံ-သက္က

ဒုတိယအကြိမ်မြောက် မြန်မာဂီတပွဲတော်ကျင်းပမည်

ရန်ကုန် ဇွန် ၇

ကမ္ဘာ့ကုလသမဂ္ဂ၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ်လည်းဖြစ်ပြီး မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှလည်း ပူးပေါင်းပါဝင်သည့် ဒုတိယအကြိမ်မြောက် မြန်မာဂီတပွဲတော်ကို ရန်ကုန်မြို့တွင် ဇွန် ၈ ရက်(**ယနေ့**)မှ ၁၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂီတပွဲတော် ဖျော်ဖြေပွဲများကို ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ၊ ပါရမီဆေးရုံ၊ ရန်ကုန်ဂယ်လာရီနှင့် ဆွစ်ဇာလန်သံရုံးတို့တွင် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဇွန် ၁၄ ရက် ညနေ ၆ နာရီခွဲတွင် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ နိုင်ငံတကာအဆင့် ဂီတတူရိယာပညာရှင်များနှင့် မြန်မာဂီတပညာရှင်များ ပူးပေါင်းတင်ဆက်သည့် မြန်မာ့ဂီတပွဲတော် ဂန္ဓဝင်ဂီတဖျော်ဖြေပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဂီတပွဲတော် ရက်သတ္တပတ်မတိုင်မီနှင့် ရက်သတ္တပတ်အလွန်တွင်လည်း နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်များအဖြစ် ပြည်၊ မန္တလေးနှင့် မြစ်ကြီးနား မြို့များသို့ ဂီတပညာရှင်များက သွားရောက်ဖျော်ဖြေပေးမည်ဖြစ်ကြောင်း၊ နယ်လှည့်ဖျော်ဖြေပွဲများတွင် အမေရိကန်မှ ကမ္ဘာလှည့်စန္ဒရားပညာရှင်နှင့် ထိုင်ဝမ်လူမျိုးစန္ဒရားပညာရှင်များက အဓိကပါဝင်တင်ဆက်မည်ဖြစ်ပြီး အမေရိကန်မှ တယောပညာရှင်နှင့် အဆိုပညာရှင်များကလည်း အားဖြည့်တင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေတင်ဆက်မှုများအပြင် ဂီတဆိုင်ရာ အထူးတန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ကြားပို့ချမှုများနှင့် စွန့်ဦးတီထွင် တေးဂီတလေ့ကျင့်ရေး အစီအစဉ်များကိုလည်း ထိုင်ဝမ်ရှိ ပစိဖိတ်-အမေရိကန်ဂီတကျောင်းမှ ကျောင်းသားကျောင်းသူများက လာရောက်ပူးပေါင်း၍ ခရေနိုင်ငံတကာကျောင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် အစီအစဉ်အားလုံးသည် ဝင်ကြေးအခမဲ့ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။
မွန်းဦးနဒီ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဟောပြောပွဲ ဗြိတိသျှကောင်စီ၌ကျင်းပ

ရန်ကုန် ဇွန် ၇

ကမ္ဘာ့ကုလသမဂ္ဂညီလာခံက သတ်မှတ်ထားသည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို ဇွန် ၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တက်နားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ဗြိတိသျှကောင်စီမြန်မာက ကြီးမှူးကျင်းပခဲ့သည်။

Myanmar Climate Change Watch မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာထွန်းလွင်က "သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေနဲ့ပတ်သက်တဲ့ ကုလသမဂ္ဂရဲ့ တွေ့ရှိချက် ၁၀ ချက်ကို ဟောပြောခဲ့ပါတယ်။ ပျက်စီးရတဲ့အကြောင်းအရင်းတွေကိုတော့ လူတွေက အနည်းနဲ့အများ သိရှိနေပြီးဖြစ်တယ်။ နိုင်ငံအစိုးရတွေရဲ့ စီးပွားရေးတိုးတက်အောင် ပြုလုပ်ကြတဲ့နေရာမှာ အရင်ဆုံး ကောင်းမွန်မှန်ကန်တဲ့ သုတေသနတွေ၊ ဆန်းစစ်ချက်တွေကို ရှာဖွေမှုအားနည်းတဲ့အတွက် ဖြစ်ပေါ်လာတဲ့ အကျိုးရလဒ်လွဲမှုတွေ ရှိနေတယ်။ ဒါ့အပြင် လူသားတွေအနေနဲ့လည်း တို့ကမ္ဘာကြီးက သယံဇာတတွေ ထုတ်ယူမကုန်နိုင်ဘူးဆိုတဲ့ အယူအဆမှားတွေကို ရှောင်ကြပါလို့ တိုက်တွန်းချင်တယ်။ လိုက်နာခြင်းမရှိတဲ့အတွက် ကမ္ဘာကြီးက လူသားတွေအတွက် လိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်တော့တဲ့အခါမှာ လူသားတွေအနေနဲ့ အနည်းနဲ့အများဆိုသလို ဒုက္ခတွေ ရောက်ရှိလာနိုင်တာကြောင့် သတိချပ်စေချင်ပါတယ်" ဟု ပြောကြားသည်။

ဟောပြောပွဲတွင် ဒေါက်တာထွန်းလွင်နှင့် Myanmar Enviroment Working မှ အကြီးပေးအရာရှိ ပါမောက္ခဦးခင်မောင်ချိုတို့က ကမ္ဘာကြီးတွင် သဘာဝသယံဇာတများ လျော့ပါးလာခြင်းနှင့် လူသားတို့က စွမ်းအင်များ အဆမတန် ထုတ်ယူသုံးစွဲခြင်းကြောင့် ဂေဟစနစ်များ တစ်စတစ်စ လျော့ပါးပျောက်ကွယ်လာရခြင်း၊ ၄င်းတို့၏ အကျိုးဆက်များအကြောင်း စသည်တို့ကို အသေးစိတ်ဟောပြောခဲ့သည်။ **မြတ်စန္ဒီသင်းဇော်**

လူသားတွေအနေနဲ့လည်း တို့ကမ္ဘာကြီးက သယံဇာတတွေ ထုတ်ယူမကုန်နိုင်ဘူးဆိုတဲ့ အယူအဆမှားတွေကို ရှောင်ကြပါလို့ တိုက်တွန်းချင်တယ်။ ကမ္ဘာကြီးက လူသားတွေအတွက် လိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်တော့တဲ့အခါမှာ . . .

HILUX SURF ကားရောင်းမည်။ (09-8611308)
96 Model ၊ အော်တိုဂီယာ၊ 1 KZ အင်ဂျင်၊ ပြာမီးခိုးရောင်၊ 1D/5000 ထောင်ကျော်၊ ရန်ကုန်လိုင်စင် TV, Back Camera, Air-Con, All Power
(ရောင်းဈေး သိန်း၁၇၀) (အကျိုးဆောင်ကြော်ငြာသည်းခံပါ။)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ပွဲစားမလို)
စမ်းချောင်း၊ စမ်းချောင်းလမ်းမ၊ ပေ(၂၀×၆၀)၊ ပဉ္စမထပ်၊ ပါကေး၊ ကြွေပြားကပ်၊ သံပန်း၊ ဆန်းရှိတ်၊ အိပ်ခန်း(၃)၊ ဘိုထိုင်၊ ရေမီးစုံ၊ မြင်ဆင်ပြီး၊ တိုက်သန့်၊ (၇၆၀)သိန်း
ဆက်သွယ်ရန် - ၀၉-၃၃၃၂၂၄၄၉၀၊ ၀၉-၅၁၁၄၄၆၇၃

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၀၈၇၊ အကျယ်အဝန်း(အလျားင၀×အနံ၆၀)ပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေပေါ်ရှိယခုအခေါ်ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၁၀၈၇)ဟု ခေါ်တွင်သည့်အိမ်ခန့်တက္ကအကျိုးခံစားခွင့်အားလုံးကိုမြို့မြေဈေးရင်း တွင် အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးအောင်စိန် (O/RGN-၀၀၀၀၄၂)၏ အမွေဆက်ခံသူသားသမီးများဖြစ်သော ၁။ ဦးတင်ဦး ၁၂/ဥကတ(နိုင်)၀၃၃၄၅၅၅၊ ၂။ ဒေါ်ခင်ဆော် ၁၂/ဥကတ(နိုင်)၀၃၄၈၆၇၊ ၃။ ဒေါ်စမ်းစမ်းမော် ၁၂/ဥကတ(နိုင်)၀၃၆၉၁၉ တို့ထံမှ ကျွန်ပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းနှင့်တက္ကကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မြလှဝင်း (L,L.B,D.B.L) အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၅၊ ၀၉-၅၁၅၁၈၃၃

"အမြန်ငှားမည်"
မြေနီကုန်း၊ ဓမ္မစေတီလမ်းနှင့်ဗားဂရာလမ်းဒေါင့်၊ ပန်းခြံတာဝါ တတိယထပ်၊ 1100 Sqft ၊ (ဓာတ်လှေကား၊ ကားပါကင်ပါ)၊ နေရန်အသင့်၊ ပြင်ဆင်ပြီးအခန်းအား အမြန်ငှားမည်။
ဆက်သွယ်ရန် - 09-5557855, 09-420287627, 09-450032403

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၈၂
ကွယ်လွန်သူ ဦးထိန်ဝင်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်ခင်သိန်း(ခ)ချိုချိုလွင် **လျှောက်သူ**
ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၉ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-ဆ ၆/၁၊ ၂၃၃၊ ၂၃၉၊ လေမှုတစ်ရံဝင်းနေ ဒေါ်ခင်သိန်း(ခ)ချိုချိုလွင်က ကွယ်လွန်သူ ဦးထိန်ဝင်း၏ ဇနီးဖြစ်သည်ဟူ၍ ၄င်းကွယ်လွန်သူ ဦးထိန်ဝင်းမှာကျန်ရှိရစ်သောပစ္စည်း ပိုင်နက်ရရန်ရှိသောကြေးမြီများကို ကောက်ခံရန်အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးခွဲလျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးထိန်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်သူ ဒေါ်ခင်သိန်း(ခ)ချိုချိုလွင်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။
၂၀၁၅ခုနှစ် ဇွန် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
(နှင်းသီတာ)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

O.T.S (71) စည်သူတပ်ခွဲ သူငယ်ချင်းများသို့
ဖိတ်ကြားခြင်း
၁။ ၂၀-၆-၂၀၁၅ ရက် (စနေနေ့)တွင် ကျရောက်မည့် O.T.S(71) ၏ ကျောင်းဆင်းပွဲ(၂၉)နှစ်မြောက် အထိမ်းအမှတ် စုပေါင်းအလှူဒါနပြုပွဲများ၊ ဆရာကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါနေ့ရက်၊ အချိန်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	နေရာ
စုပေါင်းအလှူဒါနပြုပွဲ	၂၀-၆-၂၀၁၅ ရက် (စနေနေ့)	(၁) ဇီဝိတဒါနသံဃာ့ဆေးရုံ ဗဟန်း၊ ရန်ကုန်မြို့။
	၀၈း၃၀ နာရီ	(၂) သုခကာရီသီလရှင်စာသင်တိုက် လှော်ကား(သံဃာ့ဆေးရုံတွင်သာ လှူဒါန်းလက်ခံမှုပြုလုပ်ပါမည်။)
	၁၂း၀၀ နာရီ	တပ်မတော်အရိုးအထူးကုဆေးရုံကြီး (ခုတင် ၅၀၀)၊ မင်္ဂလာဒုံ။
ဆရာကန်တော့ပွဲ	၁၈း၀၀ နာရီ	M3 Food Centre
ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံညစာစားပွဲ		ဗဟန်းအားကစားကွင်း

၂။ အလှူငွေများထည့်ဝင်ခြင်းနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ကြသော သား၊ သမီးများ၏ အမည်စာရင်းအား အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ ဆက်သွယ်ပေးပို့ရန်နှင့် အထက်ပါအလှူဒါနပြုပွဲ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ မိသားစုနှင့်အတူ တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။ (ဖိတ်စာသီးခြားမပို့ပါ။)

ရန်ကုန်		နေပြည်တော်	
ကျော်နိုင်မြင့်	ဖုန်း-၀၉-၅၁၀၁ဂ၇	မြင့်ဝေ	ဖုန်း-၀၉-၄၉၂၄၉၃၀ဖ
ထွန်းဖေ	ဖုန်း-၀၉-ဂ၇၀ဖ၉၄	မြင့်သူ	ဖုန်း-၀၉-၄၉၂၀၁၂၇၃
တင်ထွန်း	ဖုန်း-၀၉-၄၂၀၃ဂ၄၄၇	နေမျိုးသန်း	ဖုန်း-၀၉-ဂ၆၁ဝ၂ဖ၃
ရန်အောင်	ဖုန်း-၀၉-၅၀၉၂၀ဂ၀	ကျော်ဆန်း	ဖုန်း-၀၉-ဂ၃ဝ၄ဂ၀၂
ဝင်းဦး	ဖုန်း-၀၉-ဂ၀ဂ၄၄၄ဂ	ခမ်းအောင်	ဖုန်း-၀၉-ဂ၀၂ဝ၀၉၉

ကျွန်တော်နဲ့ အလုပ်ရုံဆွေးနွေးပွဲ

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ပြီးခဲ့တဲ့စနေနဲ့ တနင်္ဂနွေနေ့မှာ ကျွန်တော် နေပြည်တော်မှာ ကြီးမျူးကျင်းပတဲ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲမှုအတွက် အကြို ညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်။

ကျွန်တော့်ကို အလုပ်ရုံဆွေးနွေးပွဲနဲ့ပတ်သက်ပြီး Design လုပ်ပေးဖို့ တာဝန်ပေးခဲ့ပါတယ်။ ကျွန်တော်က ဒီအခွင့်အရေးကို ကြိုဆိုခဲ့ပါတယ်။ တာဝန်ပေးတဲ့ လူကြီးက မိမိကို ယုံယုံကြည်ကြည်နဲ့ ပေးထားတဲ့ တာဝန်ကို ကျေချင်လှတယ်။ အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုကို စနစ်တကျ သပ်သပ်ရပ်ရပ် လုပ်ဆောင်ခွင့်ရ တဲ့အခွင့်အရေးကိုလည်း ရအောင်ယူခဲ့ပါတယ်။

နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲတွေကို မကြာခဏ ကျင်းပခဲ့ကြတယ်။ တချို့ကို ကိုယ်တိုင် တက်ခဲ့ပါတယ်။ တချို့တွေကိုတော့ သတင်းစာတွေ ဂျာနယ်တွေမှာ ဖတ်ခွင့်ရခဲ့တယ်။ ရန်ကုန်မှာလည်း ဒီအတိုင်းပါပဲ။ ငယ်ငယ်က ပြောခဲ့သလို "ခေတ်မီတဲ့ သူတိုင်းပင်လယ်ငါးစားတယ်" နေရာတိုင်းမှာအလုပ် ရုံဆွေးနွေးပွဲတွေ လုပ်ကြတာတွေ့ရပါတယ်။ ဒါပေမယ့် အခေါ်အဝေါ် အသုံးအနှုန်းနဲ့တကယ် လက်တွေ့ ဆောင်ရွက်ချက်တွေဟာ ကွဲပြားနေတာတွေ့ရတယ်။ အလုပ်ရုံဆွေးနွေးပွဲလို့ ခေါ်ပေမယ့် ဆွေးနွေးပွဲတွေ ဖြစ်ကြတယ်။ စာတမ်းဖတ်ပွဲတွေလုပ်ကြတယ်။ ဒီလို ဖြစ်တာလည်း ပညာရှင်တွေကနေ သူတို့ယဉ်ပါးတာ ကိုလုပ်ကြခြင်းသာဖြစ်တယ်။ စာတမ်းဖတ်ပွဲတွေ လုပ်တာက အကျင့်ပါနေကြပြီ။ တင်ပြစရာရှိတာတွေကို ပြည့်ပြည့်စုံစုံတင်ပြလိုတဲ့ စေတနာနဲ့ လုပ်နေကြတာ။ အခုလိုဖြစ်တာမို့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက် လာသူတွေဟာ စာတမ်းဖတ်ပွဲကို လာပြီးနားထောင် နေကြရတယ်။

အမှန်တော့ အလုပ်ရုံဆွေးနွေးပွဲမှာအဓိကက အလုပ်ရုံဆိုတာ ဖြစ်ပါတယ်။ အဓိဗွာယ်က အလုပ်လုပ်ရမှာဖြစ်တယ်။ တက်ရောက်လာသူတွေအနေနဲ့ နားထောင်ဖို့ လာတာမဟုတ်ဘဲအလုပ်လုပ်ဖို့ လာတာ ဖြစ်ရမယ်။ အလုပ်လုပ်တာမပါရင် အလုပ်ရုံ ဆွေးနွေးပွဲဆိုတာ မဖြစ်နိုင်ပါဘူး။ ယေဘုယျအားဖြင့် အလုပ်ရုံ ဆွေးနွေးပွဲမှာ ပုဂ္ဂိုလ်အမျိုးအစား သုံးမျိုး ရှိပါတယ်။ ပထမကတော့ အလုပ်ရုံဆွေးနွေးပွဲကို အဆင်ပြေ ချောမွေ့အောင် စီစဉ်ဆောင်ရွက်သူဖြစ်တယ်။ ဒီပုဂ္ဂိုလ်ကို (facilitator) လို့ ခေါ်ဝေါ်ကြတယ်။ သူတို့ဟာ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေ မဟုတ်ဘဲ တက်ရောက်လာသူများ အချင်းချင်း ဆွေးနွေးမှုတွေကို အားပေးစေ့ဆော်ပေးတဲ့ သူဖြစ် တယ်။ ဒုတိယကတော့ လိုအပ်ရင်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေဖြစ်တယ်။ ဒီပုဂ္ဂိုလ်ကို စွမ်းအားရှင် (Resource Person) လို့ ခေါ်ဝေါ်သတ်မှတ်တယ်။ သူတို့ဟာ ဆွေးနွေးမှုကို အထောက်အကူဖြစ်စေဖို့ အကြောင်းအချက်အလက်ကို လာပြီးတင်ပြတဲ့သူတွေ ဖြစ်တယ်။ စာတမ်းလာဖတ်သူတွေ မဟုတ်ကြဘူး။ ဘာသာရပ်ကျွမ်းကျင်တဲ့ သူတွေဖြစ်ပေမယ့် သတ်မှတ်တဲ့အချိန်အတွင်း ဆွေးနွေးမယ့်အကြောင်း အရာကို လိုရင်းတိုရှင်း တင်ပြခြင်းသာဖြစ်တယ်။ ပို့ချတဲ့သူ မဖြစ်စေရဘူး။

တတိယနဲ့အရေးကြီးဆုံးကတော့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်တဲ့သူတွေပဲဖြစ်တယ်။ အလုပ်ရုံဆွေးနွေးပွဲရဲ့ အောင်မြင်မှုဟာသူတို့အပေါ် မူတည်ပါတယ်။ ဒီတက်ရောက်လာသူတွေဟာ အလုပ်ရုံ ဆွေးနွေးပွဲခေါင်းစဉ်နဲ့ ရင်းနှီးသူတွေဖြစ်ရမယ်။ ကိုယ့်နေရာနဲ့ကိုယ် တစ်နည်းနည်း ပတ်သက်သူတွေဖြစ်ရမယ်။ သူတို့ဟာ ဒီအလုပ်ရုံဆွေးနွေး ပွဲကို လိုလိုချင်ချင်တက်ရောက်တဲ့သူတွေ ဖြစ်ရမယ်။ စေခိုင်းလို့ တာဝန်ပေးလို့ တက်တာမျိုး မဖြစ်သင့်ပါဘူး။ သူတို့ဟာ အလုပ်ရုံဆွေးနွေးပွဲအတွင်း တက်ကြွစွာ ပါဝင်ဖို့ အဓိကကျတယ်။

အတိအကျသတ်မှတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဓိက ကတော့ အချိန်ကို စီမံခန့်ခွဲမှု (Time Manage-ment) ပဲဖြစ်ပါတယ်။ အချိန်လေးစားမှုဟာ အလွန်အရေးကြီး ပါတယ်။ ဦးဆောင်ဆွေးနွေးသူတွေဟာ ဒါနဲ့ပတ်သက် လို့ စိန်ခေါ်မှုတွေရှိပါတယ်။ သမားရိုးကျ စာတမ်းဖတ်ပွဲ တွေ၊ ဟောပြောပွဲတွေမှာတော့ အချိန်ကို တိတိကျကျ သတ်မှတ်ထားမှုမရှိပါဘူး။ အလုပ်ရုံဆွေးနွေးပွဲမှာတော့ ခပ်ကျပ်ကျပ် ဆောင်ရွက်ရမှာသာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရင် အမှန်းခံရဲဖို့ လိုအပ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ ရာထူးမရှိပါဘူး။ အားလုံးဟာ တစ်ပြေးညီ ကြီးတာ၊ ငယ်တာမရှိဘဲ ကိုယ် ဆွေးနွေးတင်ပြချင်တာကို ရဲရဲဝံ့ဝံ့ တင်ပြခွင့်ရှိပါတယ်။

ဒီနေရာမှာ တစ်ဦးနဲ့တစ်ဦး လေးစားမှုဟာ အရေးကြီး ပါတယ်။ ကြီးတဲ့သူကို လေးစားဖို့ လိုအပ်သလို ငယ်တဲ့သူ ကိုလည်း ဂရုစိုက်ရမှာဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ အဖွဲ့ငယ် ဆွေးနွေးမှုလုပ်ရတာမို့ တစ်ဖွဲ့မှာ (၈-၁၂) ဦး သာရှိပါတယ်။ ဒီအရေအတွက်ကြောင့် တစ်ဦးနဲ့တစ်ဦး ရင်းရင်းနှီးနှီးပွင့်ပွင်းလင်းလင်းဆွေးနွေးသွားနိုင်မှာ ဖြစ်ပါ တယ်။ အခုလို အဖွဲ့ငယ်ဆွေးနွေးရာမှာ တစ်ဦးတစ်ယောက် က အပေါ်စီးနဲ့ လွှမ်းမိုးခွင့်မရှိသလို စိတ်မပါလို့ ဘာမှ ဝင်မဆွေးနွေးတာကိုလည်း လက်မခံပါဘူး။

တတိယအပိုင်းကတော့ အလုပ်ရုံဆွေးနွေးပွဲပြီးချိန် မှာ ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ အလုပ်ရုံ ဆွေးနွေးပွဲ ပြီးချိန်ဟာ အမှန်တကယ်လုပ်ရမယ့်အလုပ်တွေ စရမယ့် ကိစ္စဖြစ်ပါတယ်။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲမှာ တက်ရောက်သူတွေက ၃၅၀ ကျော် ပါတယ်။ ဒီအရေအတွက် တက်ရောက်မယ်ဆိုတာ သိရ တော့ တစ်ဖက်က ဝမ်းသာကျေနပ်ပေမယ့် တစ်ဖက်က တော့ တာဝန်က သိပ်ကြီးတာ။ တက်ရောက်တဲ့သူ အရေ အတွက်ကြောင့် အရင်တုန်းက ပြုလုပ်တဲ့အလုပ်ရုံ ဆွေးနွေးပွဲတွေဟာ စာတမ်းဖတ်ပွဲဆွေးနွေးပွဲတွေ ဖြစ်သွား ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်က အခုတော့ များပြားတဲ့ တက်ရောက် သူတွေကို အုပ်စုလေးစုဖွဲ့ပြီး အုပ်စုတစ်ခုမှာလည်း အုပ်စုခွဲလေးခုထပ်ဖွဲ့စည်းဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီတော့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်တဲ့သူ ၃၅၀ ကျော်ပေမယ့် မိမိအဖွဲ့ငယ်မှာ အများဆုံး ၁၀ ဦးထက် မပိုတာမို့ ရင်းရင်းနှီးနှီးပွင့်လင်းစွာ ဆောင် ရွက်နိုင်ခဲ့ပါတယ်။

ဒီအုပ်စုလေးစုကို ဦးဆောင်ပေးဖို့ ကျွန်တော်နဲ့ အတူ ဒေါက်တာဇော်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြတဲ့ ဒေါက်တာ မောင်မောင်သိမ်း၊ ဒေါက်တာပွင့်ဆန်းနဲ့ ဒေါက်တာ စန်းလွင်တို့ပါဝင်ခဲ့ပါတယ်။ ဒေါက်တာပွင့် စန်းနဲ့ ဒေါက်တာစန်းလွင်ကတော့ အုပ်စုတစ်ဖွဲ့ကို ပူးပေါင်းတာဝန်ယူခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲရဲ့ အလုပ်လုပ်ရတဲ့ အစီအစဉ် လေးရပ် ဖော်ထုတ်ခဲ့ပါတယ်။ ပထမနေ့မှာ ခေါင်းစဉ် နှစ်ရပ်စီကိုဆွေးနွေးပြီး ဒုတိယနေ့မှာတော့ ခေါင်းစဉ် နှစ်ရပ် ဆွေးနွေးခဲ့ပါတယ်။ အခုလို အုပ်စုလေးစု တစ်ပြိုင်တည်းဆွေးနွေးမှုတွေကို ပြန်လည်စုစည်းခဲ့ ရပြန်တယ်။ ဒါမှ ကိုယ်ပါဝင်မဆွေးနွေးခဲ့တဲ့အကြောင်း ကို လူတိုင်းသိနိုင်မှာသာဖြစ်ပါတယ်။ အခုလိုခေါင်းစဉ် တစ်ခုစီကို စတင်ဆွေးနွေးနိုင်ဖို့ ဦးဆောင်ဆွေးနွေး မယ့်သူတွေကိုလည်းတာဝန်ပေးခဲ့ရပါတယ်။ သူတို့ကို လည်း တင်ပြချက်တွေကို တိုတိုနဲ့လိုရင်း တင်ပြဖို့ အကူအညီတောင်းခဲ့ရပါတယ်။

ကျွန်တော်ကတော့အခုလုပ်ခဲ့တဲ့ အလုပ်ရုံဆွေး နွေးပွဲကိုအလွန်ကျေနပ်မိပါတယ်။ ကိုယ်တာဝန်ယူခဲ့တဲ့ အုပ်စုအပြင် ကျန်ရှိတဲ့အုပ်စုတွေကို မကြာခဏ သွားရောက်ပြီး လေ့လာခဲ့ပါတယ်။ အားလုံးဟာတက်ကြွ ကြတယ်။ ငြင်းကြတယ်။ မေးခွန်းတွေထုတ် ကြတယ်။ လှုပ်ရှားနေကြတယ်၊ အချိန်မလောက်လို့ ထမင်းစား နောက်ကျတာ၊ လက်ဖက်ရည်သောက် နောက်ကျတာ တွေ ဖြစ်ခဲ့တယ်။

စာမျက်နှာ ၁၆ သို့

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူတွေဟာ အလုပ်ရုံဆွေးနွေးပွဲခေါင်းစဉ်နဲ့ ရင်းနှီးသူတွေဖြစ်ရမယ်။ ကိုယ့်နေရာနဲ့ကိုယ် တစ်နည်းနည်း ပတ်သက်သူတွေဖြစ်ရမယ်။ သူတို့ဟာ ဒီအလုပ်ရုံဆွေးနွေးပွဲကို လိုလိုချင်ချင် တက်ရောက်တဲ့သူတွေ ဖြစ်ရမယ်။ စေခိုင်းလို့ တာဝန်ပေးလို့ တက်တာမျိုး မဖြစ်သင့်ပါဘူး။ သူတို့ဟာ အလုပ်ရုံဆွေးနွေးပွဲအတွင်း တက်ကြွစွာ ပါဝင်ဖို့ အဓိကကျတယ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၄/၂၃၈၄၊ Toyota- LiteaceKm.85,P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၂/အစန(နိုင်)၁၂၉၂၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကည၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၄ယ/၅၉၅၅၄၊ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိရွှေစင် ၁၄/ပသန(နိုင်)၂၁၀၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကည၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၄ယ/၈၈ဖဝ၃၊ Super Anbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလွင် ၁၄/ဟကက(နိုင်)၀၂၂၄၄၇၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကည၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

FISCA Security & Communication Co., Ltd.

ပွဲ့စည်းပြီးကြောင်းကြေညာချက်အပေါ် ကန့်ကွက်ပါကြောင်းအသိပေးကြေညာခြင်း

အထက်တန်းရှေ့နေ "စိုးပိုင်"အမည်ဖြင့် FISCA Security & Communications Co., Ltd. ဖွဲ့စည်းတည်ထောင်ပြီးကြောင်း အသိပေးကြေညာချက်တို့ကို FISCA Security & Electrical Engineering Co., Ltd. ၏(စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ဒါရိုက်တာ ဒေါ်ယဉ်ယဉ်စိန်၏ ညွှန်ကြားချက်အရ ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

၁။ "FISCA" အမည်ဖြင့် Logo အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်သွင်း၍ FISCA Security & Electrical Engineering Co., Ltd. ကို ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၇၄/FC(၁၉၉၇-၁၉၉၈)နိုင်ငံခြားကုမ္ပဏီအဖြစ် မှတ်ပုံတင်သွင်းလုပ်ကိုင်ခဲ့ရာ၌ နိုင်ငံသားအနေဖြင့် ဖခင် ဦးစိန်ကြို၊ ဦးစီးပြား၊ ညီအစ်ကိုမောင်နှမအရင်းများဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်စိန်၊ ဦးလေ်ဝိတ်၊ ဦးလေ်ဝင်း တို့က လုပ်ကိုင်ခဲ့ရာ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာသည် အမှတ်(၁-B)၊ အခန်း(၁၀၁)၊ မြေညီထပ်(၉)မိုင်၊မြည်လမ်း၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့ဖြစ်ပါသည်။ ကုမ္ပဏီ၏လုပ်ငန်းများ လုပ်ကိုင်ရာ၌ FISCA Logo အမှတ်တံဆိပ်ဖြင့် တရားဝင်လုပ်ကိုင်ပြီး နာမည်ကောင်းဖြင့် ထင်ရှားခဲ့ပါသည်။

၂။ ထိုသို့လုပ်ဆောင်ရာမှ ကုမ္ပဏီအနေဖြင့် လုပ်ငန်းများလုပ်ကိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ဒါရိုက်တာဖြစ်သူ ဒေါ်ယဉ်ယဉ်စိန်က ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှုကို ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် တရားရုံးတော်၌ တရားစွဲဆိုခဲ့ရာ တရားမအထွေထွေမှုအမှတ်-၁၁၆/၂၀၁၁ ဖြင့် (၂၉. ၉. ၂၀၁၄)ရက်နေ့တွင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် တရားရုံးတော်က အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော်ညွန့်အား ခန့်ထားခဲ့ပါသည်။ ထိုသို့စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ကြောင်းကို နေ့စဉ်ထုတ်သတင်းစာ၌ဌင်း၊ နိုင်ငံတော်ပြန်တမ်း၌ လည်းကောင်း အတိအလင်း ကြေညာပြီးဖြစ်ပါသည်။

၃။ ထိုကဲ့သို့အခြေအနေတွင် အထက်တန်းရှေ့နေ "စိုးပိုင်"(B.Com., DA., RL) (အဘိမဟာဂုဏ်ထူးဆောင်) (စဉ်-၁၉၃၉၉)အမည်ဖြင့် လွှဲအပ်ညွှန်ကြားသူ၏အမည်နာမမပါဘဲ FISCA Logo အမှတ်တံဆိပ်ကိုသုံးစွဲ၍ FISCA Security & Communications Co., Ltd. ဖွဲ့စည်း ကြောင်း နှင့် ရုံးခန်းလိပ်စာကိုလည်း မူလ FISCA Security & Electrical Engineering Co., Ltd. ၏ လိပ်စာကို ထည့်သွင်းကြေညာခြင်း တို့သည် တရားရုံးတော်၌ စစ်ဆေးဆဲအမှုကို မျက်ကွယ်ပြုရာရောက်သောကြောင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါ။

၄။ သို့ဖြစ်၍ လွှဲအပ်ညွှန်ကြားသူ၏အမည်နာမမပါရှိဘဲ စိုးပိုင်၊ အထက်တန်းရှေ့နေ၊ (စဉ်-၁၉၃၉၉) က FISCA Logo အမှတ်တံဆိပ် ၏ အစိတ်အပိုင်းများအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း သုံးစွဲ၍ကြေညာခြင်းတို့သည် တရားရုံးတော်၏အမိန့်အရ စာရင်းရှင်းလင်း ဖျက်သိမ်းဆဲဖြစ်ပါသောကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ၏ရုံးခန်းကိုသော်လည်းကောင်း၊ ကုမ္ပဏီ၏အမှတ်တံဆိပ်ကိုလည်းကောင်း သုံးစွဲခွင့်မရှိ ကြောင်း ကန့်ကွက်အပ်ပါသည်။ ဆက်လက်သုံးစွဲပါက ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ညွှန်ကြားချက်အရ - ဒေါ်ဆွေဆွေညိမ်း(LL.B., D.B.L, D.A.Psy)တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၃၀)
ဦးလေ်ဝင်းလှိုင် (LL.B.,) အထက်တန်းရှေ့နေ (စဉ်-၃၁၅၁)
အမှတ်-၅၀၊ ဒုတိယထပ်၊ အခန်း(A-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၀၈၂၂၃၄

စာမျက်နှာ ၁၅ မှ

ပထမရက်မှာ လူကြီးတွေလာတာမို့ လူတွေများခဲ့ပြီး ဒုတိယနေ့မှာ လျော့မယ်လို့ စိတ်ပူခဲ့ပေမယ့် ပျက်ကွက်တဲ့ ဦးရေအလွန်နည်းခဲ့ပါတယ်။ အားလုံးလိုလို လိုလိုချင်ချင်နဲ့ စနေ၊ တနင်္ဂနွေမှာ လာတက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ကသူတို့ကို အထူးကျေးဇူး တင်မိပါတယ်။ သူတို့ဟာ လူလတ်ပိုင်းတွေပါ။ တစ်ချိန်ကြရင် တိုင်းပြည်တာဝန်ကြီးကြီး ယူကြမယ့်သူတွေ၊ တစ်ဖက်ကလည်း နိုင်ငံတော်အကြီးအကဲနဲ့ ပြည်ထောင်စုဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ရပါတယ်။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို အဓိကတာဝန်ယူနေတဲ့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တက်ကြွစွာခေါင်းဆောင်မှုပေးခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဝန်ကြီးတွေလည်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့တာ တွေ့ရပါတယ်။

အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံခြားပညာရှင်တွေကလည်း ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ သူတို့ရဲ့အတွေ့အကြုံတွေကို မျှဝေပေးခဲ့တာတွေ့ရပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲဟာ နိုင်ငံအတွက် အလွန်အရေးပါလှတာမို့ UNDP၊ ဆွီဒင်၊ ဖင်လန်၊ ယူကေနဲ့ ဒိန်းမတ်နိုင်ငံတွေမှာလည်း ကူညီပေးခဲ့ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲ အောင်မြင်ရတဲ့အချက်တစ်ခုက အချင်းချင်း မြန်မာလို လွတ်လွတ်လပ်လပ်ပြောခွင့်ရခဲ့တာဖြစ်တယ်။ ဘာသာပြန်တွေကိုလည်း တာဝန်ပေးထားတာမို့ အစစအရာရာ အဆင်ပြေပါတယ်။ကျွန်တော်ကတော့ အလုပ်ရုံဆွေးနွေးပွဲရဲ့ အစီစဉ်ကို ဦးဆောင်ခဲ့ရသူမို့ မိမိစိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ခွင့်ရခဲ့တာကို အလွန်ကျေနပ်မိပါတယ်။ ဘာပဲဖြစ်ဖြစ် တက်ရောက်လာတဲ့ ပါဝင်ဆွေးနွေးသူ ၂၀၀ ကျော်ဟာ အလုပ်ရုံဆွေးနွေးပွဲအစစ်တစ်ခုမှာ ပါဝင်ခဲ့ကြတာမို့ နောင်လုပ်မယ့် ကြီးမျူးမယ့် အလုပ်ရုံဆွေးနွေးပွဲများအတွက် နမူနာဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။

ကျွန်တော့်အနေနဲ့ အခွင့်ရတဲ့အခါတိုင်းမှာလည်း ကျွန်တော်လေ့လာမှတ်သားခဲ့တဲ့ အချက်အလက်တွေ၊ အတွေးအခေါ်တွေကို တင်ပြခွင့်ရခဲ့ပါတယ်။ စည်းစားစရာတွေကို ပြောပြနိုင်ခဲ့တယ်။ မိမိရဲ့ခံယူချက်၊ယုံကြည်ချက်တွေကို မျှဝေနိုင်ခဲ့ပါတယ်။ နောက်ဆုံးမှာ အလုပ်ရုံဆွေးနွေးပွဲရဲ့ အောင်မြင်မှုကိုဘာနဲ့ တိုင်းထွာမလဲ၊ တက်ရောက်တဲ့အရေအတွက်မဟုတ်ပါဘူး။ စိတ်ဝင်စားစွာ ဆွေးနွေးကြတာမဟုတ်ပါဘူး။ ဒီအလုပ်ရုံဆွေးနွေးပွဲကရလာတဲ့ အကြောင်းတွေကို လက်တွေ့အခြေအနေမှာ အကောင်အထည်ဖော်မှုနဲ့သာ တိုင်းသင့်ပါတယ်။

ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကန်တူးဖော်ပြီးစီး

နတ်တလင်း ဇွန် ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျန်တောကျေးရွာအုပ်စုတွင် သခွတ်ကုန်းရွာနှင့် ကျန်တောကျေးရွာ ဒေသနေပြည်သူများ သောက်သုံးရေအတွက် အဆင်ပြေစေရန် ရေကန်များအား ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပိုင်းဝန်းတူးဖော်ကြရာ ပြီးစီးနေပြီဖြစ်သည်။ သခွတ်ကုန်းရွာနေ ဦးမြင့်အောင်က "ကျွန်တော်တို့ ကျေးရွာရှိ ရေကန်တွေမှာ တိမ်ကောနေပြီဖြစ်လို့ နွေရာသီရောက်တာနဲ့ ရေခန်းသွားခဲ့ပါတယ်။ လူသုံးဖို့နဲ့ တိရစ္ဆာန်တွေသောက်ဖို့ အခက်အခဲရှိလာတယ်။ ဒါကြောင့် ရွာသားများစုပေါင်းပြီး ကိုယ်ထူကိုယ်ထစနစ်နဲ့ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု ပြောပြသည်။ **တင်မြင့်(နတ်တလင်း)**

လျှပ်စစ်မီးရရှိရေး ဒေသခံများတွေ့ဆုံ

ဒေါ့ဖုန်းယန် ဇွန် ၇

ကချင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းမောင်ရွှေတို့အဖွဲ့သည် ဇွန် ၃ ရက် နံနက် ၁၁ နာရီက ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ့ဖုန်းယန်မြို့အတွင်းရှိ ကျေးရွာပေါင်း ၂၀ကို လျှပ်စစ်မီးရရှိရေးအတွက် မီးလိုင်းများ သွယ်တန်းပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကျင်းပ

စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဇွန် ၅ ရက်က ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပွဲတွင် ပေါင်းတူးကျေးရွာအနီး၌ ရတနာတန်းဝင် ကျွန်း၊ မဲဇလီ၊ မယ်ဇယ်၊ ရေတမာပင်၊ အောင်သက၊ ယူကလစ်စသည့် သစ်ပင်မျိုးစုံ ၁၂၅၅ စိုက်ပျိုးပေးခဲ့သည်။ သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်သည့် ဝက်သည်ကန်ပေါင်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆိုင်းဘုတ်စိုက်ထူခဲ့ပြီး စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ကြာအင်းဆိပ်ကြီး

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ ရေတံခွန်သက်သတ်လွတ် ဘုန်းကြီးကျောင်းဝင်း၌ ဇွန် ၅ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ NGO အဖွဲ့များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်းဘွဲ့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၅ ရက် နံနက် ၇ နာရီတွင် အောင်ဆန်းခန်းမရှေ့မှစတင်၍ လှိုင်းဘွဲ့မြို့အတွင်း စုပေါင်းအမှိုက်ကောက်ခြင်းကို ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲကို ဒိုင်းပြကျေးရွာ၌ ကျင်းပရာ ကျွန်းပင် ၁၀၀၊ မဟော်ဂနီပင် ၂၀၀၊ ယူကလစ်ပင် ၁၀၀၊ မဲဇလီပင် ၁၀၀ စိုက်ပျိုးခဲ့ပြီး ဒိုင်းပြအလကဘ၌ ဟောပြောပွဲကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်ချို

နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနက သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက သပြေရေရပ်ကွက် သပြေတောင်သံသရာ အေးစေတီဝန်းကျင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းများက ကျွန်းပင် ၁၀၀၊ ရေမနေပင် ၁၅၀၊ မဲဇလီပင် ၁၅၀၊ ရေသင်းဝင် ၁၅၀၊ ရေပတုန်း ၁၀၀ စုစုပေါင်းသစ်ပင်မျိုးစုံ ၆၅၀ တို့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။ **(၀ဖေ)**

ပုလဲမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မကြာမီကြေညာမည်

ပုလဲ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းမှ အကြိုအခြေခံ မဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကာ လက်ရှိအခြေခံစာရင်းကောက်ခံထားရှိမှုအရ မြို့နယ်အတွင်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၁၀၅၀၀ ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာပြီးပါက ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်း (CSO)များပူးပေါင်း၍ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးအစီအစဉ်များလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အကြိုအခြေခံမဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာပြီးနောက်တွင် ဆောင်ရွက်မည့် ပညာပေးအစီအစဉ်အဖြစ် ရွေးကောက်ပွဲနှင့် ပတ်သတ်သည့် လှုံ့ဆော်ပညာပေး ဗီနိုင်းပိုစတာများ၊ လက်ကမ်းစာစောင်များကို ဖြန့်ဝေထားရှိပြီးဖြစ်ကြောင်း၊ လက်ရှိအခြေခံစာရင်း ကောက်ခံထားရှိမှုအရ မြို့နယ်အတွင်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၁၀၅၀၀ အတွက် မဲရုံပေါင်း ၁၂၉ ရုံကို ထားရှိသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၏ ပြောကြားချက်အရ သိရသည်။

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ပုလဲမြို့နယ်အတွင်းမှ ပြည်သူများအား ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်အတွက် အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးကို ပုလဲမြို့ ပုလဲရထာနာခန်းမ၌ ဇွန် ၃ ရက်တွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းကြည်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးအောင်စိုးနှင့် အဖွဲ့ဝင်များက အကြို အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာမည့် လုပ်ငန်းစဉ်များနှင့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် စိတ်ပါဝင်စားသည့် မဲဆန္ဒရှင်များက အကြိုအခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာခြင်းနှင့် ပညာပေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သတ်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးညွန့်ငွေနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ စိတ်ပါဝင်စားသည့် မဲဆန္ဒရှင်ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းခန့်စိုး(ဒေယျာမြေ)

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

သံဖြူဇရပ် ဇွန် ၇

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲကို သံဖြူဇရပ်မြို့နယ် ဝါခရူကျေးရွာရှိ မြို့ဟောင်းဝင်းအတွင်း၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဖိုးချိုတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် သစ်ပင်သစ်တောများ၏အခန်းကဏ္ဍအကြောင်းကို ဟောပြောပြီး ကျေးရွာနေပြည်သူများထံ ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ

က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ ယင်းမာ၊ မဟော်ဂနီ အစရှိသည့် သစ်မာပျိုးပင် ၁၂၀၀ ကို စိုက်ကွက်အလိုက် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ကျော်ဝင်း(iprd)

ပြည်တွင်းသတင်း

သတင်းတိုများ

မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာဟောပြောပွဲကျင်းပ

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထက(၁) မြတမာခန်းမ၌ ဇွန် ၅ ရက်တွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဦးစည်သူအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ ယာဉ် စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံတပ်ကြပ်ကြီး မြင့်ဌေးတို့က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးတို့ကို ကျောင်းသူ ကျောင်းသားများအား ဟောပြောခဲ့သည်။

အိမ်မန်ဆွေ(ရေစကြို)

ကျွန်းလှမြို့ဦးစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ၂၀၁၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို အင်ကြင်းမြို့ရပ်ကွက် ဝေရိကွယသီလရှင်စာသင်တိုက်၌ ဇွန် ၅ ရက်တွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်ဦးစိုးကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့်ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဆန်းတင်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်းလျော်ဖြူပင် ၂၇၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

မြေသြဇာနှင့်ပိုးသတ်ဆေးအရောင်းဆိုင်များစစ်ဆေး

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မြေသြဇာနှင့်ပိုးသတ်ဆေးအရောင်းဆိုင်များ၌ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးများသိုလှောင်ရောင်းချခြင်း၊ လိုင်စင်ရှိသော်လည်း အညွှန်းစာနှင့် ကုန်အမှတ်တံဆိပ်မပါသောပိုးသတ်ဆေးများကို ရောင်းချခြင်းများ မဖြစ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှလှဝင်းဦးဆောင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်းအဖွဲ့က ဇွန် ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

ကန့်ဘလူမြို့နယ်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

ကန့်ဘလူ ဇွန် ၇

စစ်ကိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီမီးကို ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း စတင်အသုံးပြုခဲ့ပြီး ကျေးရွာ ၂၅ ရွာတွင်လည်း လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၃၀ ရာခိုင် နှုန်းမှ ၉၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးနေပြီဖြစ်ကြောင်း၊ ဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်ရာ၌ ကြီ့ခိုင်မှုရှိရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အတွက် ၄၀၀ ဗို့အားလိုင်းကြိုးများ၊ ကွန်ကရစ်ဓာတ်တိုင်များ အသုံးပြုတည်ဆောက်ထားကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ ပြောကြားချက်အရ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကိုလတ်တို့က ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်းပေးပြီး ဆောင်ရွက်ခဲ့ကြရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၅ ရွာ၌ လျှပ်စစ်မီးများ ရရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျန်ကျေးရွာ ၂၅ ရွာ၌လည်း ထရန်စဖော်မာများ တည်ဆောက်ခြင်း၊ ကွန်ကရစ် ဓာတ်တိုင်များစိုက်ထူခြင်း၊ မီးကြိုးများ သွယ်တန်းခြင်းတို့ကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာန ဝန်ထမ်းများက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကိုလတ်က ပြောသည်။

မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သော ကျေးရွာ ၂၅ ရွာတွင် ထရန်စဖော်မာတည်ဆောက်ခြင်း၊ ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်းလုပ်ငန်းများပြီးစီးမှုမှာ ဇန်လပထမပတ်အထိ ၃၀ ရာခိုင်နှုန်းပြီးစီးသည့်ကျေးရွာ ၁၁ ရွာ၊ ၄၀ ရာခိုင်နှုန်းပြီးစီးသည့်ကျေးရွာ တစ်ရွာ၊ ၉၀ ရာခိုင်နှုန်းပြီးစီးသည့်ကျေးရွာ တစ်ရွာနှင့် ၉၅ ရာခိုင်နှုန်းပြီးစီးသည့်ကျေးရွာ နှစ်ရွာဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လျှပ်စစ်မီးရရှိရေးသည် အရေးကြီးသော အချက်ဖြစ်ရာ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ထရန်စဖော်မာသစ်များ တပ်ဆင်ခြင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ရရှိအောင် ဆောင်ရွက်ခြင်း စသည့် မီးရရှိရေးလုပ်ငန်းများကို နိုင်ငံတော်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဒေသအလိုက် ကိုယ့်အားကိုယ်ကိုး မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်း ခွင့်ပြုပေးကာ လိုအပ်သည်များကို မြို့နယ်အလိုက် လျှပ်စစ်အင်ဂျင်နီယာဌာနများက ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။ **အောင်ဝင်းဦးမိုး(ကန့်ဘလူ)**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း ဦးဆောင်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၆ ရက်က ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါး၊ လိင်စိတ်ကြွဆေးများအလွဲသုံးမှုနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း ဇွန် ၇

မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးဝါးများကို အလွဲသုံးစွဲမှုမရှိစေရေးနှင့် မှုခင်းမဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ ဇွန် ၅ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁၈)မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူးသန်းထွဋ်က မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါးစတင်ရောက်ရှိလာပုံသမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်နှင့် ပြည်သူများပူးပေါင်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ပုံများ၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ပုံ နည်းအမျိုးမျိုးနှင့် ဖမ်းဆီးရမိမှုများ၊ စိတ်ကြွရူးသွပ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲပုံများ၊ အသက်အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများ၊ ယနေ့လူငယ်များအကြား ခေတ်စားလာသော လိင်စိတ်ကြွဆေးဝါးများဆိုင်ရာ သိသင့်သိထိုက်သည်များ၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို ဟောပြောပြီး မိမိတို့ပတ်ဝန်းကျင်၌ ပုံမှန်မဟုတ်သောအခြေအနေများနှင့် မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်မှုဆိုင်ရာ သတင်းများရရှိပါက ရဲတပ်ဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်သတင်းပို့ခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီရန် မှာကြားခဲ့သည်။

ဟောပြောပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရှိဆေးအရောင်းဆိုင်များမှ တာဝန်ခံများ၊ ရပ်ကွက်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

နေအောင်(iprd)

ယာဉ်မှတ်ပုံတင်စာအုပ်နှင့်ပိုးတက်ပိတ္တူ
လျှောက်ထားခြင်း
ဦးညိုဝင်း(စ/မထန(နိုင်)၀၉၆၁၉၁)၏ ဆိုင်ကယ်အမှတ်(၁၀ယ/၃၄၁၅)၏ မှတ်ပုံတင်စာအုပ်နှင့် ပိုးတက်ပျောက်ဆုံးသွားပါ၍ မြန်လည်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက (၁၅)ရက်အတွင်းအောက်ဖော်ပြပါနံပါတ်သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
က. ညွ. နှ(ခရိုင်ရဲ့)သရက်မြို့

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**
ယာဉ်အမှတ် 6G-1275 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**
ယာဉ်အမှတ် 6G-7905 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

**ဖောင်းကြွပျောက်
လျှောက်ထားခြင်း**
ယာဉ်အမှတ်၄၄/၇၆၂၀၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးဗဟန်ကြားမှဦးစီးဌာနမှ ထုတ်ပေးထားသည့် ဖောင်ဝန်မင်းကြီး ၁၁၂၃၅၏ 'က' လုပ်ငန်းလိုင်စင်စာအုပ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဦးစိန်ဝင်း
ဖုန်း-၀၉-၅၁၄၅၅၅

ကျေးဇူးဆပ်ပါမည်
ကျွန်တော်ဖိုင်းသက်ဦး၏ နိုင်ငံကူးလက်မှတ် အမှတ် ၉ဒင်၄ဒ၀၄ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၆ဝ၀၄ဂ၀၁၊
၀၉-၂ဒ၁ဃ၀၀၉၉၈

www.hrhdiff.org
www.facebook.com/HRHDIFF
Organized by Human Dignity Film Institute
HUMAN DIGNITY FILM INSTITUTE
လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်
လူသားတိုင်းသည် မွေးမွားကတည်းက လွတ်လပ်၍ညီမျှသော အခွင့်အရေးနှင့် ဂုဏ်သိက္ခာရှိသည်
ALL HUMAN BEINGS ARE BORN FREE AND EQUAL IN DIGNITY AND RIGHTS
HUMAN RIGHTS HUMAN DIGNITY INTERNATIONAL FILM FESTIVAL
14-19 JUNE 2015 YANGON MYANMAR
နေပြည်တော် နှင့် ဝဠီရာ ရုပ်ရှင်ရုံများတွင် အခမဲ့ လာရောက်ကြည့်ရှုနိုင်သည်

၂၀၁၅ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အမေရိကန်တို့ ဗိုလ်စွဲနိုင်ပါ့မလား

၂၀၁၅ ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ကနေဒါနိုင်ငံ မြို့ကြီးခြောက်မြို့မှာ ဇွန် ၂၀ ရက်မှ ဇူလိုင် ၇ ရက်အထိ ကျင်းပတော့မှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင် ၂၄ သင်းကို အုပ်စု(၆)စုခွဲပြီး ယှဉ်ပြိုင်မှာဖြစ်လို့ ပြိုင်ပွဲဝင်အသင်းတွေဟာ အသင့်အနေအထားရှိနေပြီဖြစ်ပါတယ်။

၁၉၉၁ ခုနှစ်ကစတင်ကျင်းပလာခဲ့တဲ့ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲဟာ လေးနှစ်တစ်ကြိမ် ကျင်းပခဲ့တာဖြစ်ပြီး အခုအကြိမ်ဟာ ခုနစ်ကြိမ်မြောက် ပြိုင်ပွဲအဖြစ် ဆင်နွှဲကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲခြောက်ကြိမ်မှာ အမေရိကန်က နှစ်ကြိမ်၊ ဂျာမနီက နှစ်ကြိမ်၊ နော်ဝေက တစ်ကြိမ်နဲ့ ဂျပန်တို့က တစ်ကြိမ် အသီးသီးဗိုလ်စွဲနိုင်ခဲ့ကြပါတယ်။

ဒီနှစ်ပြိုင်ပွဲဝင်အသင်းတွေကိုကြည့်ရင် အာရှမှ တရုတ်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျအသင်းတို့ ပါဝင်ပြီး အာဖရိကမှ သုံးသင်း၊ ဥရောပမှ ရှစ်သင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ တစ်သင်း၊ တောင်အမေရိကဇုန်မှ သုံးသင်း၊ ကွန်ကာကဖ်ဇုန်မှ သုံးသင်းနဲ့ အိမ်ရှင်ကနေဒါက တစ်သင်း ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ပြိုင်ပွဲဝင်အသင်းတွေဟာ အုပ်စုပွဲစဉ်တွေ ဆင်နွှဲပြီးတဲ့အခါ အုပ်စုပထမနဲ့ ဒုတိယရတဲ့ အသင်းတွေ နောက်တစ်ဆင့် တက်ရောက်ရမှာဖြစ်ပြီး အကောင်းဆုံးတတိယရရှိတဲ့ လေးသင်းလည်း နောက်တစ်ဆင့် တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အသင်းတိုင်းနောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရရှိအောင် အကြိတ်အနယ်ကြိုးစားကြပါလိမ့်မယ်။

၂၀၁၅ ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ရေပန်းအစားဆုံးအသင်းကတော့ အမေရိကန်အမျိုးသမီးအသင်းဖြစ်ပြီး ဂျာမနီ၊ ပြင်သစ်၊ ဂျပန်အသင်းတွေလည်း အစဉ်လိုက်ရေပန်းစားနေပါတယ်။ အဲဒီအသင်းတွေထဲမှာ အမေရိကန်အသင်းကတော့ ကစားသမားစုဖွဲ့မှုနဲ့ တစ်ဦးချင်းစွမ်းရည်တွေအရ ဗိုလ်စွဲမယ်လို့ ထိပ်ဆုံးက ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။

အသင်းတွေရဲ့ အုပ်စုခွဲထားမှုကိုကြည့်ရင် အုပ်စု(A)မှာ ကနေဒါ၊ တရုတ်၊ နယူးဇီလန်နဲ့ နယ်သာလန်တို့ပါဝင်ပြီး အုပ်စု(B) မှာ ဂျာမနီ၊ အိုင်ဗရီကို့စ်၊ နော်ဝေ၊ ထိုင်း၊ အုပ်စု(C)မှာ ဂျပန်၊ ဆွစ်ဇာလန်၊ ကင်မရွန်း၊ အီကွေဒေါ၊ အုပ်စု(D) မှာ အမေရိကန်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ နိုင်ဂျီးရီးယား၊ အုပ်စု(E)မှာ ဘရာဇီ၊ တောင်ကိုရီးယား၊ စပိန်၊ ကော်စတာရိကာနဲ့ အုပ်စု(F)မှာ ပြင်သစ်၊ အင်္ဂလန်၊ ကိုလံဘီယာနဲ့ မက္ကဆီကိုတို့ ဖြစ်ပါတယ်။

ရေပန်းစားနေတဲ့ အမေရိကန်အသင်းဟာ ၁၉၉၁ ခုနှစ် ဗိုလ်လုပွဲမှာ နော်ဝေကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရဗိုလ်စွဲခဲ့ပြီး ၁၉၉၉ ခုနှစ် ဗိုလ်လုပွဲမှာ တရုတ်အသင်းနဲ့ ဂိုးမရှိသရေဖြစ်လို့ ပယ်နယ်တီအဆုံးအဖြတ်နဲ့ ငါးဂိုး-လေးဂိုးနဲ့ ဗိုလ်စွဲခဲ့ပြန်ပါတယ်။ ၂၀၁၁ ခုနှစ်ဗိုလ်လုပွဲမှာတော့ အမေရိကန်နဲ့ ဂျပန်တို့ဆုံတွေ့တဲ့အခါ နှစ်ဂိုးစီသရေပွဲဖြစ်ပြီး ပယ်နယ်တီအဆုံးအဖြတ်နဲ့ သုံးဂိုး-တစ်ဂိုး ရလဒ်ထွက်ပြီး အမေရိကန်တို့ ဖလားလက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ဒီနှစ်မှာ အမေရိကန်အသင်းဟာ

➢ ➢ မိုးမြင့်လင်းလက်

ဂျာမနီ၊ ပြင်သစ်၊ ဂျပန်အသင်းတွေကိုကျော်ပြီး ဗိုလ်စွဲမယ်လို့ ရေပန်းအစားဆုံးအသင်းဖြစ်နေတာဖြစ်ပါတယ်။ အဘီဝမ်ဘတ်၊ ရှန်ဘွန်ဘောက်နဲ့ ခရစ်တင်းရမ်ပွန်တို့ ပါဝင်ပြီး အသင်းလိုက်ကစားအားရော တိုက်စစ်စွမ်းရည်ပါ မြင့်မားတဲ့ အမေရိကန်အသင်းဟာ အုပ်စုပွဲစဉ်တွေမှာ ဩစတြေးလျ၊ ဆွစ်ဇာလန်နဲ့ နိုင်ဂျီးရီးယားတို့ကို ကျော်ဖြတ်ကာ အုပ်စုပထမနဲ့ ၁၆ သင်းအဆင့် တက်ရောက်ဖို့ရှိနေပြီး နောက်ဆုံးအဆင့် ဗိုလ်လုပွဲအထိ တက်လှမ်းမယ့်အသင်းအဖြစ် ဟန်ပြင်နေပြီဖြစ်ပါတယ်။

၂၀၁၅ ဖီဖာကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲမှာ ရေပန်းစားနေတဲ့အသင်းတွေထဲက ဗိုလ်စွဲမလား၊ ကော်ကောင်အသင်းတွေထဲကပဲ ဗိုလ်စွဲမလားဆိုတာ စောင့်ကြည့်အားပေးရဦးမှာ ဖြစ်ပါတယ်။ ။

"အခုအကြိမ်ဟာ ခုနစ်ကြိမ်မြောက် ပြိုင်ပွဲအဖြစ် ဆင်နွှဲကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲခြောက်ကြိမ်မှာ အမေရိကန်က နှစ်ကြိမ်၊ ဂျာမနီက နှစ်ကြိမ်၊ နော်ဝေက တစ်ကြိမ်နဲ့ ဂျပန်တို့က တစ်ကြိမ် အသီးသီးဗိုလ်စွဲနိုင်ခဲ့ကြပါတယ်"

မန်ယူကစားသမား ကလီဗာလေ အဲဗာတန်ရောက်

မန်ယူကွင်းလယ်ကစားသမား တွန်ကလီဗာလေကို အဲဗာတန်က ငါးနှစ်စာချုပ်နဲ့ အပြီးသတ်ခေါ်ယူစာချုပ်လိုက်ပါတယ်။

ပြီးခဲ့တဲ့ရာသီက အက်စ်တွန်ဗီလာမှာ အဌားသွားရောက်ကစားခဲ့တဲ့ အသက် ၂၅ နှစ်အရွယ် ကလီဗာလေဟာ မန်ယူနဲ့စာချုပ်သက်တမ်းကုန်ဆုံးချိန် ဇူလိုင် ၁ ရက်မှစပြီး အဲဗာတန်သို့ ရောက်ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ ကလီဗာလေပါဝင်လာတဲ့အတွက် ပရိသတ်တွေကသူ့ကို ကြိုဆိုဖို့အသင့်ရှိနေပါတယ်လို့လည်း အဲဗာတန်နည်းပြ ရော်ဘတ်တိုမာတီနက်ဇ်က ဆိုပါတယ်။

ကျွန်တော်တို့အသင်းကို ပြန်လည်တည်ဆောက်ရာမှာ အရေးပါတဲ့ကစားသမားတစ်ဦးကို ခေါ်ယူနိုင်ခဲ့ပါတယ်။ သူက ပရီမီယာလီဂ်မှာလည်း အတွေ့အကြုံကောင်းတွေ ရရှိထားတဲ့သူဖြစ်ပါတယ်လို့ မာတီနက်ဇ်က ပြောပါတယ်။ လီဆက်စတာအသင်းမှာ အဌားသွားရောက်ကစားခဲ့တဲ့ ကလီဗာလေဟာ မာတီနက်ဇ်ကိုင်တွယ်ခဲ့တဲ့ ဝက်ဖို့ဒ်နဲ့ ဝီဂန်အသင်းတွေမှာလည်း ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ် နိုဝင်ဘာမှစတင်ကာ အင်္ဂလန်အသင်းအတွက် ၁၃ ကြိမ် ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။

မန်စီးတီးက စတာလင်းကို ပေါင်သန်း ၃၀ အထိပေးပြီးကမ်းလှမ်း

လီဗာပူးတိုက်စစ်မှူးစတာလင်းကို ပေါင်သန်း ၃၀ အထိပေးဖို့ မန်စီးတီးက ကမ်းလှမ်းလိုက်ပြီလို့ ဆိုပါတယ်။ အသက် ၂၀ အရွယ်ရှိ ဂိုးသွင်းစွမ်းရည်ထက်မြက်နေတဲ့ အင်္ဂလန်လူငယ်တိုက်စစ်မှူး စတာလင်းကို အတော်လေးအလိုရှိနေပုံပါပဲ။ မူလက ပေါင် ၂၅ သန်းနဲ့ ကမ်းလှမ်းခဲ့တာပါ။ လီဗာပူးက လက်မခံတဲ့အတွက် နောက်ထပ်ပေါင် ၅ သန်းထပ်ပေးပြီး ကမ်းလှမ်းလိုက်ပါတယ်။

စတာလင်းကို မန်စီးတီးက အရခေါ်ယူလိမ့်မယ် လို့ ရေပန်းစားနေပါတယ်။ သို့ပေမယ့် မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ အပြိုင်ကမ်းလှမ်းမှုကိုလည်း ရင်ဆိုင်နေပါတယ်။ လီဗာပူးက စတာလင်းကို ဧပြီလ အတွင်းက တစ်ပတ်ပေါင် ၁၀၀၀၀၀ ပေးပြီး ထပ်မံစာချုပ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့် ၎င်းက ငြင်းဆိုခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

တိုက်စစ်မှူးများရဲ့ ချစ်ကြည်စည်းလုံးမှုကြောင့် အောင်မြင်မှုရနေတဲ့ ဘာစီလိုနာ

ဒီနှစ်ဘာစီလိုနာအသင်းမှာ တောင်အမေရိကတိုက်သားများဖြစ်တဲ့ လီယိုနယ်မက်ဆီ၊ လူးဝစ်ဆွာရက်ဇ်တို့နဲ့ ချစ်ကြည်စည်းလုံး ညီညွတ်နေမှုကြောင့် အောင်မြင်မှုတွေ ဆက်တိုက်ရနေတယ်လို့ တိုက်စစ်မှူး နေမာက ပြောဆိုလိုက်ပါတယ်။ သူတို့သုံးယောက်အတွဲဟာ ဒီနှစ်ဘာစီလိုနာအသင်းကို ပြိုင်ပွဲတိုင်း အနိုင်ရအောင် ဂိုးတွေသွင်းပေးခဲ့တဲ့ တိုက်စစ်မှူးတွေဖြစ်ပါတယ်။

စပိန်လာလီဂါဖလားနဲ့ ကိုပါဒယ်ရေးဖလားတွေကို ဆွတ်ခူးပေးရာမှာ သူတို့သုံးယောက်ရဲ့ဂိုးတွေဟာ အဓိက အဆုံးအဖြတ်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်ထဲမှာ သူတို့သုံးယောက်သွင်းယူခဲ့တဲ့ လာလီဂါဂိုးပေါင်း ၁၂၀ ရှိတယ်လို့ ဆိုပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၊ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်နဲ့ ဘရာဇီးတိုက်စစ်မှူး နေမာတို့ဟာ အကောင်းဆုံးတိုက်စစ် အတွဲဖြစ်ခဲ့ပါတယ်။ သူတို့သုံးယောက်ရဲ့ တိုက်စစ်အတွဲဟာ ပြိုင်ဘက်အသင်းတွေ အပေါ် ခြိမ်းခြောက်နိုင်ပြီး ဂိုးတွေသွင်းယူနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ လာလီဂါဂိုးများအဖြစ် မက်ဆီက ၄၁ ဂိုး၊ ဆွာရက်ဇ်က ၁၆ ဂိုးနဲ့ နေမာက ၂၂ ဂိုး သွင်းယူပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပထမနေရာမှ (၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ပြီး
နိုင်ငံတော်သမ္မတ၏ **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်–ပထမဆု)
ချီးမြှင့်ခြင်းခံရသော **"ကမ္ဘောဇာဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁–၂၀၁၂ ခုနှစ် (နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း)
၂၀၁၂–၂၀၁၃ ခုနှစ် (နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း)
၂၀၁၃–၂၀၁၄ ခုနှစ် (နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၁၇,၀၁၀.၃၇ သန်း)

တို့ဖြင့် ပထမနေရာမှ ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သော
"ကမ္ဘောဇာဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင်
ဆထက်ထမ်းပိုးတိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်ခိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
68 Residence
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co., Ltd

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်နှင့်ပြည်သူအတွက် ၂၀၁၀ခုနှစ်နောက်ပိုင်း ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်(၆၄ဘီလီယံကျော်)လှူဒါန်းခဲ့ပြီး
နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု) ချီးမြှင့်ခြင်းခံရသော
"အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါနန်းလိုင်းခမ်း" အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

- နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသမရွေး ထိပ်ဆုံးမှပါဝင်လှူဒါန်းခြင်း။
- နိုင်ငံရပ်ခြားတွင် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသောမြန်မာနိုင်ငံသားများ အမိမြေသို့ လေယာဉ်ဖြင့်အခမဲ့သယ်ယူပို့ဆောင်ရာတွင် မလေးရှားနိုင်ငံမှ မြန်မာဦးရေ ၃၀၀၀–ကျော်၊ India Port Blair မှ ရေလုပ်သားမြန်မာဦးရေ ၂၇၀–ကျော်၊ Indonesia ဘန်ဂျီနာကျွန်းမှလူကုန်ကူးခံရသောမြန်မာဦးရေ ၅၀၀–ကျော်တို့အား အခမဲ့လေယာဉ်ဖြင့် အမိမြေသို့ပို့ဆောင်ပေးခြင်း။
- ခေတ်အဆက်ဆက် သန့်ရှင်းသော သောက်သုံးရေလုံလောက်မှုမရှိသော ရွာမ်းပြည်တောင်ပိုင်း ဘော်ဆိုင်း၊ ဟဲဟိုး၊ တောင်ကြီး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ဟိုပုံး၊ နမ့်စန်ဒေသများအား စက်ရေတွင်းများတူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက်ရေသွယ်တန်းပေးခြင်း။
- ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ကဏ္ဍအသီးသီးတို့အတွက် ၂၀၁၀ခုနှစ် နောက်ပိုင်း ငွေကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်(၆၄ဘီလီယံကျော်)လှူဒါန်းခဲ့သော **"အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါနန်းလိုင်းခမ်း"** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသက်သက်ခိုင်
ရွှေနန်းတော် စိန်ရွှေရတနာဆိုင်
68 Residence
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co., Ltd

Vehicle Tracking System (Real Time/Offline)

Complete with GPS + Map

Update များ အမြဲပြုလုပ်နေသော GIS Map

dpsmaps

WISE College ၏ နိုင်ငံတကာအသိအမှတ်ပြု ABE(UK) မှတိုက်ရိုက်ချီးမြှင့်သော Business Management Diploma – June တန်းခွဲသို့ တက်ရောက်ကြမည့် ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသောကျောင်းသား/သူများ လက်မလွတ်သင့်သော အထူးအခွင့်အရေးကြီး

စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုကို စိတ်ပါဝင်စားၗ လေ့လာသင်ယူလိုသူများအတွက်

Enroll 1 Diploma . . . Get 3 Diplomas အစီအစဉ်

ထူးခြားအခွင့်အရေးများ

၁။ အစိုးရတက္ကသိုလ်မှတရားဝင်အသိအမှတ်ပြုသော Business Management Diploma (၂)ခုကို သင်တန်းကြေး ကျပ်(၇)သိန်း 100% off ခံစားခွင့်ဖြင့် တစ်နှစ်အတွင်း သင်ကြားရယူနိုင်ပါမည်။

၂။ ဂုဏ်ထူးရကျောင်းသား/သူများသည် မိမိရရှိသော ဂုဏ်ထူးရဘာသာရပ်များအတွက် (၁)ဘာသာလျှင် ကျပ်(၁)သိန်းနှုန်းဖြင့် သင်တန်းကြေးမှ လျှော့ပေါ့ခံစားခွင့်ရရှိပါမည်။

၃။ (၂၁.၆.၂၀၁၅) မတိုင်မီ လာရောက်အပ်နံပါက သင်တန်းကြေး 15% off ဖြင့် ထပ်ဆင့်ခံစားခွင့်ရရှိပါမည်။

Business Management Higher Diploma (ABE-UK)

1st Semester
- Economics for Business
- Financial Accounting
- Quantitative Methods for Business Management
- Organizational Behavior

2nd Semester
- Marketing Policy, Planning and Communication
- Human Resource Management
- Business Environment
- Managing the Customer Relationship

WISE College၊ အမှတ် ၁၀၀၉(A-B)၊ ယုဇနတာဂါ၊ ရွှေရုံတိုင်မီးဖိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-556183, 09-255723388, 09-421154862

အမျိုးသမီးယာဉ်မောင်း အမြန်အလိုရှိသည်

အိမ်ကားမောင်းရန်(ရန်ကုန်) ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ မြို့တွင်း (၆) မြို့နယ်တွင် နေထိုင်သူဖြစ်ရမည်။

ဆက်သွယ်ရန်...
ဦးကိုကိုမောင်
ဖုန်း-၀၉-၅၀၈၈၀၁၁၊
၀၁-၂၃၀၁၈၆၆၊ ၀၁-၂၃၀၁၈၈၇၊
အမှတ် (၃၀)စီ၊ မနော်ဟရီလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

"ဘွဲ့ကြိုတက်ပို တန်ဖိုးထားပေးသော ပါးဝေများနှင့် အချိန်ကိုက် တန်ဖိုးထားသော ကျောင်းသား/သူများ အတွက်"

ဒေါ်သက်မြင့် (ဝါရင့် M.Sc)အုပ်ချုပ်သင်ကြားသော

ဘာသာစုံစာသင်ပိုင်းများနှင့် Repeater အထူးစခန်းသွင်းဆောင်ခြင်း

၈၊၉၊၁၀တန်း(တက္ကသိုလ်ဝင်တန်း)

* တိုင်းစစ်(၆)တန်းများ Grade-A ဖြင့် အောင်ရန် အချိန်များများဖြင့်သင်သည်၊
* ၉တန်းများအား ကျောင်းတွင်းအဆင့်(၁)မှ(၁၀)မဝင်၊ဝင်အောင်သင်သည်၊
* (၈၊၉၊၁၀)Repeaterများ အောင်ကိုအောင်ရမည်၊(မအောင်လျှင်ပြန်လျော်မည်၊) ၆ဘာမှတ်(212)၊စက်မှု(၃)လမ်း၊ မေတ္တာညွှန့်၊ တာမွေ

Ph: 09-5165231, 09-5165230, 01-8603664

ကိုရီးယားသို့ သွားရောက်အလုပ်လုပ်ရန်ပြင်ဆင်နေပါသလား?

ကိုရီးယားအလုပ်ပါမစ်အတွက် မဖြစ်မနေပြင်ဆင်ရမည့်

EPS - TOPIK

စာမေးပွဲ အတွက် **10% DISOUNT**

Special Class တန်းခွဲသစ်များဖွင့်နေပါပြီ။

အမှတ်(၅၁၄-က)၊ ၀၁ရယန္တာလမ်း၊ပါရမီ မီးပျိုင့်အနီး၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
01 8500 801, 8500 802, 8500 803, 09 253 959 002, 09 253 525 455, 09 250 266 260

သက္ကရဘာသာ နှင့် ဟင်ဒီဘာသာ တို့မှ မြန်မာဘာသာသို့ ပြန်ဆိုသော

သမားတော်ကြီးဦးသောင်းနိုင်

ကျန်းမာရေးအတွက်ဆေးဖက်ဝင်သော

ချင်း(ကျင်း)

ဖုန်း - ၀၉၅၃၀၃၁၁၃

စာအုပ်သစ် ထွက်ပြီ

ဝန်ထမ်းအလိုရှိသည်

စာရင်းကိုင် (မ) (၁)ဦး - ဘွဲ့ရ(လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်)
ညှိလမ်းညွှန်(ကျား/မ) - ဘုရားဖူးလုပ်ငန်းတွင်လုပ်ကိုင်ရန် (အင်္ဂလိပ်စကားပြောကျွမ်းကျင်သူ ဦးစားပေးမည်။)
မြန်မာ ထမင်း + ဟင်းကောင်းစွာချက်ပြုတ်နိုင်သူ (ကျား/မ)
လျှောက်ထားလိုသူများသည် လိုအပ်သည့် စာရွက်စာတမ်းပြည့်စုံစွာဖြင့် နံနက် (၁၀း၁၀)နာရီမှ ညနေ(၄း၀၀)နာရီအတွင်း
အမှတ် - (၂၇၆/၂၇၈)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် သို့ လာရောက်လျှောက်ထားနိုင်သည်။

Ph: 095038449, 09444029070, 01 241243

ဦးနက်ကျော်ဖတ်သော် ပျော်ရမည်

ချစ်ကြီးကြီးယု

ရှေ့နေကြီးဦးနက်ကျော်

ဘားအံ-ကလောသော့-ပှဲသိမ်ခရီးစဉ်

ဟာသစာစုများ

(ပထမအကြိမ်)

ထွက်ပြီ

ဖြန့်ချိရေး-မျိုးဆက်သစ်စာပေ၊ ၀၉၄၂၀၀၈၃၆၈

HEAD GARDENER

We are an international organisation responsible for preserving cemeteries and memorials around the world that commemorate the sacrifices made by the Commonwealth forces during the two World Wars.

We are seeking candidates for the position of Head Gardener, based at Thanbyuzayat War Cemetery, Thanbyuzayat Township, Mon State, Myanmar.

In this role you will assist Manager Myanmar with the daily running of a small team, ensuring the cemetery and structures are maintained to Commission standards. You will also undertake general gardening and caretaking duties, using both handheld and mechanical equipment. You should ideally possess the following skills:

Essential
- High level of literacy in Myanmar language
- A good command of written and spoken English
- Knowledge of and confidence using a variety of hand held and mechanical horticulture tools and machines
- Relevant experience working in a horticultural environment

Desirable
- A recognised horticultural qualification
- Relevant experience in a supervisory position
- PC skills including Microsoft Outlook, Word and Excel

All applications must be made in English

For information on how to apply, and to obtain a Fact Sheet and Job Description, please contact Thet Mon, Manager Myanmar, Taukkyan War Cemetery, 454 Pyay Road, Mingalardon Township, Taukkyan, Myanmar. Tel: +95 1600029, Mobile: +95 9448002925, E-mail thet.mon@cwgc.org.

Closing date: Friday 19 June 2015. Interviews will be held during the week commencing Monday 29 June 2015.

ဝန်ထမ်းများအမြန်အလိုရှိသည်
(ပြည်တွင်းဌာနခန့်ထားရန်)

၁။ အောက်ပါအမျိုးသားဝန်ထမ်းများ အမြန်အလိုရှိပါသည်-
(က) B.E (Civil) အသက်(၄၀)အောက်
(ခ) B.Tech (Civil) အသက်(၃၅)အောက်
(ဂ) A.G.T.I (Civil) အသက်(၃၀)အောက်
၂။ လျှောက်လွှာတင်ရမည့်နေရာနှင့် - အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမှတ်(၁၀၂/၁၀၄)၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
လူတွေ့စစ်ဆေးမည့်နေရာ
၃။ လျှောက်လွှာပိတ်ရက် - (၁၉.၆.၂၀၁၅)
၄။ လူတွေ့စစ်ဆေးမည့်ရက် - အကြောင်းကြားပေးပါမည်။

မှတ်ချက်။ ။ (က) အထူးအရည်အချင်းရှိသူများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးမည်။
(ခ) ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသူများကို အထူးဦးစားပေးမည်။

စုံစမ်းရန်-ဖုန်း-၀၁-၃၉၁၄၄၉၊ ၃၇၉၂၀၁၊ ၀၉-၇၃၀၂၇၆၅၉

ရေအားလျှပ်စစ်စီမံကိန်း၏ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဒေသခံပြည်သူများအား တွေ့ဆုံရှင်းလင်း

ပုလဲ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ မြောက်ယမားဆည်အနီးတည်ဆောက်ကာ အိမ်ခြေ ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီးထုတ်ပေးနိုင်မည်ဖြစ်သော ယမားအဆင့်-၃(၇ ဒသမ ၀၅ မဂ္ဂါဝပ်)အသေးစားရေအားလျှပ်စစ်စီမံကိန်း၏ ပတ်ဝန်းကျင်အကျိုး သက်ရောက်မှုများနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား တွေ့ဆုံရှင်းလင်းပွဲကို ဆည်မြောင်းထိန်းသိမ်းရေးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရှင်းလင်းပွဲတွင် Resource and Environment Myanmar အဖွဲ့မှ ဒါရိုက်တာဦးဝင်းနိုင်ထွန်းက အသေးစား ရေအားလျှပ်စစ် စီမံကိန်းအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မည့် ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ ထိုနောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စီမံကိန်းကို တာဝန်ယူ တည်ဆောက်မည့် အိန္ဒိယနိုင်ငံ Delta Construction System Limited မှ ပရောဂျက်ခေါင်းဆောင် Mr. Murari Yerneni နှင့် ဦးဝင်းနိုင်ထွန်းတို့က ဆောင်ရွက်ပေးမည့် အစီအမံများနှင့် ပတ်သတ်၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ရှင်းလင်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးညွှန့်ငွေနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ Delta Construction System Limited မှ တာဝန်ရှိသူများ၊ မြောက်ယမားဆည်အနီးရှိ ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ယမားအဆင့်-၃ အသေးစား ရေအားလျှပ်စစ်စီမံကိန်းကို ယခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကာ ကျေးရွာ ၁၅ ရွာမှ အိမ်ခြေ ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီး ပေးနိုင်မည်ဖြစ်ကြောင်း စီမံကိန်းကို တာဝန်ယူ တည်ဆောက်မည့် Delta Construction System Limited မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

ရေစကြိုမြို့နယ်၌ အပူချိန်မြင့်တက်မှုကြောင့် အခြေခံပညာကျောင်းစာသင်ချိန်များ ပြောင်းလဲသတ်မှတ်

ရေစကြို ဇွန် ၇

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း အပူချိန်မြင့်တက်မှုကြောင့် အခြေခံပညာကျောင်းများတွင် စာသင်ချိန်များကို အပူချိန်လျော့သော နံနက်ပိုင်း အချိန်သို့ ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံး၌ ဇွန် ၅ ရက်မှစတင်ကာ ပုံမှန် နံနက် ၉ နာရီမှ ညနေပိုင်းအထိ စာသင်ချိန်များအစား အပူချိန်လျော့နည်းသည့် နံနက် ၇ နာရီမှ နေ့လယ် ၁၂ နာရီအထိ အချိန်ပြောင်းလဲသတ်မှတ်ထားခြင်းဖြစ်သည်။ ရေစကြိုမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဖြစ်သည့်အလျောက် ယခုရက်များအတွင်းတွင် အပူချိန်မြင့်တက်လျက်ရှိပြီး နေ့အပူချိန်သည် ၄၄ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။ **အိမ်မန်ဆွေ(ရေစကြို)**

ဘိန်းအစားထိုး သီးနှံမျိုးစေ့ မြေသြဇာနှင့် ပိုးသတ်ဆေးများ ပေးအပ်

ညောင်ရွှေ ဇွန် ၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် (ယင်းမာ)စီမံချက်အရ အထွက်ကောင်းပြီး ဒေသနှင့်ကိုက်ညီသည့်သီးနှံများကို ဘိန်းအစားထိုးသီးနှံများအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘိန်းအစားထိုးသီးနှံ မျိုးစေ့များ၊ မြေသြဇာနှင့် ပိုးသတ်ဆေးများကို ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာအုပ်စုများမှ တောင်သူများထံသို့ ဇွန် ၅ ရက်တွင် ပေးအပ်ခဲ့သည်။

ဘိန်းပြင်ကျေးရွာအုပ်စု နန်းတက်ရွာ၌ ပြုလုပ်သည့် သီးနှံမျိုးစေ့များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြီးမြင့်တို့က ဘိန်းစိုက်ပျိုးမှုပယျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝင်းထွန်းက ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် မြေသြဇာများ ထောက်ပံ့ပေးခြင်းအပြင် စံပြစိုက်ကွက်များ စိုက်ပျိုးပြသမည့်လုပ်ငန်းစဉ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘိန်းအစားထိုးသီးနှံများဖြစ်သည့် ပုလဲသွယ်စပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့များနှင့် နှစ်ရှည်သီးနှံအဖြစ် နဂါးမောက်ပျိုးပင်များ၊ စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုရန် မြေသြဇာနှင့် ပိုးသတ်ဆေးများကို ဒေသခံတောင်သူများအား တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ဥယျာဉ်ခြံစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲရေး နည်းပညာများနှင့် ဘက်စုံသီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို တောင်သူများအား ပညာပေးရှင်းလင်းပြသခဲ့သည်။

ညောင်ရွှေမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအတွက် မိုးစပါးစံပြကွက်သုံးဧက ဖော်ထုတ်ပြသခြင်း၊ ပုလဲသွယ်စပါး ဧက ၁၀၀ စိုက်ပျိုးနိုင်ရန် ပုလဲသွယ်မျိုးစေ့ကီလို ၇၀၀ ဖြန့်ဝေခြင်း၊ အစေ့ထုတ်ပြောင်း ဧက ၁၀၀အတွက် မျိုးစေ့ဖြန့်ဝေခြင်း၊ မြေသြဇာများထောက်ပံ့ခြင်း၊ နှစ်ရှည်သီးနှံအဖြစ် နဂါးမောက်ပင်စံပြကွက် တစ်ဧက စိုက်ပျိုးပြသခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

နေမျိုးသူရိန်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

မြစ်ကြီးနား ဇွန် ၇

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကြီးမှူး၍ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျန်ငန်ဆိုင်းက အမှာစကားပြောကြားပြီး ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးကျော်အောင်မိုးက ၂၀၁၅ ခုနှစ်အတွက် ချမှတ်ထားသည့် လူသားသန်း ၇၀၀၀ ရဲ့ မျှော်မှန်းချက်တွေပြည့်ဝစေဖို့ တို့ကမ္ဘာကြီးကိုထိန်းသိမ်းစောင့်ရှောက်စို့ ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရှိသည့်ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းငယ်ကို လေ့လာကြည့်ရှုခဲ့သည်။

(ဝ၆၂)

စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ဖြင့် တည်ဆောက်ခဲ့သည့် တမာတောတိုက်နယ် ရေမျက်ကျန်းမာရေးဆေးခန်း တည်ဆောက်မှုများ ပြီးစီးနေသည်ကို ဇွန် ၄ ရက်တွင် တွေ့ရစဉ်။

သန်းထိုက်(ရေဦး)

ယာဉ်မှတ်ပုံတင်စာအုပ်ပိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၅၃၄၇ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန်းစန်းမော် ၁၂/ပဇော(နိုင်)၀၀၉၁၈၈ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/5873 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ် ၆၆၊ ဦးပိုင်အမှတ် ၇၄၊ ဧရိယာ၈က ၀ဒသမ၀၅ဒေါ်ဖြောင့်ကရန်အမှုတွဲအမှတ် (၃၇၂/၉၄)၊ ဗိုလ်ကြီးအောင်လင်းအမည်ပေါက် မြေဌားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဇနီးဒေါ်စီစီရွှေ ၁၄/ပသရ(နိုင်)၀၅၂၀၄၇ အမည်ဖြင့် အမည်ပြောင်းမြေဌားဂရန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဒေါ်စီစီရွှေ**
ဖုန်း-၀၉-၂၀၀၄၃၉၇

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဆန်းလှိုင် ၉/မထလ(နိုင်)၂၂၅၁၆၈ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးနိုင်ပါရန်။ **ဖုန်း-၀၉-၄၂၈၄၃၃၆၂**

အမည်ပြောင်း

ရွှေညောင်မြို့၊ အမက (၂၈)၊ ဒုတိယတန်းမှ မောင်အာကာမိုးအား ယနေ့မှစ၍ မောင်ဥက္ကာလင်းထူးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဥက္ကာလင်းထူး**

အမည်မှန်

အေးသာယာ၊ အထက (၁)၊ အဌမတန်း(က)မှ နန်းကြယ်ဇင်သန့်၏ အမည်မှန်မှာ နန်းကြယ်စင်သန့် ဖြစ်ပါကြောင်း။ **နန်းကြယ်စင်သန့်**

စင်ကာပူနိုင်ငံ သူနာပြုဒီပလိုမာ (အခမဲ့) ပညာသင်ဆု(၁၁)ကြိမ်မြောက်ခေါ်ယူခြင်း

☞ စင်ကာပူနိုင်ငံ နာမည်ကြီးတက္ကသိုလ်များတွင် (၃)နှစ်အခမဲ့ပညာသင်ခွင့်ရသည့်အပြင်
☞ လစဉ် – S$ 350 ၊စားစရိတ်နှင့်အထွေထွေသုံးရန် S$ 550 ၊စုစုပေါင်း S$ 900 ရသည်။
☞ ဒီပလိုမာရရှိပြီးပါက (S-pass) ဖြင့်အလွယ်တကူ အလုပ်ရရှိမည် ဖြစ်ပါသည်။

လူငယ်ရေတန့်သတ်ထားသောကြောင့် အရည်အချင်းပြည့်ဝီသူများ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။
(ယခုနှစ်ရွေးချယ်မှု ပုံစံပြောင်းလဲသည်။)

လိုအပ်သောပညာအရည်အချင်း

➲ အသက်(၁၆)နှစ်မှ(၂၁)နှစ်အတွင်း(၁၀)တန်းအောင်(သို့)တက္ကသိုလ်တက်ဆဲ
➲ (၁၀)တန်းတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သူများသာ ဝင်ရောက်ပြေဆိုခွင့်ရှိသည်။
➲ **အမှတ်စာရင်းအား ပညာရေးဌာနနှင့် တိုက်ဆိုင်စစ်ဆေးပါမည်။**

ဤအစီအစဉ်ကို **သုခစုစံ** ကုမ္ပဏီတစ်ခုတည်းသာ စီစဉ်ခွင့်ရှိသောကြောင့် အသေးစိတ် သိလိုပါက ကာယကံရှင်ကိုယ်တိုင် အုပ်ထိန်းသူနှင့်အတူ ကုမ္ပဏီသို့ တိုက်ရိုက်ဆက်သွယ်ပါရန် နှင့် အခြားမည်သူကိုမျှ သင်တန်းဖွင့်လှစ်ခွင့် နှင့် ကိုယ်စားလှယ်ပေးထားခြင်း မရှိပါ။

ပညာသင်ဆု ရွေးချယ်သည့် အစီအစဉ်သာ ဖြစ်ပါသည်။ ကျောင်းလခဖြင့် တက်ရောက်လိုသော ကျောင်းသားများ စုဆောင်းခြင်းမဟုတ်ပါ။

သုခစုစံ ကုမ္ပဏီ ပန်းဆိုးတန်းမှတ်တိုင် ၊ကုန်သည်လမ်းမကြီး နှင့် (၃၉–လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။ www.tksstkss.com

ရော်ဘာရွှေခေတ် တစ်ကျော့ပြန်ချိန်....

သတင်းဆောင်းပါး-မြတ်မွန်ထွေး၊ ဝဿန်ထွန်း

ယခုနှစ်ဇွန်လဆန်း၏ မိုးရွာသွန်းမှုသည် ယခင်နှစ်များ၏ စံချိန်ကိုမမီသေးသော်လည်း မွန်ပြည်နယ်တွင်း ရော်ဘာပင်များကမူ စိမ်းစိမ်းစိုစိုပင်။ အသက် ၇ နှစ်ကျော်ကတည်းက ဝင်ငွေများစွာကို ရှာဖွေပေးနိုင်ခဲ့သော ရော်ဘာပင်များကိုငေးကြည့်ရင်း ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ရော်ဘာဈေးနှုန်း၏ ဂရပ်ဖစ်မျဉ်းမျှားဦးက အောက်သို့သာ စိုက်ဆင်းလာခဲ့မှုကိုတွေးမိကာ လာမည့်ရာသီ ရော်ဘာဈေးနှုန်းအပေါ် ရော်ဘာခြံပိုင်ရှင် ဦးဇော်မင်း ကြိုတင်စိုးရိမ်စိတ်ဝင်မိသည်။

တစ်ချိန်က ရွှေဖြူဟုပင်တင်စားခဲ့ရသည့် ရော်ဘာထွက်ကုန်၏ဈေးနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် အကျဘက်သို့သာ ဦးတည်နေသဖြင့် ရော်ဘာရွှေခေတ်ကုန်နေချိန်ဖြစ်သည်။ "အရင်က တစ်ပေါင်ကို ၁၀၀၀ ကျော်လောက်ဈေးရတယ်။ ဘာပဲပြောပြော ဝင်ငွေဖြောင့် နေခဲ့တာပေါ့။ ပြီးခဲ့တဲ့ရာသီက ရော်ဘာဈေးက တစ်ပေါင်မှာ ၅၀၀ တောင်မပြည့်ချင်ဘူးဆိုတော့ ဈေးက ထက်ဝက်ကျော်ကျသွားသလို ဝင်ငွေထက်ဝက်မက လျော့သွားတယ်လေ။ ရော်ဘာအစေးပြားရဖို့ အဆင့်ဆင့် ထုတ်လုပ်ရတဲ့ ကုန်ကျစရိတ်က လိုက်မကျဘူးလေ။ ဒါကြောင့် အလုပ်သမားတွေ လျှော့ချခဲ့ရတယ်။ များသောအားဖြင့် ရော်ဘာသမားတွေ အရှုံးပေါ်ခဲ့ကြရတယ်" ဟု ပြီးခဲ့သည့်ရာသီ၏ ရော်ဘာလုပ်ငန်းအပေါ် ဦးဇော်မင်းက သုံးသပ်ပြသည်။

ရော်ဘာသည် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် သာမက ပြည်ပပို့ကုန်များအတွက်လည်း အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ရော်ဘာပင်သည် စီးပွားရေး သက်တမ်းကာလအတွင်း စက်မှုကုန်ကြမ်းအတွက် ရော်ဘာအစေးရည်ရရှိသည့်အပြင် အပင်အိုသည့်အခါ ရော်ဘာသစ်အဖြစ် အသုံးပြုနိုင်သည်။ စတင်စိုက်ပျိုးချိန်မှ အသက် ၇ နှစ်အကြာတွင် ဝင်ငွေစတင်ရရှိနိုင်ပြီး ရော်ဘာတစ်ဧကပေါ်မှ နှစ်စဉ်ပျမ်းမျှ အမြတ်ငွေခြောက်သိန်းခန့်ရရှိနိုင်ကြောင်း မွန်ပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နှစ်ရှည်ပင်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ သုတေသနပြုတွက်ချက်ထားမှုအရ သိရသည်။ ၄င်းတွက်ချက်ထားမှုသည် လုပ်သားတစ်ဦး တစ်နေ့လုပ်ခ ၂၅၀၀ကျပ်နှင့် ရော်ဘာတစ်ပေါင် ထုတ်လုပ်စရိတ် ၅၀၀ကျပ်၊ ရော်ဘာတစ်ပေါင် ရောင်းဈေး ၁၀၀၀ ကျပ်ဖြင့်သာ တွက်ချက်ထားခြင်း

ဖြစ်သဖြင့် ကြီးမြင့်လာသောလုပ်သားလစာနှင့် မြင့်တက်လာသောရော်ဘာထုတ်လုပ်စရိတ်တို့ကြောင့် ယခုအခါ တစ်ဧကလျှင် ခြောက်သိန်းခန့် အမြတ်မကျန်နိုင်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က ရော်ဘာဈေးက တစ်ပေါင်မှ ၅၀၀ တောင်မရချင်ဘူး။ အလုပ်သမားနဲ့ ထုတ်လုပ်မှုစရိတ်တွေ ထည့်တွက်လိုက်တော့ အမြတ်မကျန်ဘူး။ လာမယ့်ရာသီမှာ ဈေးသာထပ်ကျဦးမယ်ဆိုရင်တော့ အလုပ်သမားမဌားဘဲ ကိုယ်တိုင်အပင်ပန်းခံလုပ်ချင်လုပ်၊ မဟုတ်ရင် ခြံသာပိတ်ထားရမယ့်အခြေအနေပဲ" ဟု မော်လမြိုင်မြို့ ခရွန်းရွာနေ ရာဘာခြံပိုင်ရှင် ဦးစိုးဝင်းက ပြောသည်။

လက်ရှိအနေအထားအား ကုစားနိုင်ရန်အတွက် ပြည်တွင်းမှာပင် အရည်အသွေးမြင့် ရော်ဘာကုန်ချော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိပြီး နိုင်ငံတကာ ဈေးကွက်သို့ ဖြန့်ချိနိုင်ရန်မှာ အဓိကလိုအပ်ချက်ဖြစ်နေကြောင်း၊ သို့မှသာ မိမိ၏ထုတ်ကုန်အပေါ် တန်ဖိုးအပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အရှုံးပေါ်တယ်။ အရှုံးပေါ်တယ်ဆိုတာက အရည်အသွေးမီတဲ့ ရော်ဘာကုန်ကြမ်းရဖို့က တစ်ရက်နှစ်ရက်နဲ့မရဘူး။ တစ်လလောက်မှရတယ်။ အဲဒီတော့ခြံပိုင်ရှင်တွေက နေ့စဉ်ရှင်းပေးနေရတဲ့ လုပ်သားစရိတ်အတွက် ငွေပေါ်အောင် နှစ်ရက်လောက်နဲ့ ထုတ်ရောင်းနေရတော့ အရည်အသွေးမမီဘူး။ အရည်အသွေးမမီတော့ ဈေးကောင်းမရဘူး။ အဓိကကတော့ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်ဖို့လိုတာပေါ့။ အရင်းအနှီးများများနဲ့ အရည်အသွေး မီအောင်ထုတ်မယ်။ တန်ရာတန်ကြေးရမှ ရောင်းမယ်ဆိုရင်တော့ ရော်ဘာဈေးကွက်က ဒီလောက်ထိ အကျဘက်ကိုဦးတည်စရာမရှိဘူး" ဟု ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဝင်တစ်ဦးက ပြောသည်။

မြို့နယ်အလိုက် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဖွဲ့စည်းပေးပြီး ရော်ဘာဈေးကွက်ဦးမော့လာစေရန်အတွက် ပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းစသည့် လှုပ်ရှားမှုများရှိသော်လည်း အရည်အသွေးမီကုန်ကြမ်းရရှိရေးတွင် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှုကသာ အရေးကြီးသဖြင့် လက်တွေ့နယ်ပယ်တွင် ထိရောက်မှုအားနည်းလျက်ရှိသည်။

"မွန်ပြည်နယ်က စိုက်ပျိုးရေးထွက်ကုန်တွေထဲမှာ အကောင်းဆုံးကတော့ ရော်ဘာပဲ။ ဒါပေမယ့် ဈေးကောင်းရဖို့ဆို ဥရောပဘုံဈေးကွက်ကို တင်ပို့နိုင်မှရမယ်။ ပို့ဖို့ဆိုရင် အရည်အသွေးမီရမယ်။ အရည်အသွေးမီဖို့ ငွေကြေးရင်းနှီးမြှုပ်နှံဖို့လိုမယ်။ ဆွေးနွေးပွဲတွေမှာ ခြံပိုင်ရှင်တွေက စပါးလိုမျိုး ချေးငွေထုတ်ချေးပေးစေချင်ကြတယ်။ သို့သော် စပါးကအလွန်ဆုံးကြာ ရှစ်လ၊ ပြီးရင် ပြန်ဆပ်နိုင်တယ်။ ရော်ဘာကတော့ သက်တမ်း ၇ နှစ်ကြာမှ ငွေစဝင်တာဆိုတော့ အကယ်၍ ပေးမယ်ဆိုရင်တောင် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် ပေးနိုင်မှရမယ်။ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေကလည်း လာကြည့်တာတော့ရှိပြီး ထိရောက်တဲ့ရင်းနှီးမြှုပ်နှံမှုမျိုး လုပ်တာမတွေ့ရဘူး" ဟု ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မွန်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးမျိုးညွန့်က ရှင်းပြသည်။

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးအောင်ထွန်း-ဦးလမ်းနေ (ဦးအောင်ကျော်ဇံ-ဒေါ်စိန်မြမေ)တို့၏သားထွေး၊ (ဒေါက်တာဦးကျော်ထွန်း-လှ-ဒေါ်ရီရီသိန်း)တို့၏သားသမက်၊ ဒေါ်မူမူထွန်း(မြသစ္စာEntertainmen)၏ချစ်လှစွာသောခင်ပွန်း၊ မမေသူဇာကျော်(တနှစ်-ဗိသုကာ၊ သန်လျင်)၏ဖခင်၊ ဒေါ်ခိုင်ခိုင်လှ-(ဦးခင်မောင်ဆန်း)၊ (ဦးရဲမင်းထွန်း)-ဒေါ်ကြိုင်ကြိုင်ထွန်း၊ ဒေါက်တာမိမိထွန်း(မျက်စိအထူးကု)-ဦးမောင်မောင်၊ ဒေါ်မော်မော်ထွန်း-ဦးဟန်စိန် (ဘန်ကောက်)၊ ဒေါ်မိုးမိုးထွန်း- Mr. David Htun (USA)။ ဒေါ်ခင်နှင်းခိုင်-ဦးဇော်တင့်လွင်တို့၏ အစ်ကို/မောင်၊ မြသီရိမောင်မောင်၊ မြတ်မဋ္ဌာမောင်မောင်၊ မျိုးသူရမောင်မောင်-ဒေါက်တာမေယမုံ၊ ပြည့်သက်ထွန်း၊ ကျော်စွာထွန်း၊ ဇေယျာတင့်လွင်၊ မြတ်မြတ်ဆုထိုက်၊ မြတ်သည်းဆုလွင်၊ ဌေးသွယ်ဦး၊ ဆန်းရည်ဖြိုးတို့၏ဦးလေးသည် ၆-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅ရက်(တနလင်္ဂနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

(စမ်းချောင်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍၁၂-၆-၂၀၁၅ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၉၈၆၂၉ Honda click 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၉/မနမ(နိုင်)၁၀၆၉၅၂က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၈၄၃၅ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သောဇင်မော် ၉/ခမစ(နိုင်)၀၇၃၇၉၇က (ကမ-၃)ပျောက်မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရဝ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ်၄၄၊ မြေကွက်တည်နေရာအမှတ် ၄၄၊ ဘုရင့်နောင်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဒေါ်စိန်မြ(ခ)တင်စိန် CB-၀၂၀၇၀၁အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်မြ(ခ)ဒေါ်တင်စိန်(မိခင်)၊ ဦးမြတ်သိန်း(ဖခင်)တို့ကွယ်လွန်၍ ဦးအောင်မျိုးသိန်း ၁၂/မဂတ(နိုင်)၀၁၀၅၆၄ဂ သားသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးနှင့်အရောင်းမြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရဝ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် ၁၉၀၊ မြေဧရိယာ ၂ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူဦးလီကြားရှိ၁၃/လကန(နိုင်)၀၀၀၁၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်းပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြလဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၅၊ ၀၉-၅၁၅၁၈၃၃

ရဟန်း၊ သိမ်ဒါယိကာကြီး
ဦးကျော်ဇောဝင်း(ခ)ဆရာကျော်
A.G.T.I (ကလော) B.Sc(Maths) ကျော်ပညာရိပ်
အသက်(၅၆)နှစ်

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄)နေ (ဦးဟုတ်ရှိန်) (အလက(၁) မြို့မ၊ ပုသိမ်)-ဒေါ်ထားကြည်တို့၏သားကြီး ရဟန်း၊ဒါယိကာကြီး ဦးကျော်ဇောဝင်း(ခ) ဆရာကျော် (အလက-၁၊ မြို့မ၊ ကျောင်းသားဟောင်းများအဖွဲ့နာယက) A.G.T.I (ကလော) B.Sc,(Maths)Q ကျော်ပညာရိပ်သာ အသက်(၅၆)နှစ်သည် ၃-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ဗန်ကောက်စံတော်ချိန် နံနက် ၇း၂၀နာရီတွင် ဗန်ကောက် Chulao-ngkom ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ၀မ်းနည်းကြေကွဲရပါသည်။

စတုဗ္ဗဟုအကြင်နာအစရိယပူဇော်ပွဲကျင်းပရေးကော်မတီနှင့်
အမှတ်(၁)၊ အလက (မြို့မ)ကျောင်း(ပုသိမ်)
ကျွန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်းအဖွဲ့

ရဟန်း၊ သိမ်ဒါယိကာကြီး
ဦးကျော်ဇောဝင်း(ခ)ဆရာကျော်
A.G.T.I (ကလော) B.Sc(Maths) ကျော်ပညာရိပ်
အသက်(၅၆)နှစ်

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄)နေ (ဦးဟုတ်ရှိန်) [အ.လ.က(၁) မြို့မ၊ ပုသိမ်]-ဒေါ်ထားကြည်တို့၏သားကြီး ရဟန်း၊ဒါယိကာကြီး ဦးကျော်ဇောဝင်း(ခ) ဆရာကျော် (အ.လ.က-၁မြို့မ၊ ကျောင်းအကျိုးတော်ဆောင်)A.G.T.I(ကလော)B.Sc,(Maths) Q ကျော်ပညာရိပ်သာ အသက်(၅၆)နှစ်သည် ၃-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ဗန်ကောက်စံတော်ချိန် နံနက် ၇း၂၀ နာရီတွင် ဗန်ကောက်Chulaongkom ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ၀မ်းနည်းကြေကွဲရပါသည်။

အမှတ်(၁)၊ အ.လ.က မြို့မကျောင်း(ပုသိမ်)
ယခု အ.ထ.က(ခွဲ)ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ
**ကျောင်းအကျိုးတော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပိုး (ကွေ့တန်းရှည်ကျေးရွာ)

အသက်(၉၀)

ဦးအေးကျော်(အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဝိုင်းနုအေး တို့၏မိခင် ဒေါ်ပိုး အသက်(၉၀)သည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာအောင်ထွန်း-ဒေါက်တာသက်သက်ဇင်

ဒုတိယဝန်ကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေရာဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ပိုး

(ကွေ့တန်းရှည်ကျေးရွာ၊ ပဲခူးမြို့)

အသက်(၉၀)

ဦးအေးကျော် (အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်းပြည်ပရောင်းဌာန)-ဒေါ်ဝိုင်းနုအေးတို့၏ချစ်လှစွာသောမိခင် ဒေါ်ပိုးသည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမိုးသော်နှင့်စနီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့် W.H.O (ဇြမ်း)

အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်းသွယ်(၇)၊ အမှတ်(၇၁/၁)နေ ဒေါ်ခင်လိုင်၏ခင်ပွန်း ဒေါ်ခင်မာမြင့် ဦးစီးအရာရှိ(ငွေစာရင်း) တည်ဆောက်ရေး(၂)၊ ဆည်မြောင်းဦးစီးဌာန၊ ပြည်မြို့ ၏မွေးသဖခင် ဦးလှမြင့် W.H.O (ဇြမ်း)သည် ၆-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်အရာထမ်းဝန်ထမ်းမိသားစုများ၊

တည်ဆောက်ရေး(၂)

ဆည်မြောင်းဦးစီးဌာန၊ ပြည်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးသွင်

ဒုညွှန်မှူး(ဇြမ်း)

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

အသက်(၇၆)နှစ်

ဒေါက်တာခိုင်ခိုင်စိုး(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မကွေးပြည်သူ့ဆေးရုံကြီး)၏ဖခင် ဦးစိုးသွင်သည် ၂၁-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Surgical Society, MMA

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မိုးအောင်

ဦးစီးအရာရှိ (ခရိုင်ပြန်/ဆက်၊ ကျောက်ဖြူ)

အသက်(၄၂)နှစ်

ကျောက်ဖြူခရိုင်ပြန်/ဆက်ဦးစီးဌာနမှဦးစီးအရာရှိ ဦးဇော်မိုးအောင်သည် ၂၃-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စာရေးဆရာ

ကျွန်းစဉ်မြေစောခက်

(စာပေဆုများရှင်)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး

ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်စိန် အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖွံ့မြဲရပ်ကွက်၊ မြရာကုန်းလမ်း၊ အမှတ် ၆/၈နေ (ဦးဘာဘာ-ဒေါ်ရွှေညာ)တို့၏သမီးကြီး၊ (ဦးစိန်-ဒေါ်ကျင်နု)တို့၏သမီးချွေးမ၊ (ဦးသောင်းညွှန့်-ဒေါ်လှလှ)တို့၏တူမ၊ ဦးအောင်သန်း(လွတ်လပ်ရေးမော်ကွန်းဝင်)၊ ဒေါ်မြမြ၊ (ဦးသန်းထွန်း)၊ ဒေါ်တင့်(ဦးစိန်ထွန်း)၊ ဒေါ်သန်းရီ(မိတ်ကပ်ဆန်နီ)တို့၏အစ်မ၊ (ဦးစိန်ဝင်း-ဒေါ်ခင်အေးမူ)၊ (ဦးသိန်းလှိုင်)၊ ဦးဆန်းဝင်း-ဒေါ်အေးအေး၊ ဒေါ်ဥမ္မာအောင်၊ ဦးမျိုးသိန်း-ဒေါ်နီလာကျော်၊ ဦးအောင်ထွန်း-ဒေါ်ယုယု၊ ဦးလဒ္ဓိန်ထွန်းနန်-ဒေါ်သီတာအောင်၊ (ဦးသိန်းထွန်း)၊ ဦးခင်မောင်မြင့်-ဒေါ်ချိုချိုအောင်၊ ဦးလှထွန်း၊ ဦးလှဟန်-ဒေါ်ကြည်ကြည်အောင်တို့၏မိခင်၊ ဦးကျော်ထွန်း၊ဦးထွန်းဝင်းတို့၏မွေးစားမိခင်၊ မြေး ၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၇-၆-၂၀၁၅ရက်(တနင်္ဂနွေ)နံနက် ၁၀း၁၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် စတင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကျော့ကျော့ရင် (ရွှေကျင်)

အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ သမိန်ဗလရပ်လမ်း၊ အမှတ် ၁၁၇ (သုံးလွှာ)နေ (ဦးဘိုးသက်-ဒေါ်သိန်းမြ)တို့၏သမီး၊ (ဦးထွန်းမြင့်(လူမှုဖူလုံရေး၊ ဇြမ်း)၏ဇနီး၊ ဒေါ်သီတာမြင့်(အလုပ်သမားညွှန်ကြားမှူဦးစီးဌာန၊ ဇြမ်း)၊ ဦးညီလွင်ဦး(ပြည်တွင်းအခွန်)-ဒေါ်မာလာမြင့်(သစ်တောဦးစီး၊ ဇြမ်း)၊ ဦးမြင့်အောင်(ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်နီလာမြင့်(လူမှုဖူလုံရေးရုံးခွဲ-၅)၊ ဦးဌေးလွင်(အလုပ်သမားဆေးရုံကြီး၊ မန္တလေး)-ဒေါ်လွင်လွင်မြင့်(လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်)-ဒေါ်ဝေဝေမြင့်တို့၏မိခင်၊ မောင်ထွန်းလင်းထွန်း-မနှင်းနင်းဝေ၊ မောင်အောင်သူမြင့်-မဝတ်မှုံဝင်း၊ မောင်ကောင်းမြသိန်း-မမေမိခင်တို့၏ဘွားဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၇-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူးရှု၍ ၁၃-၆-၂၀၁၅ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်နွယ်

အသက်(၇၂)နှစ်

ဓမ္မောသဓ အေးရိပ်သာဆေးခန်း ပုဂံမြို့ဟောင်း နတ်ထောင့်ကျောင်းဆေးခန်းမှ ဆရာဝန်ကြီး ဒေါက်တာလှထွန်း၏အဘေါ် ဒေါ်တင်တင်နွယ် အသက်(၇၂)နှစ် U.S.A သည် ၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

ဓမ္မောသဓဆေးခန်း

နတ်ထောင့်ကျောင်း (ပုဂံမြို့ဟောင်း)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်နွယ်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(9/A)၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ဒေါက်တာလှထွန်း (ဓမ္မောသဓ အေးရိပ်သာဆေးခန်း)၏ အဘေါ်သည် ၂-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

King & King Clinic

ရတနာအောင်မြေကျောင်းတိုက်၊ ၆မိုင်၊ ၁၁ လှိုင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာစောမားခိုရဲ

အသက်(၆၅)နှစ်

ဒေါ်ဘောဘီထွေး၏ခင်ပွန်း ဒေါက်တာစောမားခိုရဲသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

1985 Batch BVS ကျောင်းသား ကျောင်းသူများ

ဒေါ်ခင်ထွေးရီ(ခ)ဒေါ်ထွေးကြည် (ဖြိတ်ဖြို့)

အသက်(၅၅)နှစ်

တနသင်္သာရီတိုင်းဒေသကြီး၊ ဖြိတ်မြို့၊ သာကေတရပ်ကွက်၊ (၁)လမ်းနေ (ဦးရွှေအိတ်-ဒေါ်ကြည်)တို့၏ချစ်လှစွာသောမီး၊ ဖြိတ်မြို့၊ ကန်ခေါင်းရပ်၊ စကားဝါလမ်း၊ အမှတ် ၆၆နေ (ဦးဘိုးစော-ဒေါ်ရှာဟွာ)တို့၏ချွေးမ၊ ဦးစိုးလွင်၏ချစ်လှစွာသောဇနီး၊ မောင်မျိုးမင်းဟိန်း၊ မောင်ဇေလင်းရိုန်း-မခင့်မြင့်ဌေး(မောင်မင်းဇင်ဟိန်း)၊ မောင်ရဲထွန်းစိုး၊ (မဖြိုးဇာခြည်)၊ မပိုးဒါလီ၊ မောင်သီဟနိုင်(KBZ ဘဏ်၊ ဖြိတ်)၊ မောင်ကျော်ဇင်စိုးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၆-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီတများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၇၉(A)(မြေညီထပ်)နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူးရှု၍ ၁၂-၆-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၇၉ (A)(မြေညီထပ်)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်ဝေ (မုံရွာခရိုင်အုပ်ချုပ်ရေးမှူး)

အသက်(၅၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဝေသည် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ဆွေဆွေနိုင်၊ ဦးကျော်ဆွေ၊ ဦးဗုန်းဖြတ်သူ၊ ဦးမျိုးလွင်

၁၉၉၂ခုနှစ်၊ PSC အပတ်စဉ်(၁)သူငယ်ချင်းများ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး

ဦးလှ

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၂လမ်း၊ အမှတ် ၁၀နေ (ဦးဖိုးထိန် - ဒေါ်အေးသင်း)တို့၏ သားကြီး၊ (ဦးစံ-ဒေါ်ရန်)တို့၏သားသမက်၊ ဒေါ်အမာ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြသန်း၊ (ဒေါ်ခင်တင့်)၊ (ဦးတင်မောင်လှိုင် - ဒေါ်မြစန်း)တို့၏ အစ်ကိုကြီး၊ ဦးခင်မောင်စိုး-ဒေါ်ခင်ချိုမြင့်၊ ဦးခင်မောင်လတ်-ဒေါ်ခင်မြမြလွင်၊ ဦးခင်မောင်မြင့်-ဒေါ်ဘေဘီမြင့်၊ ဦးခင်မောင်တင့်-ဒေါ်ညီညီစန်း၊ ဦးမောင်မောင်အေး-ဒေါ်ခင်သန်းမြင့်၊ ဦးခင်မောင်ဌေး-ဒေါ်အားငယ်၊ ဦးခင်မောင်ညွှန့် ဒေါ်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး၁၈ယောက်မြစ် ၁၂ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၆-၂၀၁၅ရက်(စနေနေ့)သည် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူးရှု၍ ၁၃-၆-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး

ဦးစိန်ဖေ

မြင်းခြံမြို့၊ နှစ်ကျိပ်ရှစ်ဆူဘုရား ဂေါပကအဖွဲ့ဝင်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၆၈(ခ)နေ ဒေါ်ထားရှင်၏ခင်ပွန်း၊ မြင်းခြံမြို့၊ ဘုရားလမ်းနေ ဦးသက်တင်ဝင်း-ဒေါ်အိအိသွင် (အောင်သရဖူ ယာဉ်ပိုင်ရှင်)၊ ရန်ကုန်မြို့နေ မမေသက်နှင်း(ဒါရိုက်တာ) (Golden Min Khaung Construction Co., Ltd)တို့၏ဖခင်ကြီး၊ မောင်ခန့်မင်းသျှင် (3T.EC) မြင်းခြံ၊ မမြေချမ်းနဒီ (တတိယတန်း၊ အထက-၄၊ မြင်းခြံ)တို့၏ဘိုးဘိုးကြီးသည် ၇-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးငွေးအောင်

စက်မှုကျွမ်းကျင်(၁)

မြန်မာ့လေကြောင်း (ဇြမ်း)

အသက်(၇၅)နှစ်

(ဦးသန်းညွှန့်-ဒေါ်တင်မေ)တို့၏သား၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ယုဇနလမ်း၊ အမှတ် ၂၀နေ ဒေါ်ခင်စု၏ခင်ပွန်း၊ ဦးဖေတင်-(ဒေါ်အေးမြင့်)၊ ဦးတင်အောင်-ဒေါ်ခင်ဆွေဝင်း၊ ဦးစိုးအောင်-(ဒေါ်ခင်သီ)တို့၏ညီ၊ ဦးသိန်းလွင်-ဒေါ်ခင်ဝင်း၊ ဒေါ်သန်းသန်း၊ ဦးတင်ဝင်း - ဒေါ်ထွေးထွေးတို့၏အစ်ကို၊ ဦးအောင်ကွန်း-ဒေါ်စီစီဝင်း၊ ဦးမြင့်စိုး-ဒေါ်ဇာဇာအောင်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ဘိုးဘိုး၊ တူ၊တူမ ၁၆ယောက်တို့၏ဦးလေးသည် ၇-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူးရှု၍ ၁၃-၆-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ကိုမျိုးဇော်(ခ)ညီညီ

(ပုလော)

အသင်းဝင်အမှတ်-၃၆၃၅

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ဇီဝကလမ်း၊ (၂၀)ရပ်ကွက်၊ အမှတ် ၃၃၉/ခနေ (ဦးဝင်းကို)-ဒေါ်အမာစိန် (အမှုဆောင်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)တို့၏သား၊ မအေးအေးဖို၏ခင်ပွန်းသည် ၆-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဦးမြင့်ဆွေ(ခ)ဆင်ကြီး

(B.A.F.B.S.A)

ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ

စာရင်းကိုင်များအသင်း၊

အဆုတ်ရောဂါဌာန(ဇြမ်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်နန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ (ဦးအောင်ညွှန့် - ဒေါ်သောင်း)တို့၏သား၊ (ဦးကျင်ဟန်-ဒေါ်ညွှန့်ညွှန့်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်(ရေနံ/ဓာတု) - ဒေါ်ဥမ္မာဆွေ (ဆေးလူမှုဆက်ဆံရေး အရာရှိ၊ မ/ဥ၊ ဆေးရုံ)၊ ဒေါ်စန္ဒာဆွေ၊ (ဦးမင်းဆွေ)တပ်မတော်-ရေ၊ (ဦးအောင်ဇော်လတ်) - ဒေါ်နင်းနင်းဆွေ၊ ဦးသန်းအောင် - ဒေါ်ကေနိုင်မြင့်ဆွေတို့၏ချစ်လှစွာသောဖခင်၊ မောင်တည်ခန့်အောင်၊မဆွေရွှန်းမြင့်မိရ်အောင်၊ မောင်အောင်သုတတို့၏အကိုသည် ၇-၆-၂၀၁၅ရက် နံနက် ၅း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါက်တာဒေါသင်းနွယ်နီ

M.B.,B.S (Ygn)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၇၁နေ ဒေါက်တာဦးမျိုးခင်[M.B.,B.S(ygn) Dip in Med.Sc Hosp, Admin၊ ဒုတိယညွှန်ကြားရေးမှူး(ဇြမ်း)၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန]၏ ဇနီးသည် ၆-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ညနေ ၃နာရီတွင် အရိုးပြာအိုးဂူသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူးရှု၍ ၁၂-၆-၂၀၁၅ရက်(သောကြာနေ့)နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိုးမြင့် (ကတိုးကော့နပ်)

ဦးစီးအရာရှိ(ဇြမ်း)

မြေတိုင်းဦးစီးဌာန

အသက်(၈၆)နှစ်

မွန်ပြည်နယ်၊ ကတိုးကော့နပ်ကျေးရွာနေ(ဦးဘိုးအုံ-ဒေါ်သန်းညွန့်)တို့၏သား၊ (ဦးအေးမောင်-ဒေါ်အေးတင်)တို့၏သမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၆)၊ အမှတ် ၂၅၈၊ အခန်း ၁၈နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးမောင်မောင်သန်း-ဒေါ်ယုယုစိုး (အထက-၂၊ ရန်ကင်း)၊ ဦးညီညီစိုး၊ ဦးလှမြတ်စိုး-ဒေါ်အေးအေးခိုင်၊ ဦးကျော်တင့်စိုး၊ ဦးသက်တင်စိုး - ဒေါ်တင်ဌေးလှိုင်၊ ဦးမျိုးမြင့်စိုး-ဒေါ်မိမိလေးတို့၏ ဖခင်၊ မဆန်းသစ်လွင်၊ မောင်မြတ်ကျော်၊ မဖုးပွင့်မြတ်စိုး၊ မောင်ရဲထက်အောင်၊ မနှင်းအိန္ဒြာလှိုင်၊ မဟန်ဂီယွန်းယွန်း၊ ဦး၊ မောင်မင်းသြဒေတို့၏ အကို၊ သည် ၆-၆-၂၀၁၅ရက် နံနက် ၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီတအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူးရှု၍ ၁၂-၆-၂၀၁၅ရက် နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးစိုးနိုင်(ဇြမ်း)

စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)

EMPA 9th Batch

နတ်တလင်းမြို့နယ်အသင်း

ရာသက်မန်အသင်းဝင်

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၆၃၊မင်္ဂလာလမ်းနေ ရာသက်မန်အသင်းဝင် ဒေါ်ကြူကြူဝင်း (အလပ)၊ ဇြမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆- ၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ပါရန်။

အမှုဆောင်အဖွဲ့

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားသမားများ၏ ပုံရိပ်များ

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်များဆွတ်ခူး

စင်ကာပူ ဇွန် ၇

စင်ကာပူနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ဘတ်စကက်ဘောပြိုင်ပွဲတွင် မြန်မာဘတ်စကက်ဘောအဖွဲ့က ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ခြင်းလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက ထိုင်းအသင်းကို ၂၅၀ မှတ်၊ ၁၉၅ မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သည်။ ရိုးရာလှေပြိုင်ပွဲတွင် မြန်မာရိုးရာလှေအဖွဲ့က ရွှေတံဆိပ်ဆု ပထမဦးဆုံးဆွတ်ခူးခဲ့သည်။

ဝူရှူးအားကစားပြိုင်ပွဲတွင် အမျိုးသမီးဝူရှူးထောက်လှပြိုင်ပွဲ၌ နန်းကျန့်နှင့် နန်းသောင်း နှစ်ခုပေါင်းပွဲစဉ်တွင် မြန်မာနိုင်ငံမှ အေးသစ္စာမြင့်က ပထမ၊ ဒုတိယနှင့် တတိယကို အင်ဒိုနီးရှားနိုင်ငံမှ အားကစားသမားများက ရရှိခဲ့သည်။ ဝူရှူးအားကစားသမား အေးသစ္စာမြင့်သည် ရွှေတံဆိပ်ဆုနှစ်ခု ဆွတ်ခူးပေးထားကြောင်း သိရသည်။



ဓာတ်ပုံ-စိုးညွန့်

စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေပြိုင်ပွဲ၌ မြန်မာရိုးရာလှေအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်စဉ်။

စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဝူရှူးအဖွဲ့ ယှဉ်ပြိုင်တိုက်ကွက်ကို တွေ့ရစဉ်။

စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာခြင်းလုံးအဖွဲ့၏ ယှဉ်ပြိုင်ပြကွက်။

နေပြည်တော်-စာတည်းမှူး။ ၀၆၇-၃၆၁၄၂၂ ဖက်စ် ၀၆၇-၃၆၁၄၂၁ ရန်ကုန်မုံရွာ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဝိုလ်ချူ(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၂၂ ဖုန်း ၀၆၇-၃၆၁၄၂၁ မန်းရောက် ၀၉-၄၅၄၃၁၄၂၊ စီမံ ၀၉-၄၅၄၃၁၄၁ ဒေါ်စာရေး ၀၉-၄၅၄၃၁၄၀ ကြေးပြား ၀၉-၄၅၄၃၁၄၂။
Gmail mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အသံသတင်းစာတိုက်၊ သာတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

Since 1918
PILOT ဆိုတာမြန်မာ့အသဲစွဲစာရေးကိရိယာ
မြန်မာကျောင်းသားကျောင်းသူများ၏ လက်အရွယ်အစားဖြင့် အသင့်တော်ဆုံး နဲ့အသုံးဝင်ဆုံး
Frixion Slim (မှင်ဖျက်ဘောပင်အသေး)ပစ္စည်းသစ်၊Frixion မှင်ဖျက်နိုပ်ခလုတ်ဘောပင်၊ Frixion 3 Ways မှင်ဖျက်ဘောပင်နဲ့
အခြား Frixion မှင်ဖျက်ဘောပင် ဒီဇိုင်းစုံ ကာလာစုံကို မယုံနိုင်လောက်အောင် ထူးခြားတဲ့ Back to School Promotion အနေနဲ့
Buy 6 Get 1Free Promotion ပြုလုပ်ပေးထားလို့ စာရေးကရိယာအရောင်းကိုယ်စားလှယ်ကြီးများအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့နီးစပ်ရာ
Rainbow Bridge Distribution Co.,Ltd တွေမှာ အမြန်ဆုံး ဝယ်ယူကြဖို့သတင်းကောင်းပေးလိုက်ရပါတယ်။
FRIXION ball
Click Write Delete Repeat
RB Ph : Yangon Tel : 01-662107, 01- 9669012, 09-73028674,09-250053731 Mandalay Tel : 02-77838, 02-81018, 09-6502456
www.facebook.com/pages/Pilot-Writing-Instrument-Myanmar

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ ။)
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်။

(ခ) **မသန်စွမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင်ရပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထား အမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်း အတွင်း အပြည့်အဝပါဝင် လုပ်ရှားနိုင်မှုမရှိခြင်းကို ဆိုသည်။

(ဂ) **မသန်စွမ်းသူများ၏အခွင့်အရေး** ဆိုသည်မှာ ဤဥပဒေ၌ ပါရှိသော မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကိုဆိုသည်။

(ဃ) **ပြန်လည်ထူထောင်ရေး** ဆိုသည်မှာ မသန်စွမ်းသူများသည် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့်ရရှိနိုင်ရေး အတွက် စွမ်းဆောင်ရည်များ အပြည့်အဝ ပြန်လည်ရရှိရန် ဆေးပညာ၊ ပညာရေး၊ လူမှုရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးခြင်း ကိုဆိုသည်။

(င) **ခွဲခြားဆက်ဆံမှု** ဆိုသည်မှာ မသန်စွမ်းမှုကိုအကြောင်းပြု၍ နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ နှင့် အခြားနယ်ပယ်အသီးသီးတွင် အခြားသူများ နည်းတူ အသိအမှတ်ပြု ရေးနှင့် သာတူညီမျှ ရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဘေးဖယ်ချန်လုပ်ထားခြင်းနှင့် ပါဝင်လုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကိုဆိုသည်။

(စ) **ဆက်သွယ်ခြင်း** ဆိုသည်မှာ ဘာသာစကားဖြင့် ဆက်သွယ်ခြင်း၊ စာဖြင့် ရေးသားဆက်သွယ်ခြင်း၊ အကူစာဖတ်သူက ဖတ်ပြခြင်း၊ အထိအတွေ့ဖြင့် ဆက်သွယ်ခြင်း၊ ကိုယ်ဟန်အမူအရာပြသခြင်း၊ သင်္ကေတများပြသခြင်း၊ အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ် ခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး နားလည်နိုင်သည့် အခြား နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆက်သွယ်ခြင်းကို ဆိုသည်။

(ဆ) **ဘာသာစကား** ဆိုရာတွင် နှုတ်ဖြင့်ပြောသော ဘာသာစကား၊ လက်သင်္ကေတပြဘာသာစကားနှင့် အခြားသောနှုတ်ထွက် ဘာသာစကား မဟုတ်သည့် ဘာသာစကားပုံစံတို့ ပါဝင်သည်။

(ဇ) **အလုပ်ရှင်** ဆိုသည်မှာ ဤဥပဒေအရ မသန်စွမ်းသူများကို သတ်မှတ်ထား သော ဝေပုံကျ နှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန် တာဝန်ရှိသော အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်က တာဝန်ပေးသည့် စီမံခန့်ခွဲသူကို ဆိုသည်။

(ဈ) **မသန်စွမ်းသူများအသင်းအဖွဲ့** ဆိုသည်မှာ မသန်စွမ်းမှု အမျိုးအစား အလိုက်ဖြစ်စေ၊ မသန်စွမ်းမှုအမျိုးအစားများ စုပေါင်း၍ဖြစ်စေ ၎င်းတို့ကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းထားသော အသင်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ည) **မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်** ဆိုသည်မှာ မသန်စွမ်းသူ အသင်း အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူအသင်း အဖွဲ့များမှ အဖွဲ့ဝင်မဟုတ်သည့် မသန်စွမ်းသူကိုယ်စားလှယ် များ ပါဝင်ဖွဲ့စည်းထား သော အသင်းချုပ်ကိုဆိုသည်။

(ဋ) **မသန်စွမ်းသူများအတွက်ဆောင်ရွက်သောအဖွဲ့အစည်း** ဆိုသည်မှာ မသန် စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသော ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ဌ) **ပုဂ္ဂလိကပညာသင်အထူးကျောင်း** ဆိုသည်မှာ မသန်စွမ်းသူများ၏ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပညာသင်ကြား ပို့ချသည့် ပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်း ပရဟိတ ပိုင်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ သို့မဟုတ် အခြေခံ ပညာကျောင်းများကိုဆိုသည်။

(ဍ) **ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်း** ဆိုသည်မှာ မသန်စွမ်းသူ များကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခု လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးသည့် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်းပရဟိတပိုင်သင်တန်း သို့မဟုတ် ကျောင်းတစ်ခုခုကို ဆိုသည်။

(ဎ) **ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာန** ဆိုသည်မှာ မသန်စွမ်းသူများကို ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည် ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင် ရေးနှင့် ပြန်လည်ထူထောင် ရေးတို့အတွက် ဝန်ဆောင်မှုဆောင်ရွက်ပေးသော ပုဂ္ဂလိကပိုင် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းပိုင် သို့မဟုတ် စေတနာ့ဝန်ထမ်းပရဟိတပိုင် ပြန်လည်ထူထောင်ရေးဌာနနှင့် ကျောင်းတစ်ခုခုကို ဆိုသည်။

(ဏ) **ပိုင်ရှင်** ဆိုသည်မှာ ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တည် ထောင်ဖွင့်လှစ်ထားသော ပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင် ရေး ဌာနတစ်ခုခု၏ပိုင်ရှင် သို့မဟုတ် ထိုပိုင်ရှင်က တာဝန်ပေးသည့် စီမံခန့်ခွဲသူကို ဆိုသည်။

(တ) **ရန်ပုံငွေ** ဆိုသည်မှာ မသန်စွမ်းသူများ၏ ဘဝမြှင့်တင်ရေး၊ လိုအပ် သော အထောက်အကူပြုပစ္စည်းကိရိယာများ ခွဲဝေဖြည့်ဆည်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ ပြန်လည်ထူထောင်ရေး နှင့် အခြားသောအခွင့်အရေးများအတွက် မသန်စွမ်းသူများ၏ အခွင့် အရေးနှင့် အကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထူထောင်သော မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာရန်ပုံငွေကို ဆိုသည်။

(ထ) **ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေး များ ဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် ဤဥပဒေအရဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မသန်စွမ်းသူ များ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(နဓ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကော်မတီက ဖွဲ့စည်းပေးထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာကော်မတီကို ဆိုသည်။

(ပ) **ဦးစီးဌာန** ဆိုသည်မှာ လူမှုဝန်ထမ်းဦးစီးဌာနကို ဆိုသည်။

(ဖ) **မှတ်ပုံတင်အရာရှိချုပ်** ဆိုသည်မှာ မသန်စွမ်းသူများကို မှတ်ပုံတင် ခြင်းနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များအား ကြီးကြပ်ဆောင်ရွက်ရန် အမျိုးသားကော်မတီက တာဝန်ပေးအပ်ခြင်းခံရသည့် လူမှုဝန်ထမ်း ဦးစီးဌာန၏ ညွှန်ကြားရေးမှူး ချုပ်ကို ဆိုသည်။

(ဗ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဝန်ကြီးဌာနက သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်တို့တွင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ပေးထားသည့် ဦးစီးဌာနမှ အရာရှိကိုဆိုသည်။

(ဘ) **မှတ်ပုံတင်ကြီးကြပ်ရေးမှူး** ဆိုသည်မှာ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း ဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်အရ ဖြစ်စေ၊ စေတနာ့ဝန်ထမ်း အဖြစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနမှ ဝန်ထမ်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းပြီး တာဝန်ပေးအပ်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းမှ ဝန်ထမ်း သို့မဟုတ် အစိုးရဝန်ထမ်းမဟုတ်သည့် သင့်လျော်သော နိုင်ငံသားတစ်ဦးဦးကိုသော်လည်းကောင်း ဆိုသည်။

(မ) **မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့** ဆိုသည်မှာ မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်အလိုက် မသန်စွမ်းသူများ၏ အခွင့် အရေးများကို ခံစားခွင့်ပေးနိုင်ရေးအတွက် မသန် စွမ်းသူကို စစ်ဆေး အဂဲဖြတ်ပြီး အဆင့်သတ်မှတ်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ကျန်းမာ ရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမို၍ ကြည့်ရှုစောင့်ရှောက်နိုင်ရန်၊

(ခ) ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက် နိုင်ရန်၊

(ဂ) နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် များ ကို မသန်စွမ်းသူအားလုံးတန်းတူညီမျှ အပြည့်အဝရရှိစေရန်၊

(ဃ) နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့် နယ်ပယ်အသီးသီးတွင် အခြားသူ များနှင့် တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန်၊

(င) မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊

(စ) မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက် မြင့်မား လာစေရန်၊

(ဆ) မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံ မှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ခွဲခြား ဆက်ဆံမှုများ မပြုစေ ရေးအတွက် ဥပဒေအရ ကာကွယ်ပေးရန်၊

(ဇ) မသန်စွမ်းသူများကို နိုင်ထက်စီးနင်းအကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်း ဖက်မှုအမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူအမျိုးသမီးနှင့် ကလေးများကို အထူး ကာကွယ်ပေးရန်၊

(စျ) မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် မသန်စွမ်းမှုတစ်ခုထက် ပို၍ ခံစားနေရသော မသန် စွမ်းသူများကို မသန်စွမ်းမှုအမျိုးအစားအလိုက် နိုင်ငံတော်က အထူး စောင့်ရှောက်ကူညီပေးရန်။

အခန်း (၃)
မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ
အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန် ၆၀ ဦးထက်မပိုသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတတစ်ဦး	ဥက္ကဋ္ဌ
(၂) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ(၁)
(၃) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်	ဒုတိယဥက္ကဋ္ဌ(၂)
(၄) ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း ဦးစီးဌာန	အဖွဲ့ဝင်
(၅) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာန၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၆) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်မှ ကိုယ်စားလှယ်	အဖွဲ့ဝင်
(၇) မသန်စွမ်းမှုအမျိုးအစားအလိုက် ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၈) အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများမှ ရွေးချယ်ခြင်း ခံရသော ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၉) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ် ခြင်းခံရသော ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၁၀) ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန	အတွင်းရေးမှူး
(၁၁) အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်	တွဲဖက်အတွင်းရေးမှူး

(ခ) အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အမျိုးသားကော်မတီအဖွဲ့ဝင်များတွင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ များမှ ရာထူးအလျောက် တာဝန်ထမ်းဆောင်ရသော ပုဂ္ဂိုလ်များမှအပ ကျန်အမျိုးသားကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းကို သတ်မှတ်နိုင် သည်။

၅။ အမျိုးသားကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက် ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆို ပိုင်ခွင့်နှင့် တရားစွဲ ဆိုခြင်း ခံနိုင်ခွင့်တို့ ရှိစေရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီဝင်များသည် ဤဥပဒေ အရ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့် နေ့ရက်များအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် ခီးမြင့်ငွေနှင့် စရိတ်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

၇။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ၏ ဘဝတိုးတက်မြင့်မားလာစေရေးနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မူဝါဒနှင့် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်ပြီး ပြည် ထောင်စု အစိုးရအဖွဲ့၏အတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ (က)အရ ချမှတ်ထားသော မူဝါဒနှင့် လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ စည်ပင်သာယာရေး ကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့ အစည်းနှင့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ မသန်စွမ်းမှု ဆိုင်ရာလုပ်ငန်းကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်း များ၊ သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ဆောင်ရွက် မှုကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာကြီးကြပ်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) မသန်စွမ်းသူများကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်း များက ဖြစ်စေ၊ လုပ်ငန်းဌာနများကဖြစ်စေ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်းတို့မှ အကာအကွယ်ပေးနိုင်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အတွေ့အကြုံဖလှယ် ရေးနှင့် နည်းပညာ အရင်းအမြစ်များရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် မသန်စွမ်းသူများ၏ ဝန်ဆောင်မှုလုပ်ငန်းများကို စာရင်းစစ်တမ်း ကောက်ယူခြင်း၊

(ဆ) မသန်စွမ်းသူများ အလွယ်တကူအသုံးပြုနိုင်သော ဝန်ဆောင်မှုများ၊ စနစ် များ၊ ပုံစံများ၊ နည်းပညာများ၊ အထောက်အပံ့ပစ္စည်းများ၊ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်ခြင်းနည်းပညာများကို သုတေသနပြုခြင်းနှင့် တီထွင် ထုတ်လုပ်ခြင်း၊

(ဇ) နားမကြားသူများအတွက် လက်သင်္ကေတပြ ဘာသာစကားကို လည်း ကောင်း၊ မျက်မမြင်များအတွက် လက်စမ်းစာပေကို လည်းကောင်း သတ်မှတ်ခြင်း၊

(စျ) မသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းကိရိယာများ၊ လက်သင်္ကေတပြ ဘာသာစကား စကားပြန်များ ထောက်ပံ့ကူညီရေး နှင့် သင်ယူမှုအခွင့်အလမ်းဆိုင်ရာ နည်းပညာများ လေ့ကျင့်သင်ကြား ပေးရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

စာမျက်နှာ (၉) သို့

စာမျက်နှာ (၈)မှ

(ည) မသန်စွမ်းသူများအတွက် ရုပ်မြင်သံကြား၊ သတင်းပြန်ကြားရေး အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း၊

(၆) မသန်စွမ်းသူများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ အပြည့်အဝရရှိရန် စီမံဆောင်ရွက်ခြင်း၊

(၄) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့် နယ်ပယ်အသီးသီးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

(၃) မသန်စွမ်းသူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေး သူငယ်များ အား ထိရောက်စွာ အကာအကွယ်ပေးရန် စီမံဆောင်ရွက်ခြင်း၊

(၀) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် လိုအပ်သော စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(၈) မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(တ) ပြည်သူလူထုအတွင်း မသန်စွမ်းမှုဆိုင်ရာအသိပညာများ တိုးပွားလာစေရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ထ) မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် ဆောင်ရွက်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များကို ထောက်ပံ့ကူညီပေးခြင်း၊

(ဒ) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်းသတ်မှတ်ပေးခြင်း၊

(၀) မသန်စွမ်းသူများ အသင်းဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊

(နဲ) ပုဂ္ဂလိကပညာသင်အထူးကျောင်းများ၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနများ ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များချမှတ်ခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊

(ပ) ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဖ) မသန်စွမ်းသူများအတွက် ခွဲခြားဆက်ဆံမှုဖြစ်စေသည့် ဓလေ့ထုံးစံများနှင့် အလေ့အကျင့်များကို ပြုပြင်ရေး၊ ခွဲခြားဆက်ဆံမှု ပြုရာရောက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် မူဝါဒများကို စိစစ်ပြီး လိုအပ်သလို ရုပ်သိမ်းနိုင်ရေး သို့မဟုတ် ပြင်ဆင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနကတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဗ) ကျန်းမာရေးအတွက် စမ်းသပ်စစ်ဆေးခနှင့် ကုသစရိတ်များ၊ လက်သင်္ကေတပြဘာသာစကား၊ စကားပြန်ဝန်ဆောင်စရိတ်၊ ပြည်တွင်းခရီးသွားရာတွင် အစိုးရနှင့် ပုဂ္ဂလိကပိုင်ရေယာဉ်၁၊ လေယာဉ်၁၊ ရထားခနှင့် ခရီးသည်တင်ကားခများကို သတ်မှတ်ချက်များနှင့်အညီ သက်သာခွင့်ရရှိရန်နှင့် မသန်စွမ်းသူကိုယ်တိုင် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို အခမဲ့သယ်ယူခွင့်ရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဘ) အမျိုးသားကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကိုဖွဲ့စည်း၍ ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(မ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၄)

မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး

၈။ မသန်စွမ်းသူများသည် မွေးရာပါအခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ် သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည်။

၉။ မသန်စွမ်းမှုကိုအကြောင်းပြု၍ မသန်စွမ်းသူများကို ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုတို့ မရှိစေရ။

၁၀။ မသန်စွမ်းသူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ထိခိုက်နစ်နာ စေသော အပြုအမူနှင့် လုပ်ဆောင်မှုများကို တားမြစ်သည်။

၁၁။ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသော မသန်စွမ်းသူများ လိုအပ်သည့် အခြေခံစားဝတ်နေရေးအတွက် သတ်မှတ်ထားသော မသန်စွမ်းမှုအဆင့်အလိုက် နိုင်ငံတော်က ထောက်ပံ့ပေးရမည်။

၁၂။ မသန်စွမ်းသူများသည် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အမျိုးအစားမခွဲခြားဘဲ အောက်ပါအတိုင်း အခွင့်အရေးများ ရရှိစေရမည်-

(က) ဥပဒေအရာတွင် အညီအမျှဖြစ်စေရမည်။

(ခ) အခြားသူများနှင့် ညီမျှသော အခွင့်အရေးများရှိစေရမည်။

၁၃။ အမျိုးသားကော်မတီသည် အမွေဆက်ခံထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် အစီအမံများချမှတ်၍ ကာကွယ်စောင့်ရှောက်ရမည်။

၁၄။ မသန်စွမ်းသူများသည် -

(က) ပညာသင်ကြားခွင့်၊ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်ရှိသည်။

(ခ) မွေးရာပါအသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားသူများနည်းတူ ခံစားခွင့်ရှိသည်။

(ဂ) တရားဝင်ရရှိသောငွေကြေးများ၊ ပစ္စည်းများနှင့် အိမ်ရာအဆောက်အအုံများကို ပိုင်ဆိုင်ခွင့်၊ ဆက်ခံခွင့်နှင့် ပြည်သူ့အိုးအိမ်စီမံကိန်း ဖြင့် ဆောက်လုပ်သော အိမ်ရာများတွင် နေထိုင်ခွင့်ရှိသည်။

(ဃ) တရားစွဲဆိုခွင့်၊ တရားစွဲဆိုမှုကို ခုခံနိုင်ခွင့်နှင့် သက်သေအဖြစ် စစ်ဆေးခံနိုင်ခွင့်တို့ရရှိရေးအတွက် တရားရုံးတွင် မသန်စွမ်း ဖြစ်မှုအလိုက် လိုအပ်ချက်များကို စီစဉ်ပေးရန် တောင်းဆိုခွင့်ရှိသည်။

(င) မိမိတို့၏ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ကျသင့်သော ရုံးခွန်ကင်းလွတ်ခွင့်ရှိသည်။

(စ) အကျဉ်းကျနေစဉ်အတွင်း မသန်စွမ်းမှုကိုအကြောင်းပြု၍ နှိပ်စက်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ အနိုင်ကျင့်ခြင်းများမှ အကာအကွယ်ရရှိပိုင်ခွင့်နှင့် မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိပိုင်ခွင့်ရှိသည်။

၁၅။ သက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် အစီအစဉ်များ ပါဝင်စေရမည်။

၁۶။ မသန်စွမ်းကလေးသူငယ်များသည်-

(က) မွေးရာပါအသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် အခြေခံလွတ်လပ်ခွင့်များကို အခြားသန်စွမ်းသူကလေးသူငယ်များနည်းတူ ခံစားခွင့်ရှိသည်။

(ခ) ကလေးသူငယ်ဥပဒေပါ အခွင့်အရေးများအားလုံး သန်စွမ်းသူ ကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်။

(ဂ) ကိုယ်တိုင်ဆုံးဖြတ်သုံးသပ်နိုင်စွမ်းမရှိသည့် ဥက္ကဋ္ဌရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက ကိုယ်စား စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ် ရထိုက်ခွင့်ရှိသည်။

၁۷။ မသန်စွမ်းအမျိုးသမီးများသည် -

(က) လူ့အဖွဲ့အစည်းတွင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်နှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့်လူနေမှုအဆင့်အတန်းတိုးတက်မှုတို့အတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အခြားသန်စွမ်းသူ အမျိုးသမီးများနည်းတူ ခံစားခွင့်ရှိသည်။

(ခ) မသန်စွမ်းသူများအတွက် ရည်ရွယ်ဆောင်ရွက်သော လုပ်ငန်း အစီအစဉ်တိုင်းတွင် မသန်စွမ်းအမျိုးသားများနှင့် တန်းတူပါဝင် ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) အမျိုးသမီးများအတွက် ဦးတည်ဆောင်ရွက်သော လုပ်ငန်း အစီအစဉ်တိုင်းတွင် ပါဝင်ခွင့်နှင့် အကျိုးခံစားခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုး အပါအဝင်အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိသည်။

၁၈။ အမျိုးသားကော်မတီက ဤဥပဒေအရ သတ်မှတ်ထားသော နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားနှင့် မျက်မမြင်များအတွက် လက်စမ်းစာပေတို့ကို ကျွမ်းကျင်သူက အမှုအခင်းတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်တွင်ဖြစ်စေ တင်ပြလာသောအခါ ၎င်းကျွမ်းကျင်သူ၏ တင်ပြချက်ကို သက်သေခံအဖြစ် လက်ခံရမည်။

၁၉။ ဥက္ကဋ္ဌရည်မသန်စွမ်းမှုကြောင့် ပြုစုဉီးအခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကို လည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ။

အခန်း (၅)

မသန်စွမ်းသူများ၏ ပညာရေး

၂၀။ မသန်စွမ်းသူတိုင်းသည် -

(က) အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိသည်။

(ခ) အစိုးရပိုင်၊ အမျာ်းပိုင်၊ ပုဂ္ဂလိကပိုင်နှင့် အဖွဲ့အစည်းပိုင်ကျောင်းများ၊ သင်တန်းများ၊ သိပ္ပံများ၊ ကောလိပ်နှင့် တက္ကသိုလ်များတွင် လည်းကောင်း၊ ပုဂ္ဂလိက ပညာသင်ကျောင်းနှင့် ပုဂ္ဂလိကအသက်မွေးမှုသင်တန်းကျောင်းများတွင်လည်းကောင်း ပညာသင်ယူပိုင်ခွင့်ရှိသည်။

၂၁။ အမျိုးသားကော်မတီသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ မသန်စွမ်းသူများ အခြေခံပညာအဆင့်မှ တက္ကသိုလ်ပညာအဆင့်အထိ သင်ယူရာတွင် သင်ရိုးညွှန်းတမ်းများ၊ နေရာထိုင်ခင်း၊ သွားလာဆက်သွယ်မှုဆိုင်ရာ အထောက်အပံ့များနှင့် သင်ထောက်ကူပစ္စည်းများရရှိရေးအတွက် အစီအစဉ်များ ချမှတ်ပေးရမည်။

၂၂။ အမျိုးသားကော်မတီသည် သန်စွမ်းသူများနှင့် ပေါင်းစည်းပညာ သင်ကြားနိုင်သည့် လူတိုင်းအကျုံးဝင်ပညာရေးစနစ်နှင့် ပညာရေးကောလိပ် များ၊ ပညာရေးတက္ကသိုလ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ ထည့်သွင်းသင်ကြားရန်လည်းကောင်း၊ မသန်စွမ်းမှုအမျိုးအစားအလိုက် သင်ကြားနည်းစနစ်များနှင့် တစ်ဦးကိုတစ်ဦး ဆက်သွယ်ခြင်းနည်းစနစ်များ သင်ယူနိုင်ရန်လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ ညွှန်ကြားရမည်။

၂၃။ မသန်စွမ်းသူများက ကျောင်းဝင်ခွင့်လျှောက်ထားရာတွင် ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်မှတစ်ပါး မသန်စွမ်းမှုကိုအကြောင်းပြု၍ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ။

၂၄။ မသန်စွမ်း ကလေးသူငယ်တိုင်းသည် -

(က) ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများအပါအဝင် ပညာသင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရမည်။

(ခ) မိမိတို့ နေထိုင်ရာရပ်ရွာ သို့မဟုတ် အနီးစပ်ဆုံးဒေသရှိ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများတွင် ပညာရေးဝန်ကြီး ဌာနကသတ်မှတ်ထားသော အခမဲ့ပညာသင်ယူခွင့်ရှိသည့် အဆင့်အထိ အခြားသူများနည်းတူ သင်ယူခွင့်ရှိသည်။

၂၅။ ဝန်ကြီးဌာနသည် ကျောင်းပညာ မသင်ယူနိုင်သော မသန်စွမ်းသူများအတွက် သီးသန့်ဖွင့်လှစ်သင်ကြားပေးသော အထူးပညာရေးအစီအစဉ်၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်းပညာ အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

အခန်း (၆)

မသန်စွမ်းသူများ၏ကျန်းမာရေး

၂۶။ မသန်စွမ်းသူများသည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၂۷။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မသန်စွမ်းမှုဖြစ်ပွားခြင်းကို ကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများတွင် မသန်စွမ်းမှုဖြစ်ပွားမှုနှုန်းအနည်းဆုံးဖြစ်စေရန် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းမှုအမျိုးအစားနှင့်မသန်စွမ်းမှုအဆင့်ကို စစ်ဆေးပြီး အကဲဖြတ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန များ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ မသန်စွမ်းသူအသင်းမှ ကျွမ်းကျင်သူများဖြင့် လည်းကောင်း မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) မသန်စွမ်းသူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ကျေးလက်ဒေသများအထိ အခမဲ့ သို့မဟုတ် မသန်စွမ်းသူများ ကျခံနိုင်သောနှုန်းထားဖြင့် ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) မသန်စွမ်းသူများအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး ဆေးပညာအရ ကိုယ်ကာယပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ပြုစုကုသရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာနများ ဖွင့်လှစ်ပေးခြင်း၊

(စ) အရွယ်ရောက်ပြီး ဥက္ကဋ္ဌရည်မသန်စွမ်းသည့် အမျိုးသမီးများအတွက် လိုအပ်ချက်အရ မိဘ သို့မဟုတ် လက်ရှိအုပ်ထိန်းသူက ဆန္ဒပြုလျှင် မျိုးဆက်ပွားခြင်းကို ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒနှင့်အညီ ဆောင်ရွက်ခွင့်ပြုခြင်း။

အခန်း(၇)

မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေး

၂၈။ အမျိုးသားကော်မတီသည် အမျာ်းပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ပူးပေါင်းပြီး အောက်ပါအတိုင်း ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) အမျာ်းပြည်သူသုံးအဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများ ကိုယ်စိတ်နှစ်ပါးလုံခြုံပြီး လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်လုပ်မှုနှင့် ပြုပြင်တည်ဆောက်မှုဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် အလွယ်တကူသွားလာနိုင်ရေးအတွက် အမျာ်းပြည်သူ အသုံးပြုသည့်နေရာများတွင် အတားအဆီးများမရှိစေရေးအတွက် ပုံစံများရေးဆွဲတည်ဆောက်ခြင်း၊

(ဂ) အမျာ်းပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် မသန်စွမ်းသူများ လွယ်ကူစွာစီးနင်းလိုက်ပါနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ပေးခြင်း၊

(ဃ) လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများနှင့် လမ်းအကွေ့၊ အတက်အဆင်းများတွင် မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေသော အမှတ်အသားများ၊ သင်္ကေတများ၊ အသံပေး၍ အချက်ပြသည့် ကိရိယာများနှင့် အခြားလိုအပ်သည်များ တပ်ဆင်ခြင်း၊

(င) အမျာ်းပြည်သူပိုင်အိမ်ရာ၊ ဆေးရုံနှင့် စာသင်ကျောင်းစသည့် ရုပ်ဝတ္ထုပတ်ဝန်းကျင်များ၊ ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးနှင့် လူထုဆက်သွယ်ရေးကဏ္ဍတို့တွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာသုံးစွဲနိုင်ရန် စီစဉ်ပေးခြင်း။

အခန်း(၈)

မသန်စွမ်းသူများနိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး

၂၉။ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးခွင့်ရှိသည်။

၃၀။ မသန်စွမ်းသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

၃၁။ အမျိုးသားကော်မတီသည် -

(က) မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန် ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) အမျာ်းပြည်သူနှင့်ပတ်သက်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အားကစားလေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ခြင်းများတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန် သင့်လျော်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ပေးရမည်။

အခန်း(၉)

မသန်စွမ်းသူများပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး

၃၂။ အမျိုးသားကော်မတီသည်-

(က) မသန်စွမ်းသူများ လူမှုအသိုက်အဝန်းတွင် အခြားသူများနည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ မသန်စွမ်းသူများ၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်မှုများကို မြှင့်တင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက်လည်းကောင်း မူဝါဒများ၊ စီမံချက်များနှင့် အစီအစဉ်များ ချမှတ်ရမည်။

စာမျက်နှာ (၇)သို့

စာမျက်နှာ (၁) မှ

(ခ) မိဘမဲ့၊ ခိုကိုးရာမဲ့ မသန်စွမ်းသူများ နေထိုင်ရပ်တည်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) မသန်စွမ်းသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များကို ရန်ပုံငွေမှ ပံ့ပိုးထောက်ပံ့ပေးရမည်။

၃၃။ ဝန်ကြီးဌာနသည် အမျိုးသားကော်မတီက ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ချမှတ်ထားသော မူဝါဒများ၊ စီမံချက်များ၊ အစီအစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ မသန်စွမ်းသူများ အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်။

(ခ) ဘေးအန္တရာယ်အမျိုးမျိုးအတွက် အရေးပေါ်အခြေအနေ များတွင် မသန်စွမ်းသူများကို ဦးစားပေး၍ ရှာဖွေကယ်ဆယ်ရေး၊ အကာအကွယ်ပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရမည်။

(ဂ) ဘေးအန္တရာယ်အမျိုးမျိုးအတွက် ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေးအပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဃ) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း၊ ဘာသာစကားနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ခေတ်မီနည်းပညာများ လေ့ကျင့်သင်ကြားပေးရမည်။

၃၄။ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) မသန်စွမ်းသူများအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ် အစားထိုးကုသသည့် ဆေးရုံများ၊ ဆေးခန်းများ၊ လေ့ကျင့်သင်ကြားရေးကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲစိတ်အစားထိုးသည့် ပညာရှင်များ၏ စွမ်းရည်မြှင့်တင်ပေးခြင်း၊ လိုအပ်သော ခေတ်မီစက်ကိရိယာများ ပံ့ပိုးပေးခြင်း။

အခန်း(၁၀)

မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး

၃၅။ အမျိုးသားကော်မတီသည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် အခြားသူများနည်းတူ တန်းတူညီမျှ အလုပ် လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေး၊ အမမ္မအလုပ် စေခိုင်းမှုတားဆီးကာကွယ်ရေး၊ အလုပ်လုပ်နိုင်သောစွမ်းရည် အလိုက် လုပ်ခလစာနှင့် အကျိုးခံစားခွင့်များ တည်ဆဲဥပဒေနှင့်အညီရရှိရေး၊ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားခွင့်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ လုပ်ငန်းခွင်တွင် လွယ်ကူစွာ ဝင်ထွက်သွားလာလုပ်ကိုင်နိုင်ရေး၊ သင့်လျော်သော နေရာထိုင်ခင်း သို့မဟုတ် အစီအစဉ်များ ဆောင်ရွက်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မူဝါဒနှင့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) အောက်ပါအခွန်အခကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် တည်ဆဲအခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်-

(၁) မသန်စွမ်းသူများအတွက် ပြည်ပမှလျှပ်စီးနန်းထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်များ ရရှိစေရန်၊

(၂) စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ မသန်စွမ်းသူများ အသုံးပြုရန် ပြည်ပမှတင်သွင်းသော အထောက်အကူပြုပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်ကြားရေးပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ဆေးကုသရေးပစ္စည်းကိရိယာများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်သွင်းခွင့်၊ အခွန်အခကင်းလွတ်ခွင့်များရရှိစေရန်၊

(၃) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များမှ မသန်စွမ်းသူများအသုံးပြုရန် ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ အပေါ် အခွန်အခကင်းလွတ်ခွင့်ရရှိစေရန်၊

(၄) မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံကျန္ဆန်းထားအရေအတွက်ထက်ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူ ဦးရေအလိုက် အခွန်လျော့ပေါ့ခွင့်ရရှိစေရန်၊

(၅) မသန်စွမ်းသူများကိုယ်တိုင် တည်ထောင်ထားသည့် စီးပွားရေးလုပ်ငန်းများ၊ ယင်းတို့ ကိုယ်တိုင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ ရရှိစေရန်။

၃၆။ အလုပ်ရှင်သည် -

(က) မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးနှင့် စပ်လျဉ်း၍ အမျိုးသားကော်မတီက ချမှတ်သောမူဝါဒနှင့် စီမံချက်များကို လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ခ) အလုပ်ခန့်ထားရာတွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သော အလုပ်တွင် အမျိုးသားကော်မတီမှ သတ်မှတ်ပေးသော ဝေပုံကျန္ဆန်းထားအရေအတွက်အတိုင်း ခန့်ထားရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ အလုပ်ခန့်ထားရာတွင် ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများကို ရွေးချယ်ခန့်ထားရမည်။

(ဃ) မသန်စွမ်းသူများအား အလုပ်ခန့်ထားရာတွင် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိမှုအပေါ်မူတည်၍ လူတွေ့စစ်ဆေးခန့်ထားရေး၊ လုပ်ခလစာနှင့် အလုပ်သမားအခွင့်အရေးများ တန်းတူခံစားခွင့်ရှိရေး၊ ရာထူးတိုးမြှင့်ရေး၊ အလုပ်ခွင်တည်မြဲရေး၊ အခမဲ့အသက်မွေးဝမ်းကျောင်းပညာများ လေ့ကျင့်သင်ကြားခွင့် ရရှိရေးအပါအဝင် မသန်စွမ်းသူများနှင့် သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ (ခ)အရ သတ်မှတ်ထားသော ဝေပုံကျန္ဆန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားခြင်းမပြုနိုင်လျှင်ဖြစ်စေ၊ အလုပ်ခန့်ထားရန် အခြေအနေမပေးလျှင် သို့မဟုတ် အခွင့်အလမ်းမရှိလျှင်ဖြစ်စေ မသန်စွမ်းသူများ၏အခွင့်အရေးများ ဆိုင်ရာရန်ပုံငွေသို့ သတ်မှတ်ထားသော ငွေပမာဏကို ဝေပုံကျန္ဆန်းထားအရေအတွက်အတိုင်း ပေးသွင်းရမည်။

(စ) ပုဒ်မခွဲ (ခ) အရ အလုပ်ခန့်အပ်ထားသော မသန်စွမ်းအလုပ်သမား သို့မဟုတ် ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ အလုပ်ခန့်ထားရန်ရှိသော လစ်လပ်သည့် အလုပ်အကိုင်စာရင်းကိုလည်းကောင်း ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရမည်။

အခန်း (၁၁)

မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း

၃၇။ မသန်စွမ်းသူများသည် ဤဥပဒေပါ အခွင့်အရေးများကိုရရှိခံစားနိုင် ရန်အတွက် ၎င်းတို့၏ ဆန္ဒအလျောက် မသန်စွမ်းသူဖြစ်ကြောင်း အသိအမှတ်ပြုရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်သည်။

၃၈။ ဝန်ကြီးဌာနသည် -

(က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို မှတ်ပုံတင်အရာရှိချုပ်အဖြစ် တာဝန်ပေးရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် လူမှုယန်ထမ်းအရာရှိများကို မှတ်ပုံတင်အရာရှိများအဖြစ် တာဝန်ပေးရမည်။

၃၉။ မှတ်ပုံတင်အရာရှိချုပ်သည် အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) မသန်စွမ်းသူများအားလုံး ၎င်းတို့၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် စာရင်းဇယားများပြုစုခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန် အပြည်ပြည်ဆိုင်ရာက လက်ခံထားသည့် စံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ဆေးစစ်ဆေးခြင်းတို့ကို လွယ်ကူအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုအဆင့် စိစစ် သတ်မှတ်သည့်အဖွဲ့ထံတွင် ဆေးစစ်ဆေးမှုခံယူရန် ဆောင်ရွက်ပေးခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် ဆေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းတို့ကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးရမည်။

၄၀။ မသန်စွမ်းသူများသည် မိမိဆန္ဒအလျောက် မသန်စွမ်းသူအဖြစ် မှတ်ပုံတင်နိုင်ရန် သို့မဟုတ် မှတ်ပုံတင်ထားသည့် မသန်စွမ်းသူက မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ရန်အတွက် မှတ်ပုံတင်ကြီးကြပ်ရေးမှူးထံသို့ ကိုယ်တိုင်ဖြစ်စေ၊ မိဘအုပ်ထိန်းသူ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ မှတ်ပုံတင်ကြီးကြပ်ရေးမှူးသည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး မသန်စွမ်းမှုနှင့် စပ်လျဉ်း၍ ဆေးထောက်ခံချက် လက်မှတ်ထုတ်ပေးမည့် မသန် စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့ထံတွင် ဆေးစစ်နိုင်ရန် ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့်အဖွဲ့က ထုတ်ပေးသော ဆေးထောက်ခံချက်လက်မှတ်နှင့်အတူ လျှောက်ထားချက်ကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသို့ တင်ပြရမည်။

၄၂။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ တင်ပြလျှောက်ထားချက်ကိုစိစစ်ပြီး သဘောထား မှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်ထားသည့် မသန်စွမ်းသူက မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားလာသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ အတည်ပြုချက်ရယူ၍ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ မှတ်တမ်းတင်ရန် စာရင်းပေးပို့ရမည်။

(ဂ) မသန်စွမ်းသူ၏ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှု အင်္ဂါရပ်များနှင့် အကျိုးမဝင်ခြင်းတွေ့ရှိသည့်အခါ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့၏ မှတ်ချက်တို့နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသို့ တင်ပြရမည်။

၄၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည်-

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ တင်ပြသော လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) အရ မသန်စွမ်းသူအဖြစ် မှတ်ပုံတင်ခွင့်ပြုပါက လျှောက် ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ဂ) အရ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှု အင်္ဂါရပ်များနှင့် အကျိုးမဝင်တော့ကြောင်း တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဃ) မသန်စွမ်းသူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသော မသန်စွမ်းမှုအင်္ဂါရပ်များနှင့် အကျိုးမဝင်ခြင်းတို့အတွက် စာရင်းများအား မှတ်တမ်းတင်နိုင်ရန် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်အရာရှိချုပ်ထံသို့ တင်ပြစေရမည်။

အခန်း (၁၂)

မသန်စွမ်းသူများ အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၄၄။ မသန်စွမ်းသူများအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်သော အဖွဲ့အစည်းများသည် ဤဥပဒေပါအခွင့်အရေးများ၊ လိုအပ်သောနည်းပညာများ၊ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှု များရရှိရေးအတွက် ၎င်းတို့၏ ဆန္ဒအလျောက် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် လျှောက်ထားနိုင်သည်။

၄၅။ မသန်စွမ်းသူအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းသူများ အသင်းအဖွဲ့များမှ အဖွဲ့ဝင်မဟုတ်သည့် မသန်စွမ်းသူကိုယ်စားလှယ်များဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ကိုဖွဲ့စည်းပြီး အမျိုးသားကော်မတီနှင့်ညှိနှိုင်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ရမည်။

၄၆။ မှတ်ပုံတင်အရာရှိချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မသန်စွမ်းသူအသင်းအဖွဲ့များကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

၄၇။ မသန်စွမ်းမှုအမျိုးအစားအလိုက်ဖြစ်စေ၊ မသန်စွမ်းမှုအမျိုးအစားများ စုပေါင်း၍ဖြစ်စေ သက်ဆိုင်ရာ မသန်စွမ်းသူများအသင်းအဖွဲ့တစ်ခုခုကို မှတ်ပုံတင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မသန်စွမ်းသူအသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၈။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၄၇ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် အမျိုးသားကော်မတီသို့ တင်ပြရမည်။

၄၉။ အမျိုးသားကော်မတီသည် -

(က) ပုဒ်မ ၄၈ အရ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ တင်ပြချက်များကိုစိစစ်ပြီး အသင်းအဖွဲ့၏ မှတ်ပုံတင်ခွင့် သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ မှတ်ပုံတင်ခွင့်ပြုသော မသန်စွမ်းသူများ အသင်းအဖွဲ့ကို သတ်မှတ်ထားသော မှတ်ပုံတင်ခဝေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၅၀။ ဤဥပဒေအာဏာမတည်မီက အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေး ကြီးကြပ်ရေးဗဟိုအဖွဲ့တွင် ဖွဲ့စည်းခဲ့သော မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုသည် အသင်းအဖွဲ့ မှတ်ပုံတင်ရန် ဤဥပဒေအာဏာတည်ပြီးနောက် ရက်ပေါင်း ၁၈၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူများအသင်းမှတစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅၁။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၅၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၅၂။ အမျိုးသားကော်မတီသည် ပုဒ်မ ၅၁ အရ တင်ပြချက်ကိုစိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ပုဒ်မ ၄၉ နှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုသည်-

(က) မှတ်ပုံတင် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မသန်စွမ်းသူများအသင်းမှ တစ်ဆင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်သို့ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ဒဏ်ကြေးပေးသွင်းပြီး မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။ သို့ရာတွင် စေတနာ့ဝန်ထမ်း ပရဟိတအသင်းအဖွဲ့ဖြစ်ပါက သတ်မှတ်ထားသည့် ဒဏ်ကြေးပေးသွင်းရန်မလို။

၅၄။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် ပုဒ်မ ၅၃ အရ လျှောက်ထားချက်ကိုစိစစ်၍ သက်တမ်းတိုးမြှင့်ခဝေးသွင်းစေပြီး အမျိုးသားကော်မတီ၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၅။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မသန်စွမ်းသူများ အသင်းအဖွဲ့တစ်ခုခုသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ခြင်း မပြုရ။

စာမျက်နှာ (ဃ) သို့

စာမျက်နှာ (၇) မှ

(ခ) အမျိုးသားကော်မတီက ချမှတ်သော မူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်မှုမရှိစေရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၅၆။ အမျိုးသားကော်မတီသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော မသန်စွမ်းသူများအသင်းအဖွဲ့ တစ်ခုခုက ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုအသင်းအဖွဲ့ကို အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) သက်ဆိုင်ရာ မသန်စွမ်းသူ အသင်းအဖွဲ့တစ်ခုခု၏ မှတ်ပုံတင်လက်မှတ်ကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသောကာလအထိ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) သက်ဆိုင်ရာမသန်စွမ်းသူ အသင်းအဖွဲ့တစ်ခုခု၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

အခန်း (၁၃)

ပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ခြင်း

၅၇။ ပုဂ္ဂလိကပညာသင်အထူးကျောင်းကို ဖြစ်စေ၊ ပုဂ္ဂလိက အသက်မွေးမှုအထူးသင်တန်းကျောင်းကိုဖြစ်စေ၊ ပုဂ္ဂလိကပြန်လည်ထူထောင်ရေးဌာနကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်နေသူ သို့မဟုတ် တည်ထောင်ဖွင့်လှစ်လိုသူသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားရမည်။

၅၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် ပုဒ်မ ၅၇ အရ ခွင့်ပြုမိန့် လျှောက်ထားချက်ကိုစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၅၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၅၈ အရ လျှောက်ထားချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တည်ထောင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရတည်ထောင်ခွင့်ပြုပါက ပိုင်ရှင်အားသတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်သက်တမ်းတို့ကို သတ်မှတ်၍ ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

၆၀။ ပိုင်ရှင်တစ်ဦးဦးသည် ပုဂ္ဂလိက အသက်မွေးမှုအထူးသင်တန်းကျောင်း၊ ပုဂ္ဂလိကပညာသင် အထူးကျောင်းနှင့်ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆၁။ ဦးစီးဌာနသည် ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၆၂။ ပုဒ်မ ၆၀ အရ ခွင့်ပြုပါက သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးရမည်။

၆၃။ ပိုင်ရှင်တစ်ဦးဦးသည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ခြင်းမပြုရ။

(ခ) အမျိုးသားကော်မတီက ချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်မှုမရှိစေရ။

(ဂ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်ပါတာဝန်နှင့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၆၄။ ဦးစီးဌာနသည် ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိသူ ပိုင်ရှင်က ပုဒ်မ ၆၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုပိုင်ရှင်ကို အောက်ဖော်ပြပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

အခန်း (၁၄)

အယူခံခြင်း

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ပုဒ်မ ၄၃ အရ မသန်စွမ်းသူများအား မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း သို့မဟုတ် မသန်စွမ်းမှုအဆင့် ပြင်ဆင်သတ်မှတ်ပေးရန် လျှောက်ထားခြင်း သို့မဟုတ် သတ်မှတ်ထားသော မသန်စွမ်းမှုအဂီါရပ်နှင့် အကျိုးမဝင်တော့သဖြင့် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်အရာရှိချုပ်ထံသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထားလာသည့် အယူခံအမှုကိုစိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီကချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၇။ အောက်ပါတို့နှင့်စပ်လျဉ်း၍ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အမျိုးသားကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည် -

(က) မှတ်ပုံတင်အရာရှိချုပ်က ပုဒ်မ ၆၆ အရ အယူခံမှုတွင် ချမှတ်သည့် ဆုံးဖြတ်ချက်၊

(ခ) ဦးစီးဌာနက ပုဂ္ဂလိကပညာသင် အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနတစ်ခုခုကို တည်ထောင်ဖွင့်လှစ်လိုသူအား ခွင့်ပြုမိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၅၉၊ ပုဒ်မခွဲ (က)အရ ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၆၀ အရ ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ် ခြင်းပြုသည့် ဆုံးဖြတ်ချက်၊

(ဂ) ဦးစီးဌာနက ပိုင်ရှင်တစ်ဦးဦးအား ပုဒ်မ ၆၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်။

၆၈။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၇ အရ အယူခံမှုကို စိစစ်ပြီး မှတ်ပုံတင်အရာရှိချုပ်ကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

အခန်း (၁၅)

ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၉။ အမျိုးသားကော်မတီသည် ဤဥပဒေပါလုပ်ငန်းများကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေကို အောက်ပါရင်းမြစ်များဖြင့် ထူထောင်ထားရှိရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ကူညီပံ့ပိုးငွေများ၊

(ဂ) မသန်စွမ်းသူများအသင်းအဖွဲ့ မှတ်ပုံတင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများ၊

(ဃ) ပုဂ္ဂလိကပညာသင်အထူးကျောင်းများ၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းများနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများ တည်ထောင်ဖွင့်လှစ်ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းတို့မှရရှိသော အခကြေးငွေများ၊

(င) သတ်မှတ်သော ဝေပုံကျန္ဆုန်းထားအရေအတွက်အတိုင်း ပုဂ္ဂလိက အလုပ်ရှင်က သင့်လျော်သော အလုပ်လုပ်ကိုင်နိုင်သည့် မသန်စွမ်းသူအား အလုပ်ခန့်ထားခြင်းမပြုသည့်အတွက် ထည့်ဝင်ရသောငွေများ၊

(စ) ပုဒ်မ ၅၆ နှင့် ပုဒ်မ ၆၄ တို့ပါ စီမံခန့်ခွဲရေး ဆုံးဖြတ်ချက်အရ ချမှတ်သောဒဏ်ကြေးများ။

၇၀။ အမျိုးသားကော်မတီသည် ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းရမည်။

၇၁။ ပုဒ်မ ၇၀ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အရအသုံးငွေ စာရင်းရှင်းတမ်းများပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည်။

၇၂။ အမျိုးသားကော်မတီသည် ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရမည်။

အခန်း (၁၆)

တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၇၃။ မည်သည့်ပိုင်ရှင်မျှ-

(က) ပုဂ္ဂလိကပညာသင်အထူးကျောင်း၊ ပုဂ္ဂလိကအသက်မွေးမှု အထူးသင်တန်းကျောင်း၊ ပုဂ္ဂလိက ပြန်လည်ထူထောင်ရေးဌာနများအား ဤဥပဒေအရ ခွင့်ပြုမိန့်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ခ) စီမံခန့်ခွဲရေးဆိုင်ရာဆုံးဖြတ်ချက်အရ ခွင့်ပြုမိန့်ကို ကာလ သတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြု သည့်ကာလအတွင်း အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုကို ဖွင့်လှစ်ခြင်းမပြုရ။

၇၄။ မည်သူမျှ-

(က) မသန်စွမ်းသူတစ်ဦးဦးက ကျောင်းဝင်ခွင့်လျှောက်ထားချက်ကို အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုမှ ခိုင်လုံသောအကြောင်းမရှိဘဲ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ။

(ခ) ကျောင်းဝင်ခွင့်ပြုထားသော မသန်စွမ်းသူတစ်ဦးဦးကို ခိုင်လုံသော အကြောင်းမရှိဘဲ အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုက ထုတ်ပယ်ခြင်းမပြုရ။

၇၅။ မည်သည့်အလုပ်ရှင်မျှ-

(က) သင့်လျော်သော အလုပ်ကိုလုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူကို သတ်မှတ်ထားသော ဝေပုံကျန္ဆုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ဤဥပဒေအရ အလုပ်ခန့်ထားသော မသန်စွမ်းသူကိုခိုင်လုံသော အကြောင်းမရှိဘဲ အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း၊ ရာထူးချခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးခြင်းမပြုရ။

၇၆။ မည်သည့်အလုပ်ရှင်မျှ-

(က) ခန့်ထားသောအလုပ်သမားနှင့်ဝန်ထမ်းဦးရေစာရင်းကိုလည်းကောင်း၊ သတ်မှတ်ထားသော ဝေပုံကျန္ဆုန်းထားအရေအတွက် အရ အလုပ်ခန့်ထားရန် ကျန်ရှိသောအလုပ်နေရာအရေအတွက်၊ အလုပ်သမားအရည်အချင်းနှင့် အလုပ်အကိုင်အမျိုးအစားများကိုလည်းကောင်း၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ပေးပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) မသန်စွမ်းသူများနှင့် မသန်စွမ်းသူများကို ကူညီဆောင်ရွက်ပေးသူများအား သတ်မှတ်ထားသော ဝေပုံကျန္ဆုန်းထားအရေအတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို ယင်းတို့ထံမှ တောင်းခံခြင်းမပြုရ။

(ဂ) ဦးစီးဌာနမှ ဤဥပဒေပါမသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးခြင်းကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ငြင်းဆိုခြင်းမပြုရ။

၇၇။ မည်သူမျှ-

(က) မသန်စွမ်းသူများအား မသန်စွမ်းမှုကို အကြောင်းပြု၍ သိလျက်နှင့် တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်းမပြုရ။

(ခ) မသန်စွမ်းသူများအား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်းမပြုရ။

(ဂ) မသန်စွမ်းသူများအား တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွားမရှာရ။

၇၈။ ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရရှိသော မည်သည့်မသန်စွမ်းသူများ အသင်းအဖွဲ့ဝင်မျှ-

(က) အမျိုးသားကော်မတီက ချမှတ်သောမူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ အကောင်အထည်ဖော်ရန် ပျက်ကွက်မှုမရှိစေရ။

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်ပါ တာဝန်နှင့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၉။ မည်သည့်ပိုင်ရှင်မဆို ပုဒ်မ ၇၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သည့်အလုပ်ရှင်မဆို-

(က) ပုဒ်မ ၇၅ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံးကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံးကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၃။ ဤဥပဒေအရ မှတ်ပုံတင်ထားသော မည်သည့်မသန်စွမ်းသူအသင်း အဖွဲ့ဝင်မဆို ပုဒ်မ ၇၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၇)

အထွေထွေ

၈၄။ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့်စောင့်ကြည့်ပြီး ကြီးကြပ်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရန် အလို့ငှာ-

(က) ဝန်ကြီးဌာနသည် ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနအဖြစ် ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လိုအပ်ပါက ဝန်ကြီးဌာနအပြင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများကို ဆက်သွယ်ခြင်းအတွက် ဗဟိုဌာနများအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးနိုင်သည်။

၈၅။ အမျိုးသားကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများနေ့နှင့် မသန်စွမ်းသူများသီတင်းပတ်တို့ကို သတ်မှတ်နိုင်သည်။

၈၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၈၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်သည့် ပြစ်မှုများဖြစ်သည်ဟု မှတ်ယူရမည်။

၈၉။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ပေးဆောင်ရမည့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်ထုတ်ပေးခ၊ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သော ဝန်ဆောင်ခများကိုလည်းကောင်း၊ မှတ်ပုံတင်သက်တမ်းနှင့် ခွင့်ပြုမိန့်သက်တမ်းတို့ကိုလည်းကောင်း သတ်မှတ် ထားရမည်။

၉၀။ ဝန်ကြီးဌာနသည် မသန်စွမ်းသူကို မသန်စွမ်းမှုအမျိုးအစားနှင့်အဆင့်အလိုက် ရန်ပုံငွေမှ သင့်လျော်သောအထောက်အပံ့ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်သည်။

၉၁။ ရန်ပုံငွေအတွက်ဖြစ်စေ၊ မသန်စွမ်းသူနှင့် သက်ဆိုင်သည့် ပရဟိတအဖွဲ့အစည်းများနှင့် မသန်စွမ်းသူအသင်းအဖွဲ့များသို့ဖြစ်စေ၊ လျှဒါန်းထောက်ပံ့သော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့သည် တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရှိသည်။

၉၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၉၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် လိုက်နာဆောင်ရွက်ရမည်။

၉၄။ ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေးအက်ဥပဒေ(၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ

မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။)
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်။

(ခ) **စာရင်းပညာ**ဆိုသည်မှာ ဘဏ္ဍာရေးစာရင်းပညာ၊ စီမံခန့်ခွဲမှုစာရင်းပညာ၊ တန်ဖိုးတွက် စာရင်းပညာနှင့် စာရင်းစစ်ဆေးခြင်း ပညာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စာရင်းပညာကို အခြေခံပြုသည့် လုပ်ငန်းပညာရပ်များလည်း ပါဝင် သည်။

(ဂ) **စာရင်းလုပ်ငန်း** ဆိုသည်မှာ စာရင်းထားသိုခြင်း၊ စာရင်းပြုစုခြင်း၊ ဘဏ္ဍာရေး ရှင်းတမ်းများ ရေးဆွဲပြုစုခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ စစ်ဆေးခြင်း၊ စာရင်းရှင်းတမ်းသို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှု စိစစ်သုံးသပ်ခြင်း၊ ကျသင့်သည့်အခွန် သို့မဟုတ် တန်ဖိုးတွက်ချက်ခြင်း၊ စာရင်းစနစ် တီထွင်ချမှတ်ခြင်း၊ စာရင်းစနစ် စိစစ်ခြင်း၊ စာရင်းပညာ သင်ကြားခြင်း၊ စာရင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်း၊ အခွန်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် စာရင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်** ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှု လုပ်ငန်းနယ်ပယ်များဖြစ်သည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်နှင့် စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(င) **စာရင်းကိုင်အလုပ်သင်** ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းအစီအစဉ်အရ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာ လက်တွေ့သင်ယူနေသူကို ဆိုသည်။

(စ) **စာရင်းကိုင်အလုပ်သင် လုပ်သက်** ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့ သင်ယူရမည့်ကာလကို ဆိုသည်။

(ဆ) **စာမေးပွဲအောင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ဖွင့်လှစ် သည့် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းအသီးသီးတွင် ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ခုလုံး အောင်မြင်ပြီးသူများအား ကောင်စီက ထုတ်ပေးသည့် အောင်လက်မှတ်ကို ဆိုသည်။

(ဇ) **စာရင်းကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော စာရင်းပညာ လက်မှတ်ရရှိသူကို ဆိုသည်။

(စျ) **လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)**ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ပိုင်းလုံး အောင်မြင်ပြီးသူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ ၄၁ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ည) **လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)** ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ပိုင်းလုံး အောင်မြင်သည့်အပြင် သတ်မှတ်သည့် စာရင်းကိုင်အလုပ်သင် လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဖြစ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ ၄၁ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဋ) **စာရင်းပညာရှင်** ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) ရရှိထားသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြု စာရင်းပညာရှင် လက်မှတ်ရရှိထားပြီး ကောင်စီက စိစစ်ခွင့်ပြုထားသောသူကို ဆိုသည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏အမိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကိုဆိုသည်။

(ဍ) **အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း** ဆိုသည်မှာ အများပိုင်သော သို့မဟုတ် အများ၏ အကျိုးစီးပွားနှင့်သက်ဆိုင်သော သို့မဟုတ် ကောင်စီကသတ်မှတ်သော လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါ လုပ်ငန်းများကို ဆိုသည်-

(၁) ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ခြင်း၊

(၂) လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အကျိုးအမြတ်အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့နှင့် စပ်ဆိုင်သည့် စာရင်းဇယား သို့မဟုတ် ထုတ်ပြန်တင်ပြချက် သို့မဟုတ် ကြေညာချက် သို့မဟုတ် ခန့်မှန်းဖော်ပြချက် တစ်ရပ်ရပ်တွင် မိမိစိစစ်ပြီးကြောင်း သို့မဟုတ် ထောက်ခံကြောင်း သို့မဟုတ် မိမိပြုစုပေးကြောင်း လက်မှတ်ရေးထိုးခြင်း၊

(၃) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အရ လုပ်ငန်းအဖွဲ့အစည်းက အစိုးရဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်ကိစ္စတွင် လုပ်ငန်းအဖွဲ့အစည်း၏ကိုယ်စား ပါဝင်ဆောင်ရွက်ပေးခြင်း၊

(၄) ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေး အစီရင်ခံတင်ပြခြင်း။

(ဎ) **ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ် အဖြစ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခရယူသည်ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်း ပြုစုပေးခြင်း၊ စာရင်းရေးဆွဲပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။

(ဏ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်း** ဆိုသည်မှာ အစိုးရဌာန အဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ် စသည်ဖြင့် စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်း** ဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ထ) **အသင်း** ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **နိုင်ငံခြားသားစာရင်းပညာရှင်** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတို့ ချုပ်ဆိုသော စာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်းကောင်း၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ စာရင်းပညာ အဖွဲ့အစည်းများအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအမံများအရသော်လည်းကောင်း မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်စီက စည်းမျဉ်းနှင့် အညီ မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံခြားသား လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သို့မဟုတ် အလားတူ စာရင်းပညာရှင်ကို ဆိုသည်။

(ဓ) **လုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်း စီမံရေးလုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်သည့်လုပ်ငန်း၊ နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လျှုဒါန်းမှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတို့ကို ဆိုသည်။

(န) **လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူ** ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းအတွက် အရင်းအနှီးထည့်ဝင်ထားသူများ သို့မဟုတ် အရင်းအနှီးထည့်ဝင်ထားသူများကိုယ်စား သို့မဟုတ် ပိုင်ရှင် သို့မဟုတ် ပိုင်ရှင် ကိုယ်စား သို့မဟုတ် နိုင်ငံတော်ကိုယ်စား လုပ်ငန်းအဖွဲ့အစည်းကို လက်တွေ့အုပ်ချုပ်စီမံဆောင်ရွက်သူ သို့မဟုတ် ထိုသို့အုပ်ချုပ်စီမံ ဆောင်ရွက်ရသည့် အဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းဖွဲ့စည်းပုံအရ စီမံခန့်ခွဲရေးအဖွဲ့၊ ဒါရိုက်တာအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ ဂေါပကအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ စသည်ဖြင့် အမည်အခေါ် အမျိုးမျိုးရှိသည့် အဖွဲ့များလည်း ပါဝင်သည်။

(ပ) **ဘဏ္ဍာရေးအစီရင်ခံခြင်း** ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူက မိမိစီမံခန့်ခွဲဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာ အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် ငွေရရှိသုံးစွဲမှုအခြေအနေ အချက်အလက်များကို ဘဏ္ဍာရေးရှင်း တမ်းများအဖြစ် ပြုစုလျက် လုပ်ငန်းအဖွဲ့အစည်း၌ အရင်းအနှီး ထည့်ဝင်ထားသူများ၊ အရင်းအနှီးထည့်ဝင်ရန် လေ့လာနေသူများ၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေသူများ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသိရှိပြီး လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ထုတ်ပြန်တင်ပြခြင်းကိုဆိုသည်။

(ဖ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ဖြစ်ပေါ်သည့် ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ)၊ အလုပ်သင်စာရင်းကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများစာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ စာရင်းကို မှတ်ပုံတင်ထိန်းသိမ်းခြင်းနှင့် လိုအပ်သလို ထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်ရန် ကောင်စီက ခန့်အပ်ထားသူကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းပညာကျွမ်းကျင်သူများ တိုးပွားလာစေရန်၊

(ခ) စာရင်းပညာခေတ်မီတိုးတက်ရေးအတွက်ဆောင်ရွက်ရန်၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် စာရင်းလုပ်ငန်းအရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဃ) အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(င) စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုလာစေရန်။

အခန်း(၃)
မြန်မာနိုင်ငံစာရင်းကောင်စီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်	ဥက္ကဋ္ဌ
(ခ) ဒုတိယစာရင်းစစ်ချုပ်	ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) အသင်းဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များ	အဖွဲ့ဝင်
(င) ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ပဟိုဘဏ်	အဖွဲ့ဝင်
(စ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန	အဖွဲ့ဝင်
(ဆ) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန	အဖွဲ့ဝင်
(ဇ) စီးပွားရေးတက္ကသိုလ်များမှ ၅ ဦးထက် မပိုသော ပါမောက္ခချုပ်များ	အဖွဲ့ဝင်
(စျ) အသင်းမှ ကိုယ်စားလှယ် ၉ ဦး	အဖွဲ့ဝင်
(ည) ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်	အဖွဲ့ဝင်
(ဋ) ၅ ဦး ထက်မပိုသော သင့်လျော်သည့် နိုင်ငံသားစာရင်း ပညာရှင်များ	အဖွဲ့ဝင်
(ဌ) ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသန ဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	အတွင်းရေးမှူး
(ဍ) အသင်းအတွင်းရေးမှူး	တွဲဖက်အတွင်းရေးမှူး

၅။ ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ် ဖြစ်သည်။

၆။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၇။ ကောင်စီသည် စာရင်းပညာ မူပါဒပိုင်းဆိုင်ရာကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်တိုင်ကြားခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီနှင့် တစ်နှစ်နှင့်အထက်ကင်းကွာခြင်း၊

(ဃ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်လက်မှတ်ကို ကာလအပိုင်းအခြား သတ်မှတ်၍ ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း။

၉။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၁၀။ ကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၁။ ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပြန်လည်ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကောင်စီဝင်တစ်ဦးဦး လစ်လပ်ပါက ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၄)
အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

၁၂။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ကောင်စီ ဥက္ကဋ္ဌ	ဥက္ကဋ္ဌ
(ခ) ကောင်စီ ဒုတိယဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌ
(ဂ) အသင်းဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌ
(ဃ) အသင်းမှ ကိုယ်စားလှယ်ကောင်စီအဖွဲ့ဝင် ၆ ဦး	အဖွဲ့ဝင်
(င) ကောင်စီအဖွဲ့ဝင် ၅ ဦး	အဖွဲ့ဝင်
(စ) ကောင်စီအတွင်းရေးမှူး	အတွင်းရေးမှူး
(ဆ) ကောင်စီတွဲဖက်အတွင်းရေးမှူး	တွဲဖက်အတွင်းရေးမှူး

၁၃။ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဃ) နှင့် (င)ပါ ကောင်စီအဖွဲ့ဝင် (၁၁) ဦးကို ကောင်စီ၏ ပထမဆုံးအစည်းအဝေးတွင် ရွေးချယ်တာဝန်ပေးရမည်။ ကောင်စီသက်တမ်းအတွင်း အဖွဲ့ဝင်လစ်လပ်မှုများကို အနီးကပ်ဆုံး ကောင်စီ အစည်းအဝေးတွင် အစားထိုးရွေးချယ်တာဝန်ပေးရမည်။

၁၄။ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်းဖြစ်သည်။

၁၅။ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၆။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့် ကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

အခန်း(၅)
ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း၊ ဌာနဆိုင်ရာသင်တန်းများနှင့် အခြားသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အချင်းစစ်စာမေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းနှင့် စာမေးပွဲဆိုင်ရာ စည်းမျဉ်းများ ချမှတ်ခြင်း၊ ဒီပလိုမာနှင့် အောင်လက်မှတ်များပေးအပ်ခြင်း၊

စာမျက်နှာ (စ) သို့

စာမျက်နှာ (၄) မှ

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၊ ဌာနဆိုင်ရာ သင်တန်းများနှင့် အခြားသင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်း၊ ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များ စီစဉ်ခြင်း၊

(ဂ) စာရင်းကိုင်အလုပ်သင် လက်တွေ့သင်ကြားရေး၊ စဉ်ဆက်မပြတ် စာရင်းပညာလေ့လာဆည်းပူးရေးလုပ်ငန်းအစီအစဉ်နှင့် စည်းမျဉ်းများချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စာရင်းကိုင်စံများ၊ စာရင်းစစ်စံများ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာစံများ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေးအစီအစဉ်များ ချမှတ်ပြဋ္ဌာန်းခြင်း၊ ထိုပြဋ္ဌာန်းချက်များကို လက်တွေ့လိုက်နာကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့် သင်တန်းများ စီစဉ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ပြဋ္ဌာန်းချက်အထောက်အကူပြု စာအုပ်စာတမ်းများထုတ်ဝေခြင်း၊

(င) ကောင်စီက ချမှတ်ပြဋ္ဌာန်းထားသည့်စံများ၊ အစီအစဉ်များကို လက်တွေ့လိုက်နာကျင့်သုံးမှု ရှိ မရှိ စောင့်ကြည့်စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ လိုက်နာကျင့်သုံးရန် ပျက်ကွက်မှုအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာစာရင်းပညာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူညီချက်များကို အပြည်ပြည်ဆိုင်ရာစာရင်းပညာအဖွဲ့အစည်းများနှင့်ချုပ်ဆိုခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှ စာရင်းပညာဆိုင်ရာ လက်မှတ်နှင့်ဘွဲ့များကို စိစစ်၍ အသိအမှတ်ပြုခြင်း၊ ယင်းသို့အသိအမှတ်ပြုသည့် လက်မှတ်သို့မဟုတ် ဘွဲ့ရရှိထားသည့် နိုင်ငံသားများအား မှတ်ပုံတင်နိုင်ရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဇ) သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးအား မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားခြင်း၊ ယင်း၏တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီကဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်သတ်မှတ်လွှဲအပ်ပေးခြင်း၊ ယင်းသို့ တာဝန်ယူဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ည) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် ပြည့်စုံရမည့် လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့်လုပ်ငန်းနည်းစနစ်နှင့် အခြားလိုအပ်ချက်များကို စာရင်းလုပ်ငန်း နယ်ပယ်အလိုက်၊ စာရင်းလုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ခြင်း၊

(ဋ) ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရမည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို ကောင်စီဝင်များ၊ သင့်လျော်သည့် စာရင်းပညာရှင်များဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဌ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်မှုများ ထုတ်ပြန်ခြင်း၊ ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များအတွက် လိုအပ်သည့် အချက်အလက်များကို စာရင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ ရယူခြင်း၊

(ဍ) ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းများကို သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့်အညီ အဆင့်မီသင်ကြားမည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ရန် တင်ပြခြင်းကို စိစစ်ခွင့်ပြုခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဎ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီ၏ ကော်မတီဝင်များအား စရိတ်ခရီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုခြင်း၊

(ဏ) အစိုးရဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများ၏ စာရင်းပညာ၊ စာရင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် လိုအပ်ချက်အတွက် အကြံပြုခြင်း၊

(တ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင် ကျင့်ဝတ်သိက္ခာဖောက်ဖျက်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ)၊ စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများကို အရေးယူခြင်း။

အခန်း(၆)

အသင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ အသင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စာရင်းပညာ၊ စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံ၊ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ဂ) စာရင်းပညာ ခေတ်မီတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) စဉ်ဆက်မပြတ် စာရင်းပညာ လေ့လာဆည်းပူးရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက်အကောင်အထည်ဖော်ခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေး အစီအစဉ်နှင့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်း အမျိုးအစားအလိုက် ချမှတ်ပြဋ္ဌာန်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်ထောင်စုနယ်မြေကောင်စီမှ တောင်းခံလာသော စာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊

(ဆ) အသင်း၏စည်းမျဉ်းများ သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့်အညီ ဝင်ငွေ၊ ရငွေ၊ ထောက်ပံ့ငွေများဖြင့် ရန်ပုံငွေထူထောင်ဆောင်ရွက်ခြင်း၊

(ဇ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ စာရင်းပညာရှင်များ၏ နစ်နာချက်သို့မဟုတ် တိုင်ကြားချက်များနှင့် စပ်လျဉ်း၍ ကောင်စီသို့ စိစစ်တင်ပြခြင်း၊

(ဈ) အသင်း၏ဆောင်ရွက်ချက်များကို ကောင်စီအစည်းအဝေးသို့ တင်ပြခြင်း။

၁၉။ အသင်းနှင့်စပ်လျဉ်း၍ ကောင်စီက အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) အသင်းအား ထိုက်သင့်သည့် ထောက်ပံ့မှုများ ခွင့်ပြုခြင်း၊ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ခ) ကောင်စီကဖွဲ့စည်းသည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များတွင် သင့်လျော်သည့် အသင်းဝင်များအား ထည့်သွင်းဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဂ) လုပ်ငန်းတစ်ရပ် သို့မဟုတ် ကိစ္စတစ်ရပ်ကို ကောင်စီကိုယ်စား ဆောင်ရွက်ရန် အသင်းအား တာဝန်လွှဲအပ်ခြင်း။

အခန်း(၇)

ကော်မတီများဖွဲ့စည်းတာဝန်ပေးခြင်း

၂၀။ (က) ကောင်စီသည် အောက်ဖော်ပြပါ ကော်မတီများနှင့် လိုအပ်သော ကော်မတီများကို ကောင်စီဝင်များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်-

(၁) စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ကြီးကြပ်ရေးကော်မတီ၊

(၂) သင်ရိုးညွှန်းတမ်းကော်မတီ၊

(၃) စာစစ်ကော်မတီ၊

(၄) စာရင်းဆိုင်ရာစံများကော်မတီ၊

(၅) စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ၊

(၆) စာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ၊

(၇) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်စိစစ်ရေးကော်မတီ၊

(၈) ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်လက်မှတ်စိစစ်ရေးကော်မတီ။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်းဖြစ်သည်။

၂၁။ (က) ကောင်စီသည် အောက်ဖော်ပြပါ အဖွဲ့နှင့်ကော်မတီကို ကောင်စီဝင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(၂) စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် အဖွဲ့နှင့် ကော်မတီတို့၏ တာဝန်နှင့် သက်တမ်းသည် ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၂၂။ ကောင်စီသည် ကော်မတီနှင့် အဖွဲ့အသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အတွက် တာဝန်သတ်မှတ်ချက်များကို ပြင်ဆင်နိုင်သည်။ လုပ်ငန်းသဘာဝအရ လိုအပ်ပါက ဆပ်ကော်မတီများဖွဲ့စည်းနိုင်သည်။ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

အခန်း(၈)

ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းများ

၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းများကို ကောင်စီက ဖွင့်လှစ်သည့်သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၂၉ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။

၂၄။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲအောင်မြင်သူများကို ဒီပလိုမာစာရင်းကိုင်အောင်လက်မှတ် အပ်နှင်းရမည်။

၂၅။ ကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်) လက်မှတ်အပ်နှင်းရမည်။

၂၆။ ကောင်စီသည်-

(က) စာရင်းကိုင်သင်တန်းများ တက်ရောက်ခွင့်အတွက် သင်တန်းဝင်ခွင့် အရည်အချင်းကန့်သတ်ခြင်းနှင့် စိစစ်ခြင်း၊ သင်တန်းဝင်ခွင့် စာမေးပွဲကျင်းပခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ခ) သင်တန်းဝင်ခွင့် လျှောက်ထားစဉ်က မမှန်မကန်သည့်အချက်များဖြင့် လျှောက်ထားခဲ့ကြောင်း ပေါ်လွင်ထင်ရှားပါက သင်တန်းဝင်ခွင့် ငြင်းပယ်ခြင်း၊ သင်တန်းမှထုတ်ပယ်ခြင်း၊ အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) မမှန်ကန်သည့် နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုကြောင်း ပေါ်လွင်ထင်ရှားပါက ဖြေဆိုထားသည့် စာမေးပွဲတွင် ကျရှုံးအဖြစ် သတ်မှတ်ခြင်း၊ နောင်စာမေးပွဲ၌ ဖြေဆိုခွင့်ပိတ်ပင်ခြင်း၊ အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း(၉)

ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များမှတ်ပုံတင်ခြင်း

၂၇။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် မှတ်ပုံတင်ရန် လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

၂၈။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် ကောင်စီက အသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်-

(က) အသင်း၏စာရင်းပညာနှင့် စာရင်းပညာလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) စာရင်းပညာရှင်ဆိုင်ရာ ကျင့်ဝတ်သိက္ခာကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) စာရင်းလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ၊ စံများကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

အခန်း(၁၀)

ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

၂၉။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းဖွင့်လှစ် လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၃၀။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေးရေးအတွက် စိစစ်ရေးမူနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း မှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်ရမည်။

၃၁။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် သင်တန်းဆရာများအဖြစ် ဆောင်ရွက်သူများအတွက် ပြည့်စုံရမည့် အရည်အချင်းနှင့် အတွေ့အကြုံလိုအပ်ချက်ကို ကောင်စီက သတ်မှတ်နိုင်သည်။

၃၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း သင်တန်းဆရာများသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၃၃။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း သင်တန်းဆရာများ မှတ်ပုံတင်ခြင်းအတွက် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ကောင်စီက ချမှတ်ရမည်။

၃၄။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

၃၅။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့်စပ်လျဉ်းသည့် ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုမရှိပါက ငြင်းပယ်ခြင်း၊

(ခ) သင်တန်းကျောင်း၏ သင်ကြားပို့ချမှုကို စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ရာတွင် ပြုပြင်ဆောင်ရွက်ရန် သို့မဟုတ် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရလျှင် သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဃ) ထိုသို့ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့် သင်တန်းကျောင်းက ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ သို့မဟုတ် ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်ဖွင့်ခွင့်ပေးပါရန် လျှောက်ထားလာပါက စိစစ်၍ ခွင့်ပြုပေးခြင်း၊

(င) သင်တန်းကျောင်းအလိုက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးနှုန်းများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျော့နှုန်းဖြင့် ခွင့်ပြုခြင်း၊

(စ) သင်တန်းသားမှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျော့နှုန်းဖြင့် ခွင့်ပြုခြင်း။

၃၆။ ကောင်စီသည် စာဖြေဌာနများ သတ်မှတ်ခြင်း၊ စာမေးပွဲကျင်းပခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း(၁၁)

စာရင်းကိုင်အလုပ်သင်လက်တွေ့ဆောင်ရွက်ခြင်း

၃၇။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ သင်ကြားလေ့ကျင့်ခြင်းတွင် စာရင်းလုပ်ငန်း လက်တွေ့လုပ်ကိုင်ရသည့် စာရင်းကိုင်အလုပ်သင် အစီအစဉ်ပါဝင်ရမည်။

၃၈။ ကောင်စီသည် ပြည့်မြောက်ရမည့် စာရင်းကိုင်အလုပ်သင် လုပ်သက်ကို သတ်မှတ်ရမည်။

၃၉။ ကောင်စီသည် စာရင်းကိုင် အလုပ်သင်အစီအစဉ်အတွက် အောက်ဖော်ပြပါ အချက်များကို သတ်မှတ်ထုတ်ပြန်ရမည်-

(က) အလုပ်သင်ကြားပေးနိုင်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များနှင့် အလုပ်သင်ကြားပေးနိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ၊

(ခ) အလုပ်သင်စည်းကမ်းများ၊

(ဂ) အလုပ်သင်စာချုပ်ပုံစံ၊

(ဃ) သင်ကြားရန်လိုအပ်သည့် စာရင်းအလုပ်များ။

၄၀။ ကောင်စီက တာဝန်လွှဲအပ်သည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည် စာရင်းကိုင်အလုပ်သင်ကြားမှုများကို အခါအားလျော်စွာ သွားရောက်စစ်ဆေးနိုင်သည်။

အခန်း(၁၂)

နိုင်ငံခြားစာရင်းပညာတွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုခြင်း

၄၁။ နိုင်ငံအများက အသိအမှတ်ပြုထားသည့် နိုင်ငံခြားစာရင်းပညာတွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်တစ်ခုခုကို ရရှိထားသူ နိုင်ငံသားအား လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီက အသိအမှတ်ပြုနိုင်သည်။ ကောင်စီက အသိအမှတ်ပြုသည့် နိုင်ငံခြားစာရင်းပညာတွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ် အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်။

၄၂။ ကောင်စီသည် နိုင်ငံခြားစာရင်းပညာတွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူ နိုင်ငံသားကို အသိအမှတ်ပြုရေးအတွက် လျှောက်လွှာစိစစ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ လိုအပ်ပါက စာရင်းပညာလက်တွေ့ သင်ယူစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ ကောင်စီသည်-

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် လျှောက်ထားခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိပါက ငြင်းပယ်နိုင်သည်။

(ခ) အသိအမှတ်ပြုပြီးနောက် မမှန်ကန်သည့် အထောက်အထားဖြင့် လျှောက်လွှာတင်ပြခဲ့သည်ဟု တွေ့ရှိရလျှင် အသိအမှတ်ပြုထားခြင်းကို ပယ်ဖျက်သည့်အပြင် ထိုပုဂ္ဂိုလ်အား နာမည်ပျက်စာရင်းသွင်း မှတ်တမ်းတင်ရမည်။

၄၄။ ပုဒ်မ ၄၁ အရ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ်ပြုထားသူသည် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

စာမျက်နှာ (ဆ) သို့

စာမျက်နှာ (စ) မှ

အခန်း(၁၃)

စာရင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း

၄၅။ ကောင်စီသည် အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်း နယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် စာရင်းပညာတွဲ့ သို့မဟုတ် စာရင်း ပညာလက်မှတ်ရ ဝန်ထမ်းခန့်ထားမှုအခြေအနေများကို အစိုးရနှင့် ပုဂ္ဂလိကဌာန အဖွဲ့အစည်း အသီးသီးနှင့် နှစ်စဉ်ညှိနှိုင်းဆောင်ရွက်ရမည်။

၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူများသည် ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် သင်ကြားမှုစာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ သင်ကြားမှုစာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၇။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူများသာ ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၈။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးရန် လျှောက်ထားသူ ပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်း အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့် လုပ်ငန်းနည်းစနစ်နှင့် အခြားလိုအပ်ချက်များကို လုပ်ငန်းအမျိုးအစား အလိုက် ကောင်စီက သတ်မှတ်နိုင်သည်။

၄၉။ ကောင်စီသည် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ၏ လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေးပေးသွင်းစေ၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

၅၀။ ကောင်စီသည် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ကို အမျိုးအစားများ ခွဲခြားသတ်မှတ်နိုင်သည်။ လုပ်ကိုင်ခွင့် လက်မှတ်အမျိုးအစားအလိုက် လိုက်နာရမည့်အချက်များနှင့် ဆောင်ရွက်ခွင့်မရှိသည့် လုပ်ငန်းများကို ကောင်စီက သတ်မှတ်ပေးရမည်။

၅၁။ စာရင်းလုပ်ငန်းလုပ်ကိုင်သူ အမျိုးအစားအလိုက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ဖွဲ့စည်းတည်ထောင်မှုများကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၂။ ကောင်စီသည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကို ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

အခန်း(၁၄)

နိုင်ငံခြားသားစာရင်းပညာရှင်အား စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်း

၅၃။ အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်သည့် နိုင်ငံခြားသားစာရင်းပညာရှင်များသာ မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားခွင့်ရှိသည်-

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတို့ ချုပ်ဆိုသော စာချုပ်အရ ခွင့်ပြုနိုင်ခြင်း၊

(ခ) နိုင်ငံအချင်းချင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများ အပြန်အလှန်အသိအမှတ်ပြုခြင်း သဘောတူညီချက်များအရ ခွင့်ပြုနိုင်ခြင်း။

၅၄။ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသည့် နိုင်ငံခြားသားစာရင်းပညာရှင်သည် အောက်တွင် ဖော်ပြသည့်အချက်များကို ပြည့်စုံခိုင်လုံသည့် အထောက်အထားဖြင့် ကနဦးတင်ပြရမည်-

(က) သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာရင်းပညာရှင်လက်မှတ်နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ရရှိထားသူဖြစ်ခြင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံအမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက ကောင်စီတွင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသား လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီးဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် အဆိုပါနိုင်ငံတွင် ယင်းနိုင်ငံသားများနည်းတူ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိခြင်း။

၅၅။ ကောင်စီသည် ပုဒ်မ ၅၄ အရ တင်ပြချက်များ မှန်ကန်မှု၊ ခိုင်လုံမှုမရှိဟု တွေ့ရှိရလျှင် အဆိုပါ လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

၅၆။ ပုဒ်မ ၅၄ အရ တင်ပြချက်များ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရလျှင် ထိုနိုင်ငံခြားသား စာရင်းပညာရှင်အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ကောင်စီသို့ အောက်ပါအထောက်အထား စာရွက်စာတမ်းများနှင့် တင်ပြလျှောက်ထားစေရမည်-

(က) မြန်မာနိုင်ငံပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ပြုကြောင်း အထောက်အထား စာရွက်စာတမ်းများ၊

(ခ) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ။

(ဂ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းက ထုတ်ပေးသည့် စာရင်းပညာအောင်လက်မှတ်မူရင်း နှင့် မိတ္တူ။

(ဃ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းသို့မဟုတ် သက်ဆိုင်ရာဌာန အဖွဲ့အစည်းကထုတ်ပေးသည့် အဆိုပါနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင် လက်မှတ်မူရင်းနှင့် မိတ္တူ။

(င) ကောင်စီကသတ်မှတ်သည့် အခြားစာရွက်စာတမ်းများ။

၅၇။ ပုဒ်မ ၅၆ အရ တင်ပြချက်များ ပြည့်စုံခိုင်လုံပါက အဆိုပါ နိုင်ငံခြားသားစာရင်းပညာရှင်ကို လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်စိစစ်ဆောင်ရွက်ရမည်။

၅၈။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် အသိအမှတ်ပြုခြင်းခံရသည့် နိုင်ငံခြားသား စာရင်းပညာရှင်သည် သတ်မှတ်သည့် မှတ်ပုံတင်ကြေးပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၉။ ပုဒ်မ ၅၈ အရ မှတ်ပုံတင်ပြီးသည့် နိုင်ငံခြားသား စာရင်းပညာရှင်ကို စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားစေလျက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုရမည်။

၆၀။ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ခွင့်ရရှိသော နိုင်ငံတကာစာရင်းလုပ်ငန်း အဖွဲ့အစည်းများသည် စာရင်းလုပ်ငန်းကို ကောင်စီက သတ်မှတ်သည့် ဖွဲ့စည်းမှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ စာရင်းလုပ်ငန်းကို ထိုဖွဲ့စည်းမှုပုံစံဖြင့် ဆောင်ရွက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၆၁။ ကောင်စီသည် ပုဒ်မ ၆၀ အရ လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုး လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးနိုင်သည်။

အခန်း(၁၅)

ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာသတ်မှတ်ချက်များ

၆၂။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို စာရင်းကာလ သို့မဟုတ် ဘဏ္ဍာရေးနှစ်အလိုက် သင့်တင့်လျောက်ပတ်စွာ သို့မဟုတ် အရှိအရင်းအတိုင်း ပြည့်စုံမှန်ကန်စွာ အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။ ထိုအတွက် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီကချမှတ်ပြဋ္ဌာန်းသည့် စာရင်းကိုင်စံ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ပြုစုထုတ်ပြန်ရန် စီမံဆောင်ရွက်ရမည်။

၆၃။ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုရှိသည့် ဘဏ္ဍာရေးရှင်းတမ်းများဖြင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စေရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးသည် အောက်တွင်ဖော်ပြသည့်အတိုင်း တာဝန်ခံဆောင်ရွက်ရမည်-

(က) စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူများသာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုခု၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းအလိုက် လိုအပ်သည့် စာရင်းရှင်းတမ်းများ ပြုစုရေးဆွဲသူ၊ လက်မှတ်ရေးထိုး အတည်ပြုသူအဖြစ် တာဝန်ခံခြင်း၊

(ခ) လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုတင်ပြသူအဖြစ် တာဝန်ခံခြင်း၊

(ဂ) သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖြစ် ဆောင်ရွက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ) သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြမှုအပေါ် ထင်မြင်ယူဆချက် ထုတ်ဖော်တင်ပြသူအဖြစ် တာဝန်ခံခြင်း။

၆၄။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီကချမှတ်ထားသည့် ဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့်အညီ တင်ပြရေးအတွက် အောက်ဖော်ပြပါ လိုအပ်ချက်များကို လုပ်ငန်းအဖွဲ့အစည်း၏ သဘောသဘာဝ၊ အရွယ်အစား၊ အနေအထားတို့နှင့် ကိုက်ညီဆီလျော်အောင် စီမံဆောင်ရွက်ရမည်-

(က) စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းအတွက် လုံလောက်သည့် စာရင်းကျွမ်းကျင်သူ၊ စာရင်းပညာရှင်အင်အားဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊

(ခ) အဆိုပါ စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း တာဝန်များမှ သီးခြား ကင်းလွတ်သည့် လွတ်လပ်သောဌာနတွင်း စာရင်းစစ်ဆေးခြင်း အစီအမံကို ချမှတ်ဆောင်ရွက်ရန်။

၆၅။ ကောင်စီသည် ပုဒ်မ ၆၂ မှ ပုဒ်မ ၆၄ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူများအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းထံသို့ အကြောင်းကြားရမည်။

အခန်း(၁၆)

စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)များ၊ စာရင်းကိုင်အလုပ်သင်များ၏တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့်ရပိုင်ခွင့်များ

၆၆။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)များသည် အောက်ပါတာဝန်များရှိသည်-

(က) မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် စာရင်းကိုင်စံများ၊ စာရင်းစစ်စံများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) မိမိအား ကောင်စီကပေးအပ်သည့် စာရင်းပညာဆိုင်ရာ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

၆၇။ စာရင်းကိုင်အလုပ်သင်များသည် အောက်ပါတာဝန်များရှိသည်-

(က) ကောင်စီကချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာ စည်းကမ်းများကို လိုက်နာရမည်။

(ခ) စာရင်းကိုင်အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စာရင်းကိုင်အလုပ်သင်ဆိုင်ရာ၊ အလုပ်ခွင်ဆိုင်ရာ စည်းကမ်းများကို လိုက်နာရမည်။

၆၈။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်မီ)များသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့်ကျင့်ဝတ်သိက္ခာများနှင့် မညီသည့် အောက်ပါအပြုအမူများအပြင် ကောင်စီကထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ စာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာနှင့်မညီသည့် အပြုအမူများကို မပြုလုပ်ရ-

(က) မိမိ၏စာရင်းလုပ်ငန်းအတွက် အများသိရှိစေရန် ကြော်ငြာရာတွင် မိမိကိုယ်တိုင် တာဝန်ခံဆောင်ရွက်ပေးနိုင်သည်ထက် သို့မဟုတ် မိမိတွင်ရှိသော အရည်အချင်း သို့မဟုတ် အတွေ့အကြုံထက် ပိုမိုထုတ်ဖော်ခြင်း၊ အခြားစာရင်း လုပ်ငန်းလုပ်ကိုင်သူအား ထိခိုက်နစ်နာစေသည့် အချက်အလက်ဖြင့် မိမိလုပ်ငန်းကို ကြော်ငြာခြင်း၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင် အခြေတည်၍ လုပ်ခင်ငွေတောင်းယူခြင်း၊

(ဂ) ကောင်စီက လိုအပ်၍တောင်းဆိုသည့် စာရင်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြပေးရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာ သိရှိစေသော အကြောင်းအချက်များကို အလုပ်ရှင်၏ ခွင့်ပြုချက်မရဘဲ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မဟုတ်ဘဲ အခြားသူထံထုတ်ဖော်အသိပေးခြင်း၊

(င) မိမိအားပေးအပ်သည့် စာရင်းပညာဆိုင်ရာ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သော သတိပြုခြင်းမရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ (၃) ပါလုပ်ငန်းများကို စာရင်းလုပ်ငန်းလုပ်ကိုင်သူ မဟုတ်သူများနှင့် တွဲဖက်ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုစာရင်းစစ်ရာထူးကို လက်ခံခြင်း သို့မဟုတ် အခြားသူတစ်ဦး ဆောင်ရွက်နေသည့် စာရင်းလုပ်ငန်းကို မိမိအတွက် တောင်းယူခြင်း၊

(ဇ) စာရင်းစစ်များ ခန့်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် သက်ဆိုင်ရာ အခြားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ခန့်ထားမှုကို လက်ခံဆောင်ရွက်ခြင်း၊

(စျ) ကုမ္ပဏီညွှန်းတမ်းတွင်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် အနာဂတ်အမြတ်ငွေကို ခန့်မှန်းတွက်ချက် အတည်ပြုပေးခြင်း သို့မဟုတ် တစ်နှစ်စီအတွက် အရှုံးအမြတ်များကို သီးခြားဖော်ပြခြင်းမပြုဘဲ တစ်နှစ်ထက်ပိုသော နှစ်များအတွက် ပျမ်းမျှအမြတ်ငွေရှင်းတမ်းများကို ပုံနှိပ်ထုတ်ဝေရန် အတည်ပြုပေးခြင်း၊ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ ရေးဆွဲတင်ပြရမည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(ည) လုပ်ငန်းရှင်က ယုံမှတ်အပ်နှံထားသည့် ငွေကြေးများကို ကိုင်တွယ်ခန့်ခွဲရပါက ယင်းငွေကြေးများကို စနစ်တကျ သုံးစွဲခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက် လိုအပ်သော စာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထိန်းသိမ်းရန် ပျက်ကွက်ခြင်း၊

စာမျက်နှာ (၈) သို့

စာမျက်နှာ ဆ မှ

(၄) လုပ်ငန်း၏ အမြတ် သို့မဟုတ် အရှုံးကို မမှန်မကန်ဖော်ပြခြင်း၊ ထိုသို့ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိချက်ကို ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခြင်း။

၆၉။ စာရင်းကိုင်အလုပ်သင်သည် စာရင်းပညာလုပ်ငန်းသင်ယူရာတွင် မိမိထိန်းသိမ်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသော အောက်ပါအပြုအမူတို့ကို မပြုလုပ်ရ -

(က) လက်တွေ့အလုပ်သင်ဆင်းသည့်ကာလအတွင်း သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းက ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်မှုမရှိခြင်း၊

(ခ) လက်တွေ့အလုပ်သင်ဆင်းသည့် ကာလအတွင်း သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာန အဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာန အဖွဲ့အစည်း၏ စာရင်းများ၊ စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုများကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ အလွဲသုံးခြင်း၊ ခွင့်ပြုချက်မရရှိဘဲ မိတ္တူကူးယူခြင်း၊

(ဃ) မိမိလုပ်ကိုင်ခဲ့သော အလုပ်သင်လုပ်ငန်းနှင့် ပတ်သက်သည့် စာရင်းများ၊ သတင်းအချက်အလက်များကို ပြင်ပသို့ ပေါက်ကြားစေခြင်း။

၇၀။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ယင်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သင့်တင့်မျှတသော လုပ်ခကို တောင်းခံပိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

၇၁။ စာရင်းကိုင်အလုပ်သင်သည်-

(က) အလုပ်သင်စာချုပ်ပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

(ခ) ကောင်စီသို့ အကြံပြုခွင့် ရှိသည်။

(ဂ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

အခန်း(၁၇)

စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)များ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း

၇၂။ ကောင်စီသည် ပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၇ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၆၈ နှင့် ပုဒ်မ ၆၉ တို့တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက် ဖျက်သည်ဟု စွပ်စွဲခံရသော စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)များ၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများအား စုံစမ်းစစ်ဆေးရန် ကောင်စီဝင်အနည်းဆုံး ၂ ဦး ပါဝင်သော အဖွဲ့ဝင် ၅ ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၇၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ် အလို့ငှာ ကောင်စီဝင် ၅ ဦးဖြင့်ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီသို့ တင်ပြရမည်။

၇၄။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခုကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။

၇၅။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် တရားရုံးတစ်ခုခုက အကျင့်စာရိတ္တပျက်ပြားရာရောက်သည့် ပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ပုဂ္ဂိုလ်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ပါအရေးယူဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်နိုင်သည်။

၇၆။ (က) စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့် သို့မဟုတ် ပြန်လည်မှတ်ပုံတင်ခွင့် အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင်စေပြီး စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့် သို့မဟုတ် ပြန်လည်မှတ်ပုံတင်ခွင့် ပြုနိုင်သည်။

အခန်း(၁၈)

အယူခံခြင်း

၇၇။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ပုဒ်မ ၇၄ သို့မဟုတ် ပုဒ်မ ၇၅ အရ ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၇၈။ ကောင်စီသည် ပုဒ်မ ၇၇ အရ တင်သွင်းသည့် အယူခံများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-

(က) ပြန်လည် စုံစမ်းစစ်ဆေးခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) အတည်ပြုခြင်း။

၇၉။ ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၁၉)

တားမြစ်ချက်များ

၈၀။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှု အခြေအနေတို့ကို မမှန်မကန်တင်ပြခြင်း၊ ထုတ်ပြန်ကြေညာခြင်း မပြုရ။

၈၁။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် စာရင်းများ၏ သင့်တင့်လျှောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း တာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်သြဇာ သုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၈၂။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပုဒ်မ ၆၈ ပါပြဋ္ဌာန်းချက်အပြင် ကောင်စီက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာနှင့် မညီသည့် အပြုအမူများကိုမပြုလုပ်ရ။

၈၃။ မည်သူမျှ အများနှင့်ဆိုင်သော ကဏ္ဍာစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်မရှိဘဲ အောက်ပါ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ-

(က) အများနှင့်ဆိုင်သော ကဏ္ဍာစာရင်းလုပ်ငန်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများတွင် ဥပဒေအရစစ်ဆေးရမည့် ပြင်ပစာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း။

၈၄။ စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကောင်စီထံ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

၈၅။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မည်သည့်စာရင်းဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့်အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ထောက်ခံလက်မှတ်ရေးထိုးခြင်းမပြုရ။

၈၆။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုဝင်က သော်လည်းကောင်း၊ မိမိ၏ ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ ပြည့်စုံစွာစစ်ဆေးထားခြင်း မရှိသော လက်ကျန်ရှင်းတမ်း၊ အရှုံးအမြတ်စာရင်း သို့မဟုတ် မည်သည့်စာရင်းဇယားကိုမျှ အတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးခွင့်မပြုရ။

၈၇။ မည်သူမျှကောင်စီ၏ ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ကိုယ်ပိုင်သင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၈၈။ မည်သည့်စာရင်းလုပ်ငန်း လုပ်ကိုင်သူမျှ အကျိုးစီးပွား ပါဝင်ပတ်သက်မှု၊ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု၊ ဆန့်ကျင်ဘက်ဖြစ်မှု၊ လွတ်လပ်မှုကို ထိခိုက်စေမှုဖြစ်စေသော လုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်းမပြုရ။

အခန်း(၂၀)

ပြစ်ဒဏ်များ

၈၉။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် ပုဒ်မ ၈၀ သို့မဟုတ် ပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၉၀။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၈၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၉၁။ အည်သူမဆို ပုဒ်မ ၈၃ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၂။ အည်သူမဆို ပုဒ်မ ၈၅ သို့မဟုတ် ပုဒ်မ ၈၆ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၉၃။ အည်သူမဆို ပုဒ်မ ၈၇ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း၀ါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၅။ အည်သူမဆို ပုဒ်မ ၈၈ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

အခန်း(၂၁)

အထွေထွေ

၉၆။ (က) ကောင်စီ၏ကုန်ကျစရိတ်များကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်းမှ ကျခံပြီး ရငွေများကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရသုံးမှန်းခြေငွေစာရင်းသို့ ပေးသွင်းရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းများဆောင်ရွက်ရန် ဝန်ထမ်းအင်အားဖွဲ့စည်းပုံကို ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၉၇။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ စာချုပ် စာတမ်းတစ်ခုခုတွင်သော်လည်းကောင်း၊ အမှတ်အသားတစ်ခုခုတွင်သော်လည်းကောင်း၊ မှတ်ပုံတင်စာရင်းကိုင်ဟု ရည်ညွှန်းထားလျှင် ထိုရည်ညွှန်းချက်သည် ဤဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

၉၈။ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီသည် ဤဥပဒေအရ ကောင်စီ မဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၉၉။ ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသူများသည် လက်မှတ်သက်တမ်းပြည့်သည်အထိ လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်ရှိသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ ဤဥပဒေအရ စာရင်းလုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။

၁၀၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များ၏ အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၁။ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်